www.burmeseclassic.com



www.burmeseclassic.com

# ကိုယ်တိုင်ရေး တစ္ဆေပုံရူ

သတိုးဂတဇ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



## အခန်း (၁)

အန်ကယ် ဦးသီဟက ကားကို တရကြမ်းမောင်းနေရာမှ ဂီယာပြောင်းကာ အရှိန်လျှော့ချလိုက်ရင်း. . .

'ဟော. . .ဟိုရှေ့မှာ မြင်နေရတာ တို့အိမ်ပဲ'

ဟု ကျွန်တော့်ကို လှမ်းပြော၏။ မေမေက သူ့မောင်ဖြစ်သူ အန်ကယ်ဦးသီဟ၏ ပခုံးမှ ကျော်ကြည့်ရင်း. . .

'သီဟရယ် နင့်အိမ်ကလည်း ငါတို့ငယ်ငယ်တုန်းက အတိုင်းပါပဲလား၊ ဘာမှ မပြောင်းလဲဘူး၊ ကြည့်ပါဦး ခြံဝင်းထဲက မြက်ခြေကလည်း ထူလှပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်က အလုပ်များတယ်လေ အစ်မရဲ့၊ ခြံထဲကမြက်တွေကို ခြောက်လနေမှ တစ်ခါလောက်ပဲ ရှင်းဖြစ်တာကိုး'

အန်ကယ်က သူ့အစ်မဖြစ်သူ ကျွန်တော့်မိခင် စိတ်ကျေနပ်အောင် လေသံအေးအေးဖြင့် ရှင်းပြရင်း ကျွန်တော့်ဘက်သို့ လှည့်ကာ . .

'ငါ့တူကြီးကတော့ ဒီနေရာကို ကြိုက်မှာပါ၊ ဟုတ်တယ်မဟုတ်လားဟေ့ ဖိုးကျော်'

ကျွန်တော့်နာမည်မှာ ကျော်ကျော်ဆွေ ဖြစ်သော်လည်း လူအားလုံးနီးပါးက ဖိုးကျော်ဟုသာ ခေါ်ကြသည်။ အခုလည်း မတွေ့ရတာ ကျွန်တော့် တစ်သက်တာနီးပါးမျှပင် ရှိနေပြီဖြစ်သည့် ဦးလေး ကိုယ်တိုင်က ဖိုးကျော်ဟုပင် ခေါ်နေပြန်ပေသည်။

တကယ်တော့ ကျော်ကျော်ဆွေ ဆိုသည့် နာမည်ကို ကွယ်လွန်သွားသော ကျွန်တော့်ဖခင်၏ ဆန္ဒအရ ပေးခဲ့ခြင်းဖြစ်သည်ဟု အမေက ပြောပြ၏။ (ကျွန်တော့်ဖခင်မှာ ကျွန်တော့်ကို မမွေးခင် တစ်လခန့်အလိုကတည်းက ဆုံးပါးသွားခြင်းဖြစ်သည်။)

ကျွန်တော့်ဖခင်က ခေတ်ဟောင်း ရုပ်ရှင်မင်းသားကြီး ကျော်ဆွေကို အလွန်နှစ်ခြိုက်သူ ဖြစ်သောကြောင့် သားယောကျ်ားလေး မွေးလာလျှင် ကျော်ကျော်ဆွေဟု အမည်ပေးရန် အမေ့ကို မကြာခဏ ပြောဖူးသည်ဟု ဆို၏။





အန်ကယ်ဦးသီဟနှင့်ကျွန်တော် မဆုံဖြစ်တော့သည်မှာ ကျွန်တော် ခြောက်နှစ်သားအရွယ်ကတည်းက ဖြစ်သည်။ သို့သော် ကျွန်တော်တို့ သားအမိနှစ်ယောက်ကို ဘူတာရုံတွင် လာကြိုသော အန်ကယ်ဦးသီဟက ကျွန်တော့်ကို မြင်မြင်ချင်း. . .

'ဟား. . . ငါ့တူကြီး ဖိုးကျော်ပါလား'

ဟု ငယ်ငယ်တုန်းက အခေါ်အဝေါ်အတိုင်း၊ လေသံအတိုင်း အားပါးတရ နှုတ်ဆက်လေသည်။ သူ့မှတ်ဉာဏ်တွေ ကောင်းနေဆဲရှိသေးသည်ကား သေချာ၏။

အန်ကယ်ဦးသီဟက သူ့ဂျစ်ကားကို အိမ်တံခါးဝရှေ့တွင် ထိုးရပ်ပြီး ကျွန်တော်တို့ သားအမိနှစ်ယောက်၏ ခရီးဆောင်အိတ်များကို ချနေစဉ် မေမေက ခြံထောင့်ရှိ ကုက္ကိုပင်ကြီးကို လက်ညှိုးထိုးပြပြီး. . .

'အဲဒီအပင်ကြီးဟာ မေမေတို့ ငယ်ငယ်တုန်းက သားရဲ့ဦးလေးနဲ့ မေမေတို့ မောင်နှမနှစ်ယောက် ဒန်းဆင်ပြီးစီးခဲ့ကြတာပေါ့'

သစ်ပင်အိုကြီးဆီသို့ ကျွန်တော် လှမ်းကြည့်လိုက်သည်။ ကျွန်တော်က. . .

'သစ်ပင်ကြီးက ခြောက်ပြီး သေနေပြီလားတောင် မသိဘူး၊ မီးခြဝင်းနဲ့ အိမ်ကိုကြည့်ရတာလည်း အသက်ကင်းမဲ့နေသလိုပဲ၊ ရှိန်မှိုင်း သွေ့ခြောက်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'သားကလည်းကွယ်၊ ဘာကိုမဆို အဆိုးမြင်တဲ့ ရှုထောင့်က ချည်း ကြည့်နေတော့တာပဲ၊ မေမေ့လို ဘယ်နေရာရောက်ရောက် ဒေါင် ကျကျ ပြားကျကျနေနိုင်တဲ့ စိတ်ဓာတ်မျိုး မွေးထားစမ်း'

မေမေက ကျွန်တော့်ကို အပြစ်တင်ချင်သော လေသံဖြင့် ပြော လေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ မေမေကိုယ်တိုင်က နေရာ ဒေသမရွေး သွားရဲလာရဲ လုပ်ကိုင်ရဲသော စိတ်ဓာတ်ရှိသူဖြစ်၏။

ယခု အန်ကယ်ဦးသီဟဆီသို့ ကျွန်တော့်ကို လာပို့ခြင်းမှာလည်း ဒူဘိုင်းနိုင်ငံသို့ လပေါင်းအတော်ကြာကြာ မေမေသွားရောက်အလုပ် လုပ်ကိုင်ရမည် ဖြစ်သောကြောင့်ပင်။ ဒူဘိုင်းနိုင်ငံရှိ ကြယ်ငါးပွင့် ဟို တယ်ကြီးများတွင် အလုပ်လုပ်ကိုင်ရလျှင် လစာအလွန်ကောင်းသည်ဟု ကျွန်တော် ကြားဖူး၏။

မေမေက ဒီအခွင့်အရေးကို လက်လွှတ်ခံချင်ပုံမရ။

သို့သော် ကျွန်တော်ကတော့ ဒီလိုမဟုတ်၊ ပိုက်ဆံရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ သားအမိနှစ်ယောက် အေးအေးချမ်းချမ်းနေချင်သည်။

'မင်းညီမ နန္ဒာရှိရင် ပိုပြီးဟန်ကျမှာ ဖိုးကျော်ရ၊ အခုတော့ ကွာ မင်းညီမက မန္တလေးကိုသွားပြီး စန္ဒရားသင်တန်း တက်နေတယ်၊ ရေ့အပတ်ကျမှ ပြန်လာမယ်တဲ့'

အန်ကယ်ဦးသီဟက အခန်းထဲတွင် အထုပ်အပိုးများကို နေရာ





ချရင်း ပြောလိုက်သည်။ သူ့စကားကြောင့် ကျွန်တော် စိတ်ပျက်သွား မိ၏။

ကျွန်တော့်ညီမဝမ်းကွဲ နန္ဒာသာရှိလျှင် ဒီအိမ်မှာနေရတာ အနည်း ငယ်တော့ အပျင်းပြေဖို့ ကောင်းပေလိမ့်ဦးမည်။

အန်ကယ်ဦးသီဟ၏ သမီးဖြစ်သူ နန္ဒာဆွေသည် နှစ်စဉ်နှစ် တိုင်းလိုလို ကျောင်းပိတ်ရက်များတွင် ကျွန်တော်တို့အိမ်မှာ လာရောက် နေထိုင်လေ့ရှိ၏။ သူမဖခင်၏ စရိုက်နှင့် ဆန့်ကျင်ဘက်ဟုပင် ပြောရ လောက်အောင် အေးအေးဆေးဆေး ဖော်ဖော်ရွေရွေ နေထိုင်တတ်သူ တစ်ယောက် ဖြစ်သည်။

ကျွန်တော်နှင့် နန္ဒာဆွေမှာ သက်တူရွယ်တူ ဖြစ်ရုံမက မွေးနေ့ချင်းပါ တူသည်။ နောက်ပြီး ကျွန်တော်တို့နှစ်ယောက်မှာ အခြား တူညီသော အချက်တွေ အတော်များများရှိ၏။

နန္ဒာဆွေ၏ မိခင်ဖြစ်သူကလည်း သူမ ခြောက်လသမီးအရွယ် ကတည်းက ကွယ်လွန်သွားခဲ့သည်ဟု ပြောသံကြားဖူး၏။ နောက်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံး စန္ဒရားတီး ကျွမ်းကျင်ကြသည်။ အားက စားမှာတော့ နန္ဒာဆွေက ကျွန်တော့်ထက် ပိုထူးချွန်၏။ ပြီးတော့ အ ကြောင်ကြောင်ဟာသများကို နှစ်ခြိုက်ရာတွင်လည်း ကျွန်တော်တို့ နှစ်ယောက်စလုံး တစ်ထပ်တည်းပင် ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို နေရာချပြီးသောအခါ ညှိခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ အခန်းက ရှုပ်ပွပြီး မှိုစော်လိုလို ဘာလိုလို အနံ့တစ်မျိုးပင် ထွက်နေ၏။ ပရိဘောဂများကလည်း ခေတ်မမီတော့သည့် ရှေးဟောင်း ပုံစံများသာ ဖြစ်ကြသည်။

မေမေက အရောင်လွင့်ပျယ်နေပြီဖြစ်သော ကုလားထိုင်ကြီး တစ်လုံးတွင် ဝင်ထိုင်လိုက်ရင်း. . .

'အခုတလော နင်ဘာတွေ လျှောက်လုပ်နေသလဲ သီဟ'

'ဟိုလိုလို ဒီလိုလိုနဲ့ အချိန်ကုန်နေတာပါပဲ အစ်မရယ်'

အန်ကယ်ဦးသီဟက စိတ်မပါတပါဖြင့် ပြန်ဖြေသည်။ ကျွန်တော်သိရသလောက် အန်ကယ်ဦးသီဟက တွေတွေထူးထူး အလုပ်လုပ်သည်ဟူ၍ မရှိပါ။ ရှယ်ယာဝင်ထားသော ကုမ္ပဏီတစ်ခု့မှ အမြတ်အစွန်းများ ဘဏ်မှရသော အတိုးငွေများဖြင့် ချောင်ချောင်လည်လည် နေထိုင်နိုင်သူတစ်ယောက် ဖြစ်သည်။

မေမေက အန်ကယ်ဦးသီဟကို စေ့စေ့စပ်စပ်ကြည့်လိုက်ရင်း. . .

'နင့် နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်မွေးတွေကလည်းဟယ် ညှင်းသိုးသိုးနဲ့၊ ငါတို့ငယ်ငယ်တုန်းက သိုက်သမိုင်း ရုပ်ရှင်ကားဟောင်းတွေမှာ ပါတတ်တဲ့ မှော်ဆရာလိုလို သိုက်ဆရာလိုလို ဖြစ်နေပြီ'

မေမေပြောမှပင် ကျွန်တော်လည်း သတိထားကြည့်မိသည်။ ဟုတ်





တော့လည်း ဟုတ်သည်၊ အန်ကယ်ဦးသီဟကို ပြောက်တိပြောက်ကျား ခေါင်းပေါင်းနှင့် တိုက်ပုံမည်းမည်းကြီးတစ်ထည် ဝတ်ပေးလိုက်ရလျှင် တကယ့်ကို မှော်ဆရာကြီးတစ်ယောက်နှင့် တူနေပေလိမ့်မည်။

ကျွန်တော့်အတွေးတွေ ပျံ့လွင့်နေစဉ်မှာပင် ထူးဆန်းသော အသံတစ်သံက ကျွန်တော့်ဦးခေါင်းထက်ရှိ အထပ်ခိုးပေါ်မှ ဗြုံးကနဲ ထွက်ပေါ်လာသောကြောင့် လန့်ပြီး အော်လိုက်မိ၏။

'ရှူး. . . ရှူး'

'အား. . .'

ကျွန်တော်က ထိုင်နေရာမှ ခုန်ထလိုက်ရင်း. . .

'ဒါ. . . ဒါ. . . ဘာသံကြီးလဲ'

အန်ကယ်ဦးသီဟကလည်း ကျွန်တော် အလန့်တကြား ဖြစ်သွားသည်ကိုပင် သတိမထားမိဟန်ဖြင့်. . .

'ထပ်ခိုးကြမ်းခင်းတွေက မြည်တဲ့အသံပါကွာ၊ အိမ်ကြီးက အိုလှဟောင်းလှပြီ မဟုတ်လား၊ အိမ်အိုကြီးတွေဆိုတာ ဒီလိုပဲ၊ ဟိုနေရာက ချိုးချိုးချွတ်ချွတ် မြည်လိုက်၊ ဒီနေရာက တကျွိကျွိမြည်လိုက်နဲ့ပေါ့'

မေမေကတော့ ထပ်ခိုးဆီကို မော့ကြည့်ရင်း. . .

'သရဲဖြစ်ချင် ဖြစ်နေမှာပေါ့ သီဟရဲ့၊ ငါတို့ငယ်ငယ်တုန်းက ထပ်ခိုးပေါ်တက်ပြီးဆော့ရင် လူကြီးတွေက အဲ့ဒီထပ်ခိုးပေါ်မှာ သရဲ

www.burmeseclassic.com



ရှိတယ်ဆိုပြီး ပြောတာ မှတ်မိတယ် မဟုတ်လား’

မေမေက ရယ်ကာမောကာ ပြောနေသည်ကိုပင် အန်ကယ်ဦးသီဟကတော့ မျက်နှာတည်တည်ကြီးလုပ်ကာ . .

‘အလကားဟာတွေပါ အစ်မရယ်၊ လူကြီးတွေက ကျွန်တော်တို့ မကစားရဲအောင်လို့ သက်သက်ခြောက်တာပါ၊ ကျွန်တော်ကတော့ မယုံပါဘူး’

အန်ကယ်ဦးသီဟ၏ စကားကို နားထောင်ရင်း ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းကို ခါရမ်းမိသည်။

ဒီလိုအိမ်ကြီးမျိုးတွင် နှစ်နှင့်ချီပြီး နေထိုင်ရဦးမည်ကို တွေးကာ ကျွန်တော် စိတ်လေးသွားမိ၏။

ဘာကြောင့်မှန်းတော့ မပြောတတ်။

ကျွန်တော့်စိတ်တွေ လေးနေတာကတော့ သေချာသည်။

●





ညဘက်ရောက်တော့ ကျွန်တော် တော်တော်နှင့် အိပ်မပျော်၊ အိမ်အိုကြီး၏ နေရာအနှံ့က တစ်ချိန်လုံး အသံမျိုးစုံ မြည်နေသောကြောင့် ဖြစ်သည်။

တစ်ချို့အသံတွေက သစ်သားမြည်သံနှင့် မတူ၊ လူတစ်ယောက်၏ လည်ချောင်းထဲမှ ထွက်လာသည့် အသံမျိုး ဖြစ်နေ၏။ ငိုညည်းသံလိုလို၊ လည်ပင်းညှစ်ခံထားရသည့် အသံလိုလို။

နောက်ဆုံးတော့ ကျွန်တော် မေးခနဲ အိပ်ပျော်သွားသည်။

ကျွန်တော်အိပ်ပျော်သွားသည်မှာ မိနစ်အနည်းငယ်သာ ကြာသွားသည်ဟုထင်ရ၏။ ထူးဆန်းသော အသံတစ်ခုကြောင့် ဖြတ်ခနဲ လန့်နိုးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ကို တွန်းရွှေ့သွားသဖြင့် ကြမ်းပြင်နှင့် ပွတ်တိုက်သံလို လို...။

ကျွန်တော်မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်သည်။ မျက်နှာတည့် တည့်ကို ထိုးထားသော မီးလုံးကြီးများ၏ အလင်းရောင်ကြောင့် မျက်စိ ကျိန်းသွားပြီး ပြန်မှိတ်လိုက်ရ၏။

ဟင်...ငါအိပ်ခဲ့တဲ့ အိပ်ယာပေါ်မှာ မဟုတ်ပါလား။

ဘယ်လိုမှ ထင်မှတ်မထားသော အခြေအနေကြောင့် ထိတ်လန့် ခြောက်ခြားသွားသည်။

ကျွန်တော်သည် ခွဲစိတ်ခန်းထဲရှိ ခုတင်တစ်လုံးပေါ်သို့ ရောက် နေခြင်းဖြစ်လေသည်။

ဟင်...ဒုက္ခပါပဲ၊ ဘာတွေဖြစ်ကုန်ပြီလဲ။

ကြောက်စိတ်ကြောင့် ကျွန်တော့်နှလုံးခုန်သံက တဒုန်းဒုန်း မြန် လာ၏။ ထိုစဉ် ကျွန်တော်ခုတင်ဘေးသို့ လူတစ်ယောက် လာရပ်သည် ကို မြင်လိုက်ရ၏။ ခွဲစိတ်ခန်းသုံး မီးမောင်းကြီးက အပေါ်တည့်တည့်မှ ထိုးထားသောကြောင့် ထိုသူ၏ မျက်နှာကိုတော့ မမြင်ရ။

သို့သော် ထိုသူ၏တစ်ကိုယ်လုံးမှာ ခွဲစိတ်ဆရာဝန်တစ်ယောက် ၏ ဝတ်ရုံရှည် ခြုံလွှမ်းထားပြီး မျက်နှာမှာလည်း မျက်နှာဖုံးအဝတ်စ ချည်နှောင်ထားသည်ကို တွေ့လိုက်ရ၏။





ထိုသူ၏ လက်အစုံမှာ ခွဲစိတ်ခန်းသုံး လက်အိတ်နှစ်ဘက်ကို ဝတ်ဆင်ထားသည်။ ပြီးတော့ ထိုလက်တို့က ခုတင်ဘေးရှိ စတီးလင် ခန်းကလေးထဲမှ တစ်စုံတစ်ရာကို ကောက်ယူလိုက်၏။

ထိုအရာက မီးရောင်ထဲတွင် လက်ခနဲ ဖြစ်သွားသည်။

ဘုရား...ဘုရား။

ခွဲစိတ်ခန်းသုံး ဓားပါးပါးလေး တစ်ချောင်းပါလား၊ ကျွန်တော့် မျက်လုံးများက ကြောက်လန့်စိတ်ဖြင့် ပြူးကျယ်သွားသည်။

ငါ့ကို...ငါ့ကို ခွဲစိတ်တော့မှာပါလား။

အထိတ်တလန့်ဖြင့် ထထိုင်ဖို့ ကြိုးစားမိသည်။

ကျွန်တော့်တစ်ကိုယ်လုံး လှုပ်၍မရတော့။

'ကယ်ကြပါဦး ဗျို့'

အော်ဟစ်လိုက်သော်လည်း ကျွန်တော့်လည်ချောင်းထဲမှ အသံက ထွက်မလာ။

'စိတ်အေးအေးထားပါ'

မျက်နှာဖုံးဝတ်ဆင်ထားသူက အသံအက်ကွဲကွဲဖြင့် ပြောလိုက် သည်။ ထိုသူ့အသံက တွန့်ခေါက်ကြေမွနေသော ကက်ဆက်တိတ်ခွေ ကို ဖွင့်သည့်အခါ ထွက်လာတတ်သည့် အသံမျိုး...။

ကျွန်တော် တဆတ်ဆတ်တုန်ယင်ပြီး ကြောက်ရွံ့လာသည်။ ဖြစ် နိုင်လျှင် ဒီခုတင်ပေါ်က ခုန်ချပြီး ပြေးထွက်သွားလိုက်ချင်သည်။ သို့



www.burmeseclassic.com

www.burmeseclassic.com



သော် မည်သည့်ခန္ဓာကိုယ် အစိတ်အပိုင်းကိုမှ လှုပ်ရှား၍မရ။

ဟင့်အင်း. . . ဟင့်အင်း။ ဒါဟာ တကယ်မဟုတ်ဘူး။ ငါ အိပ်မက်မက်နေတာပဲ ဖြစ်မှာ။

တုန်လှုပ်နေသည့်ကြားမှပင် ကျွန်တော်တွေးလိုက်မိသည်။

တကိုယ်လုံးလည်း လှုပ်လို့မရ၊ အသံထွက်အောင်လည်း အော်လို့ မရဘူးဆိုမှတော့ ဒါဟာ အိပ်မက်ပဲ ဖြစ်မှာပေါ့။

ဟုတ်ပါတယ်၊ ဒါဟာ အိပ်မက်ဆိုးတစ်ခုပါ။

ထိုအတွေးကြောင့် စိတ်သက်သာရာ ရသွားတော့မလိုရှိစဉ်မှာပင် မျက်နှာဖုံး ဝတ်ဆင်ထားသူက ခွဲစိတ်ခန်းသုံးဓားကို ကျွန်တော့်မျက်နှာ ဆီသို့ ထိကပ်လိုက်သည်။ ထိုနောက် သူက ကျွန်တော့်နဖူးစပ်မှ စတင် ကာ မျက်နှာပြင် အရေပြား ပတ်ပတ်လည်တလျှောက် ဓားဖြင့် လှီး လိုက်လေတော့သည်။

ထိုသူက ကျွန်တော့်မျက်နှာပြင် အရေပြားကို ပုံစံမပျက် ခွာယူ ဖို့ ကြိုးစားနေခြင်း ဖြစ်သည်။

ဓားသွား စိုက်ဝင်ရွေ့လျားမှုကြောင့် နဖူးစပ်မှ မေးစေ့အထိ ပြင်းပြစွာ နာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

ကျွန်တော် အသံကုန် အော်ဟစ်လိုက်မိတော့သည်။

'အား. . .'

■





## အခန်း (၂)

'အား' ခနဲ အော်ဟစ်လိုက်သံက ဒီတစ်ခါတော့ လည်ချောင်း ထဲမှ လွတ်ခနဲ ကျယ်လောင်စွာ ထွက်သွားလေတော့သည်။

အော်သံ ထွက်ပေါ်လာသည်နှင့်အတူ ရုတ်တရက် ကျွန်တော့် ကိုယ်လက်အင်္ဂါတွေ လှုပ်ရှား၍ ရသွား၏။

ဝုန်းကနဲ ကျွန်တော်ထထိုင်လိုက်ပြီး မောပန်းလွန်းနေသောကြောင့် အသက်ရှူသံက ဟောဟဲလိုက်နေ၏။ ကျွန်တော့်ပါးပြင်ပေါ်တွင် ချွေး တွေက ရေလောင်းချထားသလို ရွဲရွဲစိုနေသည်။

ခုတင်ပတ်ပတ်လည်ကို ကျွန်တော် အမောတကော ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။ မှောင်မိုက်တိတ်ဆိတ်နေသော အိပ်ခန်းထဲတွင်သာ ရှိနေခဲ့ ဖြစ်သည်။

ခွဲစိတ်ခန်းလည်းမဟုတ်၊ မီးမောင်းကြီးလည်း ရှိမနေ၊ ဓားကိုင်ထားသော မျက်နှာဖုံးနှင့်လူကိုလည်း မတွေ့ရပါ။

အန်ကယ်ဦးသီဟအိမ်ရှိ အိပ်ခန်းအတွင်းမှာသာ ဖြစ်လေသည်။

'ဒုန်း. . .ဒုန်း. . .ဒုန်း'

ကျွန်တော့် အိပ်ခန်းတံခါးကို ထုနက်သံကြားရပြီး. . .

'ဟဲ့. . .သား ညကြီးမင်းကြီး ဘာဖြစ်နေတာလဲ၊ သားအော်သံ ကြားလိုက်သလားလို့'

အခန်းအပြင်ဘက်မှ အော်ပြီးမေးလိုက်သော မေမေ့စကားသံကို ကြားရသည်။ ကျွန်တော်က. . .

'ဘာမှမဖြစ်ပါဘူး မေမေ၊ သား အိပ်မက်မက်နေရင်း ယောင်ပြီး အော်လိုက်မိတာပါ'

'အေး. . .အေး. . .ပြီးရော၊ အိပ်ရာအပြောင်းအလဲမို့လို့ ဖြစ်တာနဲ့ တူပါတယ် သားရယ်'

မေမေက ပြောရင်း သူ့အခန်းဘက်ဆီ ပြန်လျှောက်သွားဟန်တူ၏။ စကားသံနှင့် ခြေသံက တဖြည်းဖြည်း ဝေး၍ဝေး၍သွားသည်။

ကျွန်တော်က အိပ်ရာပေါ်သို့ ပြန်လှဲချလိုက်ရင်း အခန်းမျက်နှာ





ကျက်ဆီသို့ ငေးစိုက်ကြည့်နေမိသည်။

ဓာစာက အဖြစ်အပျက်ကို အိပ်မက်မှန်း သိလိုက်ရသည့်တိုင်ကြောက်လန့်စိုးရွံ့စိတ်က တော်တော်နှင့် လွင့်ပျယ်မသွား။

နောက်တကြိမ် ပြန်လည်အိပ်မောကျဖို့ကတော့ အချိန်တွေအများကြီး ယူရလိမ့်ဦးမည်ထင်သည်။

●


www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားထွက်ဖို့ကိစ္စ စီစဉ်ဖို့ ရန်ကုန်သို့ မေမေပြန်သွားပြီး နောက် လေးရက်ခန့်အကြာတွင် အန်ကယ်ဦးသီဟ၏သမီး နန္ဒာခွေ က အိမ်သို့ ပြန်ရောက်လာခဲ့၏။

သူမကိုလည်း အန်ကယ်ဦးသီဟကပင် ဘူတာရုံသို့ ကားဖြင့် သွားကြိုခဲ့ခြင်းဖြစ်သည်။

အိမ်တံခါးဝရှေ့မှာ ကားရပ်လိုက်သည်နှင့် တပြိုင်နက် နန္ဒာက လှားခနဲ ခုန်ဆင်းပြီး. . .

'အမလေး. . . ဖိုးကျော်ရယ် အခုမှပဲ တွေ့ရတော့တယ်၊ အန်တီနွယ်ကော ရန်ကုန်ပြန်သွားပြီလားဟင်၊ နှစ်တိုင်း နှစ်တိုင်း နင်





တို့အိမ်မှာချည်းပဲ ငါလိုက်နေနေရတာ၊ အခုမှတလှည့် နင်က ငါတို့ အိမ်လာနေမယ်ဆိုတော့ ငါဖြင့် ဝမ်းသာလိုက်တာ'

နန္ဒာအရပ်က ကျွန်တော်နှင့် အရွယ်တူညီတည်းပင် သူမက ဂျင်းဘောင်းဘီပွပွနှင့် ခေါင်းစွပ်ပါသော ဆွယ်တာကို ဝတ်ဆင်ထား သည်။ သူမ၏ ဆံပင်ရှည်ရှည်တွေကိုတော့ လည်ဂုတ်အထက်နားမှာ ကပိုကယို စုစည်းချည်နှောင်ထား၏။ သူမ၏ မျက်ခုံးမွေးတွေကတော့ ကျွန်တော့်လိုပင် ထူထူထဲထဲဖြစ်သည်။

သို့သော် သူမ၏ စကားများသည့် အကျင့်ကတော့ ကျွန်တော် နှင့် ဆန့်ကျင်ဘက်ပင် ဖြစ်သည်။ အခုလည်း ကျွန်တော်က သူမ၏ စကားကို တုံ့ပြန်ရန်. . .

'အေး. . . ငါလည်း. . .'

ဟု အစချီလိုက်ရုံသာ ရှိသေးသည်။ သူမကပင်ဆက်၍ သာလိ ကာမလေးတစ်ကောင်လို. . .

'ငါတို့အိမ်နဲ့ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖေဖေက လိုက်ပြပြီး ပြီလား၊ ဖေဖေက လိုက်ပြနိုင်မယ်မထင်ပါဘူးဟာ၊ သူက အမြဲတမ်း သူ့ရှေးဟောင်းပစ္စည်းတွေနဲ့ပဲ အလုပ်ရှုပ်နေတာ၊ ကိစ္စမရှိပါဘူးလေ၊ အခု ငါပြန်ရောက်လာပြီပဲ၊ နင့်ကို ငါပဲလိုက်ပြပါ့မယ်၊ နင်သဘောကျ မှာဟ သိလား'



www.burmeseclassic.com

www.burmeseclassic.com



သူမစကားပြောပုံက အသက်ရှူဖို့အတွက်ပင် တအောင့်တနား ရပ်တန့်ခြင်းမရှိပဲ တတွတ်တွတ်နှင့် နို့ဆီခွက်ထဲ ခဲလုံးထည့်ကာ လှုပ်မွှေသည့် အသံလိုမျိုး ဖြစ်နေ၏။

ညှိခန်းအတွင်းသို့ ဝင်ခဲ့ကြပြီးနောက် သူမ၏ ဖခင်ဖြစ်သူ အန်ကယ်ဦးသီဟက 'အဟမ်း အဟမ်း'ဟု ချောင်းဟန့်လိုက်တော့မှ ပင် နှုတ်ခမ်း၏ တတွတ်တွတ်စကားသံ တိတ်သွားလေတော့သည်။

အန်ကယ်ဦးသီဟက လည်ချောင်းရှင်းလိုက်ရင်း. . .

'ကဲ. . .ဖိုးကျော်ရေ၊ မင်းကို လက်ဆောင်တစ်ခုပေးဖို့ အန်ကယ် စီစဉ်ထားတယ်ကွ၊ ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ၊ ဒီအိမ်မှာ လာနေတဲ့ အထိမ်းအမှတ်ဆိုပါတော့'

ထိုစကားကြောင့် ကျွန်တော် အံ့အားသင့်သွားမိ၏။ အန်ကယ် ဦးသီဟကို အဲသည်လိုလုပ်မည့် လူစားမျိုးမဟုတ်ဟု ကျွန်တော်ထင် ထားမိခဲ့သည်ကိုး။

အန်ကယ်ဦးသီဟက သူ့ဂျာကင်အင်္ကျီထဲသို့နှိုက်ကာ ပြန်ဆွဲ ထုတ်လိုက်ပြီး တစ်စုံတစ်ရာကို ကျွန်တော့်ဆီ လှမ်းပေးလိုက်သော အခါ. . .

အသွား ရှစ်လက်မခန့်ရှိသည့် ရှေးဟောင်း ဓားမြှောင်လေး တစ်လက်။ ဓားအိမ်ဖြင့် စွပ်မထားသောကြောင့် ပြောင်လဲ့လဲ့အရောင်ထွက်နေသော ဓားသွားကို တွေ့မြင်ရသည်။ ငွေ သားဖြင့် ပြုလုပ်ထားသော ဓားမြှောင် လက်ကိုင်ရိုးပေါ်တွင်ကား နေမိဓာတ်တော်ကြီးမှ ဇရဲခန်းကို လက်ရာ မြောက်စွာ ထွင်းထုထား၏။





လက်ကိုင်ရိုးပတ်ပတ်လည်တွင် ထွင်းထုထားသော အရုပ်များကို သေသေချာချာ အနုစိတ်ကြည့်ရင်း ဇရဲထိန်းကြီးမျက်နှာသည် အန်ကယ် ဦးသီဟမျက်နှာနှင့် ခပ်ဆင်ဆင်တူသည်ဟု ကျွန်တော် တွေးမိ၏။

'ဘယ်လိုလဲ ဖိုးကျော်၊ အန်ကယ့်လက်ဆောင်ကို မင်းသဘော ကျရဲ့လား၊ အဲ့ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်လောက်က မီးလောင် ကုန်းအနားက သင်္ချိုင်းအဟောင်းကိုတူးရင်းနဲ့ ဂူပျက်တစ်ခုထဲက ရလာ တာကွ၊ ရှေးဟောင်းပစ္စည်းတစ်ခုအနေနဲ့တော့ တန်ဖိုးရှိတာပေါ့ကွာ'

သင်္ချိုင်းထဲမှရလာသော ပစ္စည်းဟုဆိုလိုက်ခြင်းကြောင့် ကျွန်တော့် ရင်ထဲတွင် ထိတ်ခနဲဖြစ်ကာ လန့်သွားသည်။

တုန်ယင်နေသော လက်ချောင်းများကြားထဲမှ ဓားမြှောင်က အောက်သို့ ပြုတ်ကျသွား၏။

'ဒုတ်. . .'

'အား. . .'

လက်ချောင်းကြားထဲမှ ချော်အထွက်တွင် ဓားသွားက ကျွန်တော့် လက်ညှိုးထိပ်ဖျားကို ရှသွားသည်။ နာကျင်သွားသောကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လန့်ပြီး အော်လိုက်မိ၏။

'ဟာ. . .မိုးကျော်၊ ဘယ်ကိုထိသွားသေးလဲ ပြစမ်း ပြစမ်း'

အန်ကယ်ဦးသီဟက စိုးရိမ်တကြီးဖြင့် ကျွန်တော့်လက်ကို ဆွဲယူကြည့်သည်။

'ဘာမှမဖြစ်ပါဘူး အန်ကယ်၊ နည်းနည်းလေး ရှသွားတာပါ'

ကျွန်တော်က စိတ်မပူအောင် ပြောလိုက်သည်။ အန်ကယ်ဦးသီဟကတော့ သူ့အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါကိုထုတ်ပြီး ကျွန်တော့် လက်ညှိုးမှ သွေးစများကို သုတ်ပစ်လိုက်သည်။

'မပေါ့နဲ့ မိုးကျော်၊ ဓားအဟောင်းကြီးဆိုတော့ သံချေးတွေဘာတွေ ရှိချင်ရှိမှာ၊ ဆေးခန်းကိုသွားပြီး မေးနိုင်ကာကွယ်ဆေး ထိုးလိုက်ဦး'

သူက လက်ကိုင်ပဝါကို အိတ်ထဲပြန်ထည့်ရင်း ပြောလိုက်၏။ နန္ဒာဆွေကတော့ အရက်ပျံနှင့် ဂွမ်းတို့ကို ယူလာပြီး ကျွန်တော့်လက်မှ အနာကို ဆေးကြောသန့်စင်ပေးသည်။

သူမက. . .

'ဘာမှမဖြစ်ပါဘူး ဖေဖေရယ်၊ ဟုတ်တယ်မဟုတ်လား မိုးကျော်ကဲ. . .လာ ငါတို့ မီးဖိုခန်းထဲ သွားရအောင်၊ ဘူတာကအပြန် ဂျပန်စားသောက်ဆိုင်မှာ ရေညှိထမင်းလိပ်တွေ ဖေဖေဝယ်လာတာ တွေ့လိုက်





သေးတယ်၊ နင်နဲ့ငါ သွားစားကြရအောင်'

'အေး. . .ကောင်းသားပဲ'

ထမင်းစားခန်းထဲတွင် ထိုင်မိကြပြီးနောက် နန္ဒာဆွေက အဖြူရောင်ဖော့ဗူးဖြင့် ထည့်ယူလာသော ဂျပန်ရေညှိထမင်းလိပ်များ၊ အသားတင်များကို ပုဂံပြားထဲတွင် ထည့်ပေးရင်း. . .

'စားလေ. . .မိုးကျော်၊ နင်ကြိုက်တယ် မဟုတ်လား'

သူမ ပြောသည့်အတိုင်းပင် ဂျပန်ရေညှိထမင်းလိပ်သည် ကျွန်တော် အလွန်ကြိုက်သော အစားအစာဖြစ်သည်။ ပထမဆုံး ထမင်းလိပ်တစ်တုံးကို နှစ်ကိုက်ထဲသာကိုက်ပြီး အကုန်စားပစ်လိုက်၏။ ထို့နောက် ဆယ်လမွန်ငါး အစိမ်းတစ်ဖတ်ကို အချဉ်နှင့်တို့လိုက်၏။

မီးဖိုချောင်နှင့် ဆက်နေသော ထမင်းစားခန်းက အတော်ပင် ကျယ်ကျယ်ဝန်းဝန်းရှိပြီး အဖြူရောင်နှင့် အနက်ရောင်အကွက် ဖယောင်းပုဆိုးခင်းထား၏။

ပြတင်းပေါက်များတွင်လည်း အစိမ်းနုရောင်လိုက်ကာများ တပ်ဆင်ထားသည်။

ဒီအိမ်မှာ နန္ဒာရှိနေရင် သိပ်တော့ နေရထိုင်ရတာ မဆိုးလှဟု ကျွန်တော်တွေးရင်း နောက်ထပ် ရေညှိထမင်းလိပ်တစ်တုံးကို လှမ်းယူရန် လက်လှမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအနိုက်အတန့်မှာပင် ကျွန်တော်၏ ရင်ညွန့်များဆီမှ ထူးထူးခြားခြား ဆိုးဝါးလှသော ဝေဒနာကို ရုတ်တရက် ခံစားလိုက်ရခြင်း ဖြစ်လေသည်။ တကယ်ပင် ဆိုးဝါးလှသောဝေဒနာ ဖြစ်လေသည်။

ကျွန်တော့် ဝမ်းဗိုက်ထဲမှ အူတွေအသဲတွေ ကလီစာတွေ အားလုံးကို လက်ကြမ်းကြီးတစ်ခုက ဖျစ်ညှစ်ဆွဲထုတ်လိုက်သလို ခံစားလိုက်ရသည်။

ကျွန်တော် ခန္ဓာကိုယ်တစ်ခုလုံး ဖြုံးခနဲ ခြစ်ခြစ်တောက်ကာ မီးဟုန်းဟုန်းလောင်တော့မတတ် ပူလောင်သွားပြီးနောက် ချက်ချင်းပင် နိုက်နိုက်တုန်အောင် အေးစိမ့်သွားပြန်၏။

ကျွန်တော့်လည်ချောင်းထဲကို တစုံတရာက လာရောက်တစ်ဆို့နေသလို ခံစားလိုက်ရသည်။

ကျွန်တော် အသက်ရှူမရတော့။

ထိုစဉ် ဝမ်းဗိုက်ထဲမှဝေဒနာက ပိုမိုဆိုးရွားလာပြန်သည်။ နားထဲမှ လေတွေ တဟူးဟူးထွက်နေ၏။

ကျွန်တော် သတိလစ်ကာနီးဆဲဆဲ ဖြစ်သွားသည်။

ငါ. . . ငါ ဘာဖြစ်သွားတာလဲ၊ ဒုက္ခပါပဲ။

■





## အခန်း (၃)

ထမင်းစား စားပွဲတွင် ထိုင်နေရာမှ ယိမ်းယိုင်ပြီး လဲကျတော့မလို ဖြစ်သွားစဉ် နန္ဒာဆွေ၏ စိုးရိမ်တကြီး အော်ပြောသံကို ကြားလိုက်ရသည်။

'ဖိုးကျော်. . . ဖိုးကျော် နင်ဘာဖြစ်နေတာလဲ'

'ငါ. . . ငါ မရတော့ဘူး၊ ဗိုက်ထဲမှာ'

စကားကိုပင် ဆုံးအောင်မပြောနိုင်တော့ပဲ ဆိုးဆိုးရွားရွား အောင့်လာသော ဝမ်းဗိုက်ကို လက်ဖြင့် ဖိထားလိုက်ရသည်။ ချက်ချင်းလိုလိုပင်. . .

www.burmeseclassic.com

www.burmeseclassic.com



'ဪ . . .'

စားထားသမျှတွေအားလုံး ကျွန်တော့်ပါးစပ်ထဲမှ ပြန်အန်ထွက်လာ၏။ ကြမ်းခင်းပေါ်တွင် ကျွန်တော့်အန်ဖတ်တွေ ပေပွသွားသည်။

'အမလေး . . . ဖေဖေ . . . ဖေဖေ လာပါဦး၊ ဒီမှာ ဖိုးကျော် ဘာဖြစ်မှန်းမသိဘူး'

နန္ဒာဆွေက ထိုင်ခုံမှ အလန့်တကြား ဝုန်းခနဲထရပ်ရင်း အော်ခေါ်လိုက်သံကြောင့် အန်ကယ်ဦးသီဟက ဖြုန်းဖြုန်းဒိုင်းဒိုင်း ပြေးဝင်လာသည်။

'ဘာဖြစ်တာလဲ'

ကျွန်တော်က ရုတ်ချည်းပြန်၍မဖြေနိုင်၊ ကြမ်းပြင်ပေါ်တွင် ပေပွနေသော အန်ဖတ်များကိုသာ ငေးကြည့်နေမိသည်။

အန်ချလိုက်ရသောကြောင့် ဝမ်းဗိုက်ထဲမှ ဝေဒနာက အတော် သက်သာသွား၏။ အသိဉာဏ်ကလည်း တဖြည်းဖြည်း ပြန်လည်ကြည် လင်စ ပြုလာသည်။

အန်ကယ်ဦးသီဟကတော့ ရေပုံးတစ်ပုံးနှင့် အဝတ်စုတ်တို့ကို ယူလာပြီး ကြမ်းပြင်ပေါ်မှ အန်ဖတ်များကို သန့်စင်နေသည်။ ထိုမြင်ကွင်း ကို ကြည့်ရင်း ကျွန်တော် ရှက်လိုက်သည်မှာ ပြောစရာမရှိတော့။

ကျွန်တော့် မျက်နှာတစ်ခုလုံး ထူပူနေပြီး ဖြစ်နိုင်လျှင် စားပွဲ





အောက်သို့ တကိုယ်လုံးတိုးဝင်ကာ ရက်ရှည်လများ ပုန်းအောင်းနေပစ် လိုက်ချင်သည်။

အန်ကယ်ဦးသီဟက . . .

'ဖိုးကျော် . . . နေမကောင်းဘူးလား၊ ဆရာဝန်ခေါ်မှ ဖြစ်မယ် ထင်တယ်'

'နေပါစေ အန်ကယ်၊ ရပါတယ် ကျွန်တော် သက်သာသွားပါ ပြီ'

ကျွန်တော်က ပြောရင်း ပန်းကန်ထဲတွင် ကျန်နေသေးသော ရှေ့ညီထမင်းလိပ်တစ်လုံးကို ဇွန်းဖြင့် ထိုးခွဲကြည့်လိုက်သည်။

ကျွန်တော် ထင်ထားသည့်အတိုင်းပင် ထမင်းများကြား၌ အစာ သွပ်ထားသည့် ဂဏန်းသားဖတ်များကို တွေ့ရသည်။ ထို့ကြောင့် ကျွန်တော်က . . .

'ဂဏန်းကြောင့်ဖြစ်တာ အန်ကယ်ရဲ့၊ ကျွန်တော့်ဗိုက်က ဂဏန်း သားနဲ့ မတည့်ဘူး၊ အလာဂျစ် (Allergic) ဖြစ်တတ်တယ်'

'ဟယ် . . . ဟုတ်သားပဲ၊ ဖိုးကျော်က ဂဏန်းသားနဲ့မှ မတည့် တာ၊ ငါကလည်း ထမင်းထဲမှာ ဘာသားပါသလဲဆိုတာ ဖေဖေ့ကို မေးလိုက်မိဘူး'

နန္ဒာဆွေက အားတုံ့အားနာဖြင့် ပြောသည်။ အန်ကယ်ဦးသီဟ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မျက်နှာမထားတတ်ဟန်ဖြင့်. . .

'ဆောရီးပဲ ဖိုးကျော်ရာ၊ မင်းကို သက်သက်ခေါ်ပြီး ဒုက္ခပေးသလို ဖြစ်နေပြီ၊ စောစောတုန်းက ငါ လက်ဆောင်ပေးတဲ့ ဓားကြောင့် မင်းလက်ရှတယ်၊ အခုလည်း မတည့်တာ ကျွေးမိပြန်ပြီ'

'ဟာ. . .အန်ကယ်ကလည်း မတော်တဆဖြစ်တာပဲဟာ၊ ဟိုဒင်း ကျွန်တော် ပလုပ်ကျင်းပြီး သွားတိုက်လိုက်ချင်လို့'

'ကောင်းသားပဲ၊ ရေချိုးခန်းရှိတဲ့နေရာတော့ နင်သိတယ်မဟုတ်လား၊ အပေါ်ထပ်တက်သွားရင် ဘယ်ဘက်အခြမ်းက ဒုတိယမြောက်အခန်းလေ၊ သွားတိုက်ပြီးရင် မြန်မြန်ပြန်ဆင်းလာခဲ့ဦး၊ နင့်အတွက် ငါ လိမ္မော်ရည်ဖျော်ပေးထားမယ်'

နန္ဒာဆွေ၏စကားကို ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပြီးနောက် အပေါ်ထပ်ရှိ ရေချိုးခန်းဆီသို့ တက်လာခဲ့သည်။

မျက်နှာသစ်၊ သွားတိုက်ပြီးသောအခါ အတော်လေး နေလို့ထိုင်လို့ ကောင်းသွားသလို ခံစားလိုက်ရ၏။ ထို့နောက် ရေချိုးခန်းထဲမှ ကျွန်တော် ပြန်ထွက်လာခဲ့သည်။

ဒီလို နေ့ခင်းကြောင်တောင်ကြီးတွင် ဖြစ်စေကာမူ အိမ်အတွင်းပိုင်းတစ်ခုလုံးသည် မှောင်မိုက်နေ၏။ ကြမ်းခင်းတွေကလည်း နင်းလိုက်တိုင်း တကျွိကျွိမြည်နေသည်။

ကြောင်နှမ်ကောဓိစာအုပ်တိုက်



အန်ကယ်ဦးသီဟအဖို့ ဒီလို အိမ်အကြီးကြီးတွင် ဘာကြောင့်များ နေရပါလိမ့်ဟု ကျွန်တော် စဉ်းစား၍မရ၊ တကယ်ဆို နေထိုင်သူဟူ၍ သူနှင့် သူ့သမီး နန္ဒာဆွေတို့သာ ရှိကြသည် မဟုတ်လား၊ သူတို့ အသုံးမပြုသော အခန်းတွေ အများကြီးရှိလိမ့်မည်ဟု ကျွန်တော် တွက်လိုက်မိ၏။ ဟောဒီပိတ်ထားသော တံခါးချပ်များ၏နောက်တွင် ဘာတွေများ ရှိနေမှာပါလိမ့်။

အမှောင်ထဲတွင် စမ်းတဝါးဝါးဖြင့်ပင် လှေကားရှိရာဆီသို့ ကျွန်တော် မှန်းဆပြီး လျှောက်လာခဲ့သည်။ အိုမင်းဆွေးမြေ့နေသော လှေကားထစ်များကို နင်း၍ ဆင်းလိုက်တိုင်း တကျွိကျွိ မြည်သွားသံကို ကြားရသည်။

ငါ ဆင်းနေတုန်း ဝုန်းခနဲ ပြိုကျမသွားပါစေနှင့်ဟု စိတ်ထဲက ကြိတ်ပြီး ဆုတောင်းရသည်မှာလည်း အကြိမ်ကြိမ်ပင် ဖြစ်သည်။

ကံကောင်းထောက်မစွာဖြင့်ပင် ဘာမှမဖြစ်ပဲ အောက်ထပ်သို့ ချောချောမောမော ရောက်သွားသည်။ သို့သော် ကျွန်တော်တက်လာခဲ့သော ထမင်းစားခန်းမဟုတ်ပဲ စာအုပ်အဟောင်းတွေ စုပုံထားသည့် အခန်းတစ်ခန်းဖြစ်နေသည်။

လှေကားမှားပြီး ဆင်းလာခဲ့မိပြီမှန်း ကျွန်တော် ချက်ချင်းသိလိုက်သည်။ ယခု ကျွန်တော်ရောက်ရှိနေသည့် နေရာမှာ အိမ်ကြီး၏ နောက်

ကြောင်နှမ်ကောဓိစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘက်ခြမ်းဖြစ်၏။

ဒီအခန်း၏ လက်ဝဲဘက်ဘေးတွင် အန်ကယ်ဦးသီဟ၏ စာဖတ်ခန်းရှိသည်။ တစ်ခန်းကျော်မှာကတော့ စနုရားထားသည့်အခန်းဖြစ်၏။ ရှေ့တည့်တည့်ကို လှမ်းကြည့်လိုက်သောအခါ တံခါးတစ်ချပ်ကို မြင်ရသည်။ ထိုတံခါးချပ်ကိုတော့ တခြားတံခါးတွေနှင့် မတူပဲ သစ္စာတစ်မျိုးဖြင့် ပြုလုပ်ထားပြီး တောက်ပသည့်အဖြူရောင်ဆေး သုတ်ထားသည်။

ထိုတံခါးက အနည်းငယ်ခပ်ဟဟ ပွင့်နေသည်။

ဒီအခန်းထဲမှာ ဘာတွေရှိလို့ပါလိမ့်၊ ကျွန်တော်ကတွေးရင်း ဖွင့်ဝင်ကြည့်ဖို့ တံခါးလက်ကိုင်ဘုကို လှမ်းကိုင်လိုက်စဉ်. . .

'ရပ်လိုက်စမ်း၊ အဲဒီအခန်းထဲကိုဝင်ဖို့ နောက်ဘယ်တော့မှ စိတ်မကူးနဲ့'

လှမ်းအော်ပြောလိုက်သော အသံနက်ကြီးကြောင့် ကျွန်တော့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွား၏။

■





## အခန်း (၄)

ကြောက်စိတ်ကြောင့် တကိုယ်လုံး ဆတ်ခနဲတုန်သွား၏။ အသံလာရာဆီသို့ လှည့်ကြည့်လိုက်သောအခါ ကျွန်တော့်ကို ရူးရူးရဲရဲ စိုက်ကြည့်နေသည့် အန်ကယ်ဦးသီဟကို တွေ့လိုက်ရသည်။

'ဆောရီး အန်ကယ် ကျွန်တော်. . . ကျွန်တော်'

တောင်းပန်ရန် စကားစလိုက်သော်လည်း ဘာဆက်ပြောရမှန်းမသိ၊ အန်ကယ်ဦးသီဟက သူ့အခန်းထဲသို့ ကျွန်တော် ခိုးကြောင်ခိုးဝှက်ဖြင့် ဝင်ဖို့ကြိုးစားနေသည်ဟုများ ထင်သွားပြီလား မသိချေ။

သို့သော် အန်ကယ်ဦးသီဟက ခေါင်းတညိတ်ညိတ်လုပ်ရင်း—

'ငါ့တူကြီးဖိုးကျော်က ခုထိ ဒီအိမ်အနေအထားကို ကျွမ်းကျွမ်း

www.burmeseclassic.com



ကျင်ကျင် မသိသေးဘူးထင်တယ်၊ အခုလည်း လမ်းမှားနေပြီထင်ပါရဲ့ ဟုတ်လား’

‘ဟုတ်. . .ဟုတ်ပါတယ် ဦးလေး၊ ဟောဒီအခန်းကို ကျွန်တော် တမင် ဝင်မယ်လို့ မဟုတ်. . .’

‘အေးပါကွ အန်ကယ်သိပါတယ်၊ အခု မင်းရှေ့ အခန်းက အန်ကယ် တစ်သက်လုံး ရှာဖွေစုဆောင်းထားတဲ့ ရှေးဟောင်းပစ္စည်းတွေကို ထားတာလေ၊ ပစ္စည်းအတော်များများက သက်တမ်းအိုလွန်းနေတော့ မင်းတို့လို အကြောင်းမသိတဲ့ လူတစ်ယောက်ယောက်က အမှတ်တမဲ့ ကိုင်လိုက်မိရင်ကို ပဲ့ကြွေသွားနိုင်တာကွ၊ ပြီးတော့ အယူသီးတတ်တဲ့လူတွေအဖို့ တချို့ရှေးဟောင်းပစ္စည်းတွေက ကျိန်စာတိုက်တာတွေဘာတွေ ရှိတယ်၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ မတော်တဆ မင်းမှာ အန္တရာယ်တစ်ခုခုဖြစ်မှာစိုးလို့ အန်ကယ်က တားရတာ၊ နောက်ကို ဘယ်တော့မှမဝင်နဲ့ ကြားလား’

‘ဟုတ်. . .ဟုတ်ကဲ့ပါ. . .အန်ကယ်’

တကယ်တော့ သူ ဘယ်လိုအကြောင်းပြပြ ကျွန်တော် ဆက်နားထောင်ချင်စိတ် မရှိတော့ပါ။ လောလောဆယ်တွင် ကျွန်တော်၏ တစ်ခုတည်းသောဆန္ဒက ဒီနေရာမှ ဝေးရာကို အမြန်ဆုံးထွက်သွားဖို့ပင် ဖြစ်သည်။





အန်ကယ်ဦးသီဟက လက်ဟန်ခြေဟန်ဖြင့်. . .

‘ထမင်းစားခန်းဆီကို သွားချင်ရင် ဟောဟိုဘက်ကို ကွေ့လိုက်’

ကျွန်တော် ခေါင်းညိတ်ပြသည်ကိုပင် သူမကြည့်တော့ပဲ အဖြူရောင် ပြောင်လက်နေသည့် သတ္တုတံခါးကို ဆွဲဖွင့်ကာ အခန်းထဲသို့ ဝင်ပြီး ဒုန်းကနဲ ဆောင့်ပိတ်လိုက်၏။

အခန်းတွင်းမှ တံခါးဂျက်ထိုးသံကိုပင် ကျွန်တော် ကြားလိုက်ရသည်။

ထူးဆန်းတယ်ဟု ကျွန်တော့်စိတ်ထဲတွင် တွေးလိုက်ရင်း ထမင်းစားခန်းဆီသို့ လျှောက်လာခဲ့သည်။

အမှန်တကယ်လည်း ထူးဆန်းနေသည် မဟုတ်ပါလား။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်တနေ့ နေ့လည်ခင်းတွင် နန္ဒာဆွေက ကျွန်တော့်ကို သူမ ထိုင်နေကျ ကဖေးဆိုင်သို့ ခေါ်သွားပြီး သူမ၏ သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးသည်။

နန္ဒာဆွေ၏ သူငယ်ချင်းများအနက် ရှင်နှောင်းဆိုသော မိန်းကလေးကတော့ ခင်မင်စရာအကောင်းဆုံးဟု ကျွန်တော်ထင်သည်။ သူမ၏ ကိုယ်နေဟန်က ခပ်မတ်မတ်ဖြစ်သောကြောင့် ရှည်လျားနက်မှောင်သော ဆံပင်များနှင့် လိုက်ဖက်လှသည်။

ကျွန်တော်ပြောလိုက်သည့် မဖြစ်ညစ်ကျယ် ဟာသများကို သူမတစ်ယောက်တည်းကသာ အလိုက်သိလိုက် ရယ်မောပေးတတ်၏။ ထိုသို့ ရယ်မောလိုက်သည့် အခါတိုင်းတွင်လည်း သူမ၏ ပြုံးကျယ်ဝိုင်း





ထ်သော မျက်ဝန်းနက်နက်များထဲတွင် ရိုးသားမှုနှင့် နူးညံ့မှုတို့ကို တွေ့မြင်ရလေသည်။

နန္ဒာဆွေ၏ အပြောအရမူ သူတို့သူငယ်ချင်းတွေ အားလုံးထဲတွင် ရှင်နှောင်းသည် ကားမောင်းရာတွင် အကျွမ်းကျင်ဆုံးဖြစ်သည်ဟု ဆို၏။

ကော်ဖီသောက်ပြီးသောအခါ ကျွန်တော်တို့ မောင်နှမနှစ်ယောက်တည်း အိမ်ကို ပြန်ခဲ့ကြသည်။ အိမ်သို့ ရောက်သောအခါတွင်မှ မိုးကြိုးစားကြီး ရွာချလာ၏။

ပျင်းပျင်းရှိသည်နှင့် နန္ဒာဆွေ၏ အခန်းထဲတွင် ကျွန်တော်တို့ နှစ်ယောက် ကွန်ပျူတာဂိမ်း ထိုင်ကစားနေရင်း နောက်တော့ T.V ကြည့်ကြရအောင်ဟုဆိုကာ အောက်ထပ်သို့ဆင်းရန် ပြင်ကြ၏။

စင်္ကြံလမ်းအတိုင်း အခန်းတွေရှေ့မှ ဖြတ်လာကြစဉ် ထုံးစံအတိုင်း နံရံတွေ ကြမ်းပြင်တွေက တကျွိကျွိမြည်နေသည်။ မှန်ရိုဝိုးတဝါး အလင်းရောင်ထဲတွင် အရိပ်မဲကြီးတစ်ခုက ကျွန်တော်တို့နောက်မှ အုပ်ဆိုင်းလိုက်ပါနေသည်ကို ခံစားရ၏။

ကျွန်တော်က ပိတ်ထားသော အခန်းတံခါးများကို ကြည့်ရင်း နန္ဒာဆွေကို မေးလိုက်သည်။

'အဲဒီအခန်းတွေထဲမှာ ဘာတွေရှိသလဲ နန္ဒာ'

နန္ဒာဆွေက မဖြေချင့် ဖြေချင်ဖြင့် ပခုံးကို တွန့်လိုက်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'များသောအားဖြင့် အိပ်ခန်းတွေပါပဲဟာ၊ ဒီအိမ်ထဲမှာ အိပ်ခန်းချည်းပဲ ဆယ့်ငါးခန်းလောက် ရှိတယ်၊ ဖေဖေတို့ မနေခင်တုန်းက ဒီအိမ်ဟာ တည်းခိုခန်းဖွင့်ထားတာဆိုပဲ'

'ကြောက်စရာကြီးနော်၊ ငါ ဒီကိုရောက်ခါစက ကိုယ့်အိပ်ခန်းကိုယ် မှတ်မိအောင် မနည်းရှာယူရတယ်၊ ပြီးတော့ ညညဆိုလည်း ကောင်းကောင်းကို အိပ်လို့မရဘူး၊ ဟိုနားက တကျွီကျွီ မြည်လိုက်၊ ဒီနားက ချိုးချိုးချွတ်ချွတ်မြည်လိုက်နဲ့၊ အခန်းအပြင်ဘက်မှာ လူတွေသွားလာနေကြတဲ့အတိုင်းပဲ'

ကျွန်တော့်စကားကြောင့် နန္ဒာဆွေက တအံ့တသြဖြစ်သွားဟန်ဖြင့် မျက်ခုံးကိုပင့်ကာ. . .

'ဟင်. . .နင့်ကို ဖေဖေက ဟိုကိစ္စအကြောင်း ပြောပြမထားဘူးလား'

'ဘာကိစ္စလဲ'

'ဘာကိစ္စလဲ ဆိုတော့. . .'

နန္ဒာက ပြောတော့မလိုလိုလုပ်ပြီးမှ စိတ်ပြောင်းသွားဟန်ဖြင့် တွေဝေကာ စဉ်းစားနေသည်။ ကျွန်တော် စိတ်မရှည်ချင်တော့။

'ပြောစမ်းပါဟာ၊ ဘာအကြောင်းလဲ'

နန္ဒာဆွေက သက်ပြင်းကို လေးလေးတွဲတွဲ ချလိုက်ရင်း. . .





'ဒီအိမ်မှာ မမြင်အပ်တဲ့ ပရလောကသားတွေ ရှိနေကြသေးတယ် ဖိုးကျော်၊ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တွေဟာ ညညဆိုရင် ဒီအိမ်ကြီးအနှံ့ လျှောက်သွားနေကြတော့တာပဲ'

'ဘာ'

'စိုးရိမ်စရာတော့ မရှိပါဘူးဟာ၊ သူတို့က ညလိုမျိုး မှောင်မိုက်တဲ့ အချိန်မှာမှ ထွက်လာနိုင်တာပါ၊ သူတို့က အလင်းရောင်ကို ကြောက်တယ်လေ'

ကျွန်တော့် လည်ဂုတ်နားတဝိုက်တွင် ကြက်သီးတစ်ချက် ဖြန်းခနဲ ထသွား၏။ ကျွန်တော်က. . .

'နောက်မနေစမ်းနဲ့. . .နန္ဒာ'

'ငါ အတည်ပြောနေတာဟ၊ ငါတို့သားအဖနှစ်ယောက်တည်းနေတဲ့အိမ်မှာ ပိုနေတဲ့ အိပ်ခန်းလွတ်တွေထဲ ဘာဖြစ်လို့ မွေ့ရာတွေ ခုတင်တွေ ခေါင်းအုံးတွေ ပြင်ဆင်ထားရတယ်လို့ နင်ထင်သလဲ ဖိုးကျော်'

သူမ၏စကားကြောင့် ကျွန်တော် ဘာပြန်ပြောရမည်မှန်း မသိတော့။

ကျွန်တော် ပါးစပ်အဟောင်းသားဖြင့် နန္ဒာ မျက်နှာကို ငေးစိုက်ကြည့်နေမိသည်။

'နင်ကြောက်နေပြီမဟုတ်လား ဖိုးကျော်'



www.burmeseclassic.com

www.burmeseclassic.com



'မကြောက်ပါဘူးဟာ နင်ပြောမှာသာ ပြောစမ်းပါ'

မကြောက်ပါဘူးဟု နန္ဒာ့ကို ပြန်ပြောလိုက်သော်လည်း ကျွန်တော့် မျက်နှာတစ်ခုလုံးတွင် ချွေးများပြန်လျှက် တစ်ကိုယ်လုံး ကတုန်ကရင် ဖြစ်နေ၏။

နန္ဒာကတော့ ကျွန်တော့်မျက်လုံးတွေကို အသေအချာ စိုက်ကြည့် အကဲခတ်နေရာမှ . . .

'ဟား . . . ဟား . . . ဟား'

ပြုန်းခနဲ အလိုက်သည်းလိုက် ရယ်မောလိုက်သော နန္ဒာကြောင့် ကျွန်တော် ကြောင်သွားမိသည်။ ပြီးမှ အဖြစ်မှန်ကို ချက်ချင်းသဘော ပေါက်သွား၏။

ဒီ နောမ နန္ဒာက ငါ့ကိုကြောက်အောင် တမင်ဇာတ်လမ်းဆင် ပြီး လျှောက်ပြောနေတာပဲ။

ကျွန်တော် တွေးနေစဉ်မှာပင် နန္ဒာ . . .

'ဟား . . . ဟား၊ ငါပြောတာကို တကယ်ယုံပြီး နင်ကြောက်နေတယ်မဟုတ်လား'

'တော်စမ်းပါဟာ'

ကျွန်တော်က စိတ်ဆိုးမာန်ဆိုးဖြင့် ငြင်းလိုက်၏။

နန္ဒာက . . .





'ဒီတစ်ခါ ငါအတည်ပြောပြမယ်'

'အင်း . . . ဆိုစမ်းပါဦး'

'ဖေဖေ့အခန်းထဲကို ငါ တစ်ရက်ဝင်ကြည့်တယ်သိလား'

'ဟင် ဟုတ်လား၊ အဲဒီအခန်းထဲမှာ ဘာတွေတွေ့လဲဟင်'

ကျွန်တော်က ဦးသီဟ၏ စိတ်ဝင်စားစရာကောင်းသော အခန်းကို သိချင်စောဖြင့် နန္ဒာအပြောပင် မဆုံးခင် လှမ်းမေးလိုက်၏။

'ဟိုဟာ . . . ဘာမှမယ်မယ်ရရပစ္စည်းတွေ မဟုတ်ပါဘူး၊ ဖိုလ်ထိုးတဲ့ ဖားဖိုတို့၊ ကမ္ဘာ့ဌာန်းထိုင်တဲ့ အရိုးစုကြီးတို့ တွေ့တာပဲ၊ တစ်ခန်းလုံးလဲ ပေစာ ပုရပိုဒ်တွေ၊ ပင့်ကူမျှင်တွေ၊ ပိုးဟပ်တွေနဲ့ ရှုပ်ပွနေတာပဲဟာ'

'နောက်ပြီး ဘာတွေတွေ့ရသေးလဲဟင် နန္ဒာ'

နန္ဒာက ကြောက်လန့်နေသော ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ရင်း . . .

'နောက်တော့ ဖေဖေ အဲဒီအခန်းဆီကို လျှောက်လာနေသံကြားတာနဲ့ အခန်းထဲမှာရှိတဲ့ မတ်တတ်ဗီရိုကြီးထဲ ကမန်းကတန်း ဝင်ပုန်းနေလိုက်ရတယ်ဟာ။ ငါ့ကိုသာ ဒီအခန်းထဲဝင်နေတာ ဖေဖေသိရင် ငါတော့ မလွယ်ဘူး'

ကျွန်တော်က နန္ဒာအဖြစ်အပျက်များကို မြင်ယောင်ကြည့်နေရင်း သက်ပြင်းတစ်ချက် မသိမသာ ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'နောက်ပြီး နင် အဲ့ဒီဗီရိုထဲက ဘယ်လိုပြန်ထွက်လာလဲ'

'အဲ့ဒီမှာဟာ ဖေဖေက ချိုးချိုးချွတ်ချွတ်နဲ့ အပြင်မှာ ဘာတွေ လုပ်နေမှန်းမသိဘူး အကြာကြီးပဲ၊ ငါလဲ အပေါ့သွားချင်တာနဲ့ မနည်းကို ထိန်းထားရတယ်'

ဦးသီဟက အခုလို ဤအခန်းအတွင်း တကုတ်ကုတ်နှင့် စိတ်ပါလက်ပါလုပ်နေသော အလုပ်ကို ကျွန်တော် အရမ်းသိချင်နေမိ၏။

●





ကျွန်တော်နှင့် နန္ဒာ နှစ်ယောက် အပေါ်ထပ်တွင် T.V ကြည့်နေရာ ကျွန်တော့်လက်အတွင်းမှ REMOTE ဖြင့် TV CHANNEL ကို အမျိုးမျိုးပြောင်းကြည့်နေ၏။ နန္ဒာက စိတ်မရှည်သည့်အသံဖြင့် ကျွန်တော့်ကို လှမ်းအော်လိုက်၏။

'ဟဲ့ ဖိုးကျော်၊ နင်ကလဲ မြဝတီဆို မြဝတီပဲ ကြည့်ဟာ။ MRTV တို့ ဘာတို့ လျှောက်မပြောင်းနဲ့၊ နင့်ကိုကြည့်ရတာ ဂဏှာကိုမငြိမ်ဘူး ငါ့ကို အဲ့ဒီ REMOTE ပေး'

ကျွန်တော်နှင့် နန္ဒာမှာ တကယ့်ကလေးအရွယ်များကဲ့သို့ပင် တစ်ခါတစ်ခါ ဘာမှမဟုတ်သည့်ကိစ္စကို ငြင်းခုန်နေတတ်ကြသည်။

'မပေးဘူးဟာ၊ ငါ ကိုရီးယား သရဲကားကြည့်မလို့ ဖြစ်မှ နင်

www.burmeseclassic.com



တသော မြဝတီမကလို့ ဘာပဲကြည့်ကြည့်'

ကျွန်တော်က နန္ဒာကို REMOTE မပေးဘဲ ကိုရီးယားသရဲကားကို DVD အခွေပုံထဲတွင် လှန်လှောရှာဖွေနေ၏။

'အေး. . .ပြီးရော၊ ဒါဆိုရင် ငါ့ကို အောက်ထပ်က မီးဖိုခန်းထဲမှာ ကြက်ဥပေါင်မုန့်ကြော် သွားယူပေး'

ကျွန်တော်က ကျွန်တော်ကြည့်ချင်သော သရဲကားကို ပေါင်မုန့်ကြက်ဥကြော်နှင့် လဲလိုက်သည်။

လှေကားရှိရာဆီသို့ ခပ်မှန်မှန်လှမ်းရင်း အောက်ထပ်သို့ ဆင်းလာ၏။ ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း အခင်းကြမ်းပြင်များမှာ တကျွီကျွီမြည်လျှက် ရှိသည်။

မီးဖိုခန်းအတွင်း ကြောင်အိမ်ထဲမှ ပေါင်မုန့်ကြက်ဥကြော် ပန်းကန် လှမ်းယူကာ သကြားနှစ်ဇွန်း သုံးဇွန်း ခပ်ထည့်လိုက်၏။

ထိုနောက် ပန်းကန်ကို လက်နှစ်ဘက်ဖြင့် ထိန်းကိုင်ကာ မီးဖိုခန်းအတွင်းမှ လှည့်ထွက်လိုက်သည်။

'မင်းကို ဒါမျိုးမလုပ်ပါနဲ့လို့ ငါ ဘယ်နှစ်ခါပြောရမလဲ'

'ခွမ်း. . .'

ကျွန်တော့်ခြေလှမ်းတွေ တုန့်ခနဲ ဖြစ်သွား၏။ ကြားရသည့်အသံက ကြောက်စရာပင်။





'သနားလို့ နေစရာပေးထားတာ သိပ်မလွန်လာနဲ့ ငါ့အကြောင်း သိတယ်မဟုတ်လား'

စကြံလမ်းညာဘက်ရှိ ဦးသီဟအခန်းအတွင်းမှ အန်ကယ် ဦးသီဟ စိတ်ဆိုးမာန်ဆိုး ပြောဆိုနေသံကို ကြားနေရခြင်း ဖြစ်သည်။

'ဟင်. . .ဘာတွေဖြစ်နေတာလဲ ဒါ ဦးသီဟ အသံပဲ'

ပိတ်ထားသော အခန်းတံခါးဝနားသို့ တစ်လှမ်းချင်း တိုးကပ်သွားပြီး အသာနားစိုက်ထောင်နေလိုက်၏။

စောစောက အခြေအနေတစ်ခုလုံးမှာ ချက်ချင်း ပြန်ငြိမ်သက်တိတ်ဆိတ်သွားသည်။

'တစ်ခုခုတော့ တစ်ခုခုပဲ၊ ငါကြားလိုက်တာ ဦးသီဟအသံ စစ်စစ်ပါ။ သူ. . .သူ. . .ဘယ်သူကို ပြောနေတာပါလိမ့်၊ အခန်းထဲမှာ ဘယ်သူရောက်နေတာလဲ'

■

ကြောင်နှင့်ကောင်းသာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ပေါင်မုန့် ကြက်ဥကြော်ပန်းကန်ကို ကိုင်ပြီး တစ်လှမ်းချင်း လှမ်းကာ တွေးရင်း ကြောက်လာနေမိသည်။ အပေါ်ထပ် အခန်း၀သို့ ရောက်သောအခါ နန္ဒာက. . .

'ကြာလိုက်တာဟာ. . .ဒါလေးသွားယူတာ၊ ဟဲ့. . .ဘာငေါင်နေတာလဲ လာလေ'

နန္ဒာက ကျွန်တော် တွေဝေငေးမောနေသည်ကို စိတ်လက်မရှည်တော့ပဲ လှမ်းအော်လိုက်၏။

'မဟုတ်ဘူးဟ အန်ကယ်ဦးသီဟအခန်းမှာ အသံတွေကြားနေရလို့'





ကျွန်တော့်စကားကြောင့် နန္ဒာက နားမလည်သလို ပြန်ကြည့်ရင်း. . .

'ဘာသံတွေလဲ နင်ကတော့လုပ်ပြီ'

နန္ဒာက ပြောပြောဆိုဆို ကျွန်တော့်လက်ထဲမှ ပေါင်မုန့်ကြက်ဥကြော်ပန်းကန်ကို ဆွဲယူလိုက်ရင်း ပါးစပ်အတွင်းသို့ ပလုပ်ပလောင်း ပစ်ထည့်လိုက်၏။

'အန်ကယ်အခန်းမှာ အန်ကယ်တစ်ယောက်ယောက်နဲ့ အပြန်အလှန် အော်နေသံ ကြားလိုက်ရတယ်၊ ဘယ်သူ့ကို ဒေါသတကြီးနဲ့ အော်နေတာလဲ မသိဘူး'

နန္ဒာမျက်နှာကို လှမ်းကြည့်လိုက်သောအခါ ကျွန်တော်ကဲ့သို့ပင် အံ့သြသွားသည့် မျက်နှာကို လှမ်းတွေ့လိုက်ရ၏။ ပြီးမှ ရုတ်တရက် သူ့အမူအရာ ပြောင်းသွားကာ. . .

'ဟား. . .ဟား. . .ဟား ဗိုးကျော်ရယ်၊ ငါတောင် ကြောင်သွားတယ်၊ နင်ကလည်း အဲ့ဒါ ဖေဖေဖုန်းပြောနေတာ ဖြစ်မှာပေါ့ဟဲ့'

နန္ဒာစကားကြောင့် ပထမတော့ ဟုတ်သလိုလိုဖြစ်သွား၏။ သို့သော် ကျွန်တော် အသေအချာပြန်ပြီး စဉ်းစားကြည့်လိုက်သောအခါ အခန်းအတွင်းမှ အသံများမှာ ဖုန်းပြောနေသည့် လေယူလေသိမ်းမျိုး လုံး၀မဟုတ်ဟု စိတ်ထဲက ထင်နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



'အင်း ဦးသီဟအခန်းကတော့ ထူးတော့ထူးဆန်းနေပြီ'

ကျွန်တော် တစ်ယောက်ထဲ တွေးမိတွေးရာတို့ကို တွေးရင်း စိတ်တွေ ယောက်ယက်ခတ်နေသည်။

●





နောက်တစ်နေ့မနက်သည် ကျွန်တော်နှင့် နန္ဒာတို့ နွေရာသီသင်တန်းတစ်ခုကို စတက်ရမည့်နေ့ပင် ဖြစ်သည်။

အန်ကယ်ဦးသီဟက ကျွန်တော်တို့တက်ရမည့်ကျောင်းကို ကားဖြင့် လိုက်ပို့၏။ ကားပေါ်တွင် ကျွန်တော်က ယခု တက်ရမည့် နွေရာသီသင်တန်းမှ အပေါင်းအသင်းသစ်များအကြောင်းကိုသာ တွေးရင်း လိုက်ပါလာခဲ့သည်။

ကျွန်တော်တို့ တက်ရမည့် သင်တန်းမှာ အိမ်နှင့် သုံးလေးမိုင်ခန့်ဝေးပြီး လမ်းတစ်လျှောက်တွင် ကုန်းတက်ကုန်းဆင်းလမ်းများ အကွေ့အကောက်များ ပေါသော ထင်းရှူးတောတစ်ခုကို ဖြတ်သွားရသည်။ ကျွန်တော်တို့ ကားလေးက ကုန်းမြင့်ပိုင်းသို့ ရောက်သောအခါ ပတ်ဝန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်တစ်ခုလုံးကို အပေါ်စီးမှနေ၍ စိမ်းစိမ်းညို့ညို့ လှမ်းမြင်ရသည်။

'ဟဲ့ ဟိုးမှာလှမ်းမြင်နေရတဲ့ ခေါင်မိုးနီနီတွေက ငါတို့တက်ရမယ့် သင်တန်းကျောင်းပဲ'

နန္ဒာက သူ့ဘေးပြူတင်းပေါက်မှ လက်ညှိုးထိုးရင်း ကျွန်တော့်ကို လှမ်းပြလိုက်သည်။

'နင် ဟိုရောက်ရင် ပျော်မှာပါ၊ နောက်ပြီး ငါတို့နဲ့ အတူတူ ရှင်နောင်းလည်း ကျောင်းလာအပ်တယ်ဟ'

နန္ဒာက ပြောပြောဆိုဆို ကျွန်တော်မျက်နှာကို လှမ်းပြီး အကဲခတ်လိုက်သည်။ နန္ဒာ့သူငယ်ချင်း ရှင်နောင်းမှာ မျက်ဝန်းနက်နက်များဖြင့် ဆွဲဆောင်မှုအပြည့်ရှိသော ကောင်မလေးတစ်ယောက် ဖြစ်သည်ဟုလည်း ကျွန်တော်ဖာသာ ကြိတ်ပြီး သတ်မှတ်ထား၏။

'သြော်...ဟုတ်လား'

ကျွန်တော်က နန္ဒာ့စကားကို ပေါ့ပေါ့ပါးပါး တမင်ပြန်ပြောလိုက်သည်။

ဦးသီဟက ကားကို ညာဘက်လမ်းအတိုင်း ကွေ့ဝင်လိုက်ပြီး အရှိန်ကို အနည်းငယ်လျှော့လိုက်သည်။ ညာဘက်လမ်းဘေးတွင် ကီလို သုံးဆယ်ထက် ပိုမဓောင်းရဆိုသော လမ်းညွှန်ဆိုင်းဘုတ်အဝါကို လှမ်းတွေ့လိုက်ရသည်။





မကြာခင် ကျွန်တော်တို့ တက်ရမည့် သင်တန်းကျောင်းအဝင် ဆိုင်းဘုတ်ကြီးကို လှမ်းတွေ့နေရသည်။

ကျွန်တော်က သင်တန်းကျောင်းအဝင် မုခ်ဦးမှာ ရေးထားသော ဆိုင်းဘုတ်ကို အသံထွက်ဖတ်လိုက်၏။

'ကွန်ပျူတာ၊ ပန်းချီ၊ ဂီတ နွေရာသီအထူးသင်တန်းများ'

ကျောင်းဝင်းအတွင်း ကျွန်တော်တို့အရွယ် လူငယ်များအားလုံး သိုလို ဟိုတစ်စု ဒီတစ်စုနှင့် ဆူဆူညံညံ လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။

'ကဲ လာဖိုးကျော် ငါတို့တက်ရမယ့် အဆောင်နဲ့ အခန်းနံပါတ်တွေ ဟိုမှာကပ်ထားတယ် သွားကြည့်ရအောင်'

နန္ဒာက ကားတံခါးကိုဖွင့်ရင်း ကျွန်တော့်ရှေ့မှာ ဆင်းသွား၏။ ကျွန်တော်ကကျောပိုးအိတ်ကို လက်တစ်ဘက်စီလျှိုပြီးလွယ်ကာ ဦးသီဟ ဆီ လက်ပြနှုတ်ဆက်လိုက်၏။

'ဟေး...နန္ဒာ နင်နဲ့ငါက စန္ဒရားအချိန်မှာ အတူတူဆုံမှာ။ ဖိုးကျော်နဲ့ ငါကတော့ ကွန်ပျူတာအချိန်ရော၊ ပန်းချီရော၊ ဂီတရော အကုန်လုံး အချိန်အတူတူပဲ သိလား'

ကျွန်တော်တို့ကားပေါ်က ဆင်းဆင်းချင်း နန္ဒာ့သူငယ်ချင်း ရှင်နောင်းက အမောတကောနှင့် အပြေးလာပြီး ပြောလိုက်သည်။

ကျွန်တော်က ရှင်နောင်းမျက်နှာ နုနုလေးကို ဖျတ်ခနဲ တစ်ချက်

www.burmeseclassic.com



နိုးကြည့်လိုက်၏။ နန္ဒာနှင့် ရှင်နှောင်းကတော့ နှစ်ပေါင်းမြောက်များစွာ ကွဲကွာခဲ့ရဟန် စကားတွေ လုပြောနေကြသည်။

●





ကျွန်တော်နှင့် ရှင်နှောင်းက ကွန်ပျူတာအချိန်ကို တစ်ခန်းထဲ အတူတက်ရပြီး နန္ဒာကတော့ အခန်းကော ဆရာပါ ကွဲသွားသည်။

ကျွန်တော်တက်ရမည့် အခန်းရှေ့သို့ ရောက်သောအခါ အခန်းအတွင်း သင်တန်းသား တော်တော်များများမှာ ရုတ်ရုတ်သဲသဲဖြစ်နေကြပြီး မကြာခင် ဆရာမဒေါ်အေးမူ ရောက်လာသည်။

သင်တန်းသားများအားလုံး ဒေါ်အေးမူကို နှုတ်ဆက်လိုက်ကြပြီး ထိုင်ခုံများတွင် အသီးသီး နေရာယူလိုက်ကြ၏။ ကျွန်တော်တစ်ယောက်သာ အခန်းဝတွင် မတ်တပ်အနေအထားနှင့် ရပ်လျက် ကျန်ခဲ့သည်။ ပါးစပ်မှလဲ မင်္ဂလာပါဆရာမဟု ပြုံးပြုံးကြီး တစ်ယောက်သာ သွင်းနှုတ်ဆက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'မင်္ဂလာပါ မောင်ကျော်ကျော်ဆွေ ထိုင် ထိုင်'

'ဟုတ်ကဲ့ ဆရာမ'

ကျွန်တော်က ခေါင်းငုံ့ရင်း ဆရာမဟု ပြောလိုက်သော်လဲ ဘယ်နေရာတွင်ထိုင်ရမှန်းမသိ မတ်တပ်ရပ်လျက် ဝဲယာစာသင်ခုံများကို ဝေ့ဝိုက် ကြည့်လိုက်၏။ ထိုင်ခုံအလွတ်တစ်ခုတစ်လေမှ မတွေ့ရဘဲ အခန်းအတွင်း သင်တန်းသားများအားလုံး၏ မျက်လုံးများက ကျွန်တော်ရပ်နေရာသို့ ဝိုင်းကြည့်နေကြသည်။

'ဟဲ့ ကျော်ကျော်ဆွေ ဘာရပ်လုပ်နေတာလဲ ကိုယ့်နေရာကိုယ်သွားထိုင်လေ'

ရုတ်တရက် ဆရာမဒေါ်အေးမူ၏ အသံကျယ်ကျယ်ကြီးက ကျွန်တော့် နားအတွင်း ဗုံးတစ်လုံးလို ပေါက်ကွဲထွက်သွား၏။ ခေါင်းကို အသာမော့ရင်း ဆရာမဒေါ်အေးမူကို ပြန်ပြောလိုက်သည်။

'ကျွန်တော် ဘယ်မှာထိုင်ရမှာလဲ ဆရာမ'

'ဘာ. . .နင့်ကို မနေ့ကတည်းက ဘယ်မှာထိုင်ရမယ်ဆိုတာ ပြောထားပြီးပြီလေ'

ဟင်. . . မနေ့ကတည်းကဆိုပါလား၊ ဆရာမ ဘာတွေပြောနေတာလဲ၊ မနေ့တုန်းကဆိုရင် ဒီကိုတောင် ငါ မရောက်သေးဘူး။

'မ. . . မဟုတ်ဘူးဆရာမ၊ ကျွန်တော်က ဒီနေ့မှ ဒီသင်တန်းကို စပြီးရောက်ဖူးတာ၊ ဆရာမ ကျွန်တော့်ကို မပြောခဲ့. . .'





ကျွန်တော်က အတင်းပြန်ငြင်းနေသော်လည်း ဆရာမအခြေအနေက ပိုဆိုးလာ၏။

'ဟဲ့. . .ဒီမှာ ကျော်ကျော်ဆွေ၊ ငါ့ကို စောစောစီးစီး ဒေါသထွက်အောင် မလုပ်နဲ့နော်'

ကျွန်တော် လည်ဂုတ်နားတစ်ဝိုက်နှင့် မျက်နှာတစ်ခုလုံးတွင် နီရဲလာသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ၊ မလှမ်းမကမ်းတွင် ကျွန်တော့် အခြေအနေကို ပါးစပ်အဟောင်းသားနှင့် ကြည့်နေသော ရှင်နောင်းကို လှမ်းတွေ့လိုက်ရသည်။ ရှင်နောင်းက ဆရာမဘက်ကို တစ်ချက်လှမ်းကြည့်လိုက်ရင်း ကျွန်တော့်ကို သူနောက်ကျောဘက် လွတ်နေသောခုံတွင် လက်ဟန်ခြေဟန်ပြပြီး လာထိုင်နိုင်းနေ၏။

ကျောပိုးအိတ်ကို ပခုံးတစ်ဘက်ထဲ ပြောင်းချိတ်လွယ်လိုက်ရင်း ရှင်နောင်းနောက်ကျောဘက် ခုံလွတ်တွင် ဝင်ထိုင်နေလိုက်ရသည်။

'အင်း. . .ဒုက္ခပါပဲ၊ ဒီနေ့မှ စတက်တယ်၊ ဒီနေ့ပဲ ဂြိုဟ်ဝင်တော့တာပဲ၊ ဆရာမက ငါ့နာမည် ကျော်ကျော်ဆွေ ဆိုတာကိုလည်း မှားဘူး၊ ငါ့ရုပ်ကြီးလည်း မမှားဘူး၊ ဒါမှမဟုတ် ငါကိုယ်တိုင်ပဲ မှားနေတာလား၊ ဟာ မဖြစ်နိုင်ဘူး၊ ဘာတွေလဲ'

ကျွန်တော် တွေးရင်းစိတ်ရှုပ်လာသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

နေခင်းပိုင်း ဂီတအချိန်ကို နန္ဒာနှင့် ကျွန်တော် အတူတူတက်ရသည်။ သင်တန်းတစ်ခုနှင့် တစ်ခုကြားတွင် ကျွန်တော်တို့အဖို့ နှစ်မိနစ်သာသာလောက်သာ အချိန်ရပြီး ကိုယ်တက်ရမည့်အခန်းဆီသို့ အလုအယက် အပြေးအလွှားသွားရသည်။

ကျွန်တော့်အတွေးနှင့် ကျွန်တော် ကော်ရစ်ဒါတစ်လျှောက် ခေါင်းငုံ့ရင်း လျှောက်လာနေရာ နောက်ကျောမှ ရုတ်တရက် ကျောပိုးအိပ်လွယ်ကြိုးကို ဆောင့်ဆွဲခံလိုက်ရ၏။ ဖျတ်ခနဲလှည့်ကြည့်လိုက်သောအခါ ရှင်နောင်းကို စပ်ဖြဲဖြဲအမူအရာနှင့် တွေ့လိုက်ရသည်။





ရှင်နောင်း၏ ပန်းဆီရောင်နှုတ်ခမ်းများက ကျွန်တော့်ကို တစ်ခုခုပြောမည်လုပ်လိုက်ပြီးမှ မျက်နှာချင်းဆိုင် လျှောက်လာနေသော နှုတ်ခမ်းမွေး ကားကားနှင့် ဆရာတစ်ယောက်ကိုတွေ့ပြီး ကိုယ်ရှိန်သတ်သွားသည်။

ထိုဆရာကြည့်ရသည်မှာ ချိုင်းကြားတွင် ညှပ်ထားသော ဖိုင်တစ်ထပ်ကြီးနှင့်။ ဝတ်ထားသော တိုက်ပုံအင်္ကျီစ တစ်ဖက်မှာလည်း အောက်ဘက်သို့ အနည်းငယ် တွဲကျနေသည်။

'ဟေ... မောင်ကျော်ကျော်ဆွေ၊ ဆရာ ဒီမှာမင်းအတွက် Notes အသစ်တွေ မိတ္တူဆွဲလာတယ်၊ နည်းနည်းပါးပါးစမ်းပြီး တီးကြည့်တာပေါ့ကွာ'

ရုတ်တရက် ကျွန်တော် ကြောင်တောင်တောင်ဖြစ်သွားပြီး နှုတ်ခမ်းမွေး ကားကားနှင့် ဆရာကို စိုက်ကြည့်နေမိ၏။

'ဟုတ်... ဟုတ်ကဲ့ ဆရာ'

ကျွန်တော်ပါးစပ်မှလဲ ဂီတဆရာကို ယောင်ယမ်းပြီ ခေါင်းငြိမ့်လိုက်ရသည်။

'ဒါ ငါတို့အခန်းမှာ စန္ဒရားသင်မယ့် ဆရာဦးသိန်းမောင်ဆိုတာပဲ ဖြစ်ရမယ်'

ဘာတွေဖြစ်နေသည်မသိ။ အခုတစ်ကြိမ်လဲ ဂီတဆရာက လူမှား

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြောနေပြန်သည်။ ကျွန်တော် သေးသို့လှည့်ကြည့်လိုက်သောအခါ နန္ဒာနှင့် ရှင်နောင်းက ရှေ့မှကော့ကော့၊ ကော့ကော့နှင့် ဂီတအခန်း အတွင်း ဝင်သွားလေသည်။

ဆရာဦးသိန်းမောင်က ချိုင်းကြားတွင် ညှပ်ယူလာသော စာရွက် တစ်ထပ်ကြီးကို စားပွဲပေါ်သို့ အသာချလိုက်ရင်း တိုက်ပုံအင်္ကျီကို လက် နှစ်ဘက်ဖြင့် အနေအထား ပြန်ပြင်လိုက်၏။

'ကဲ. . . ကဲ အားလုံးထိုင်ကြပါ၊ ဒီနေ့ ဆရာသင်မဲ့ သင်ခန်း စာကတော့ ကြားသံလို့ခေါ်တဲ့ မေဂျာသံနှစ်ခုရဲ့ကြားက အသံကို ဘယ် လို တည်ဆောက်ထားသလဲ ဆိုတာပါပဲ'

ကျွန်တော်က အခန်းအတွင်း သင်တန်းသူ သင်တန်းသားများ အားလုံးကို တစ်ချက်ဝေ့ဝိုက်ကြည့်လိုက်၏။ ကျွန်တော်တို့ ဂီတသင်ရာ ခန်းမဆောင်ကြီးမှာ အခြားအခန်းများထက် နှစ်ဆမျှ ကျယ်ဝန်းပြီး နံရံပတ်ပတ်လည်တွင် အပြင်ဘက်သို့ အသံများပြန်မထွက်အောင် ထိန်း ထားသော နံရံများဖြင့် ကာရန်ထား၏။ ဆရာဦးသိန်းမောင်း မတ်တပ် ရပ်နေရာ စားပွဲနှင့် မလှမ်းမကမ်းတွင် ပြောင်လက်နေသော စန္ဒရား ကြီး သုံးလုံးကို တွေ့ရသည်။

'ပထမအနေနဲ့ပြောရရင် ဆရာတို့ မီ အန် ဖာ. . .'

ဆရာဦးသိန်းမောင်က မီ သင်္ကေတနှင့် ဖာ သင်္ကေတနှစ်ခုကို





အင်္ဂလိပ်လိုပါ ကြားညှပ်ပြီး ပြောနေ၏။

တချို့ကျောင်းသားများက တီးတိုးရယ်သံများကို ကြားရသည်။

'အဲဒီ မီ နဲ့ ဖာ ကြားမှာ ဘာရှိသလဲဆိုတော့'

ဆရာဦးသိန်းမောင် စကားမဆုံးခင် စောစောက တိုးတိုး ကျိတ် ရယ်နေကြသော ကျောင်းသားများမှာ အသံထွက်ပြီး ခိုးခိုးခစ်ခစ်ပင် ရယ်လိုက်ကြသည်။ ဆရာဦးသိန်းမောင်က သူ့ဂီတမှလွဲ၍ စိတ်ထဲတွင် တခြားဘာမှ ရှိပုံမရ၊ ကြားသံဖြစ်သော 'ဗီ' ဟူသည့် အသံကို အသံနေ အသံထား အမျိုးမျိုးဖြင့် ဆိုပြနေလိုက်သေးသည်။

ထို့နောက် ဆရာဦးသိန်းမောင်က သင်တန်းသားများအားလုံး အား စန္ဒရားသုံးလုံးကို အလှည့်ကျစီ လေ့ကျင့်ပေးရာ ကျွန်တော့် အလှည့်သို့ ရောက်လာ၏။ ဆရာဦးသိန်းမောင်က စားပွဲပေါ်တင်ထား သော Note စာရွက် တစ်ထပ်ကြီးကို ကျွန်တော့်ထံသို့ ယူလာပြီး. . .

'မင်းက တခြားလူတွေထက် လက်ကျလက်နကောင်းတော့ လာမယ့် ရုံပုံငွေဖျော်ဖြေပွဲမှာ မင်းနဲ့ နန္ဒာခွေကို နှစ်ယောက်တွဲ အစီအစဉ် နဲ့ ပွဲထုတ်ရမယ်'

ပြောပြောဆိုဆို ဦးသိန်းမောင်က ကျွန်တော့်စန္ဒရားခုံဝေါ်တွင် Note စာရွက်တစ်ရွက်ကို ဖြန့်ထောင်လိုက်၏။

ရှင်နောင်းက ကျွန်တော့်အား စန္ဒရားခုံတွင် စန္ဒရားလှုတ်များကို



www.burmeseclassic.com

www.burmeseclassic.com



စမ်းရင်းတီးနေရာမှ ဝမ်းသာအားရ ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်ကိုယ် ကျွန်တော်လည်း အတော်ကလေးပင် အံ့သြသွားမိသည်။ ကျွန်တော့်စန္ဒရားသံကို ဘယ်တုန်းကမှ မကြားဘူးသည့် ဆရာဦးသိန်းမောင်က အခု ကျွန်တော့်လက်သံကို ချီးကျူးနေပြန်ရာ တစ်ခုခုတော့ လွဲချော်နေပြီဖြစ်ကြောင်း သိလိုက်ရသည်။

ရန်ကုန်တွင် နွေကျောင်းပိတ်ရက်များ၌ စန္ဒရားသင်တန်း တက်ခဲ့ဘူးသော ကျွန်တော်သည် ယခုကဲ့သို့ ပရိတ်သတ်များရှေ့တွင် တကယ်တီးပြရတော့မည်ဟု သိလိုက်ရသောအခါ အတော်ကလေး စိတ်လှုပ်ရှားသွားသည်။

ကျွန်တော့်ဘေး စန္ဒရားခုံတွင်ထိုင်ရင်း စန္ဒရားခလုတ်များကို တို့ထိနေသော ရှင်နှောင်းက ကျွန်တော့်ကို ပြုံးပြရင်း လက်မကို အသာထောင်ပြနေ၏။ တစ်ခဏအတွင်း ကျွန်တော့်စိတ်တွေက ဝမ်းသာ ကျေနပ်သံလိုလို ချက်ချင်းအားတက်သွားမိသည်။

'ဆရာနဲ့ မင်းနဲ့ နည်းနည်းလေး နှောက်ကျပြီးမှ ပြန်ကြတာပေါ့ကွာ၊ မင်းအိမ်ကို ဆရာပြန်လိုက်ပို့ပေးပါမယ်၊ ကဲ. . .ကဲ ကျန်တဲ့သူများ ပြန်နိုင်ကြပါပြီ'

ဆရာဦးသိန်းမောင်၏ ရှည်လျားသောလက်ချောင်းများက စန္ဒရားခလုတ်များပေါ်တွင် လှုပ်ရှားနေကြသည်ဟုပင် မထင်ရ၊ ထွက်ပေါ်နေ





သော စန္ဒရားသံ ငြိမ့်ငြိမ့်အောက်တွင် မြုပ်ချည်ပေါ်ချည် ညင်သာလှလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်ပြန်ရောက်ချိန်မှာ အတော်ကလေးပင် မှောင်နေပြီဖြစ်သည်။

ခြံဝင်းတံခါးကို အသာတွန်းဖွင့်ဝင်လိုက်ပြီး ဆင်ဝင်အောက်သို့ ခပ်မှန်မှန်လျှောက်သွားရင်း အိမ်ကြီးဆီသို့ လှမ်းကြည့်လိုက်သည်။ တစ်အိမ်လုံးမှာ မီးရောင်ဟူ၍ တစ်စက်ကလေးမှ မတွေ့ရဘဲ မည်းမည်းမှောင်လျက် ရှိသည်။

'နန္ဒာရေ. . .နန္ဒာ'

သင်တန်းမှ ကျွန်တော့်ထက် စောစီးစွာ ပြန်သွားသော နန္ဒာမှာ ဘယ်နည်းနှင့်မဆို ဒီအချိန်တွင် အိမ်ကို ပြန်ရောက်ကို ရောက်နေရမည်။

'ဟဲ့. . .နန္ဒာ'





တံခါးမကြီးနားသို့ ပါးစပ်ကိုကပ်ပြီး ကျွန်တော် လှမ်းအော်ခေါ်နေသော်လည်း အိမ်ကြီးအတွင်းမှ မည်သို့မျှပင် တုံ့ပြန်ခြင်းမရှိပေ။

'အန်ကယ်. . .အန်ကယ်ဦးသီဟ'

အန်ကယ်ဦးသီဟကို ထပ်မံခေါ်ကြည့်သော်လည်း တစ်အိမ်လုံးမှာ မည်းမှောင်ပြီး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသည်။

'အန်ကယ်ရေ. . .အန်ကယ်ဦးသီဟ'

ကျွန်တော်က လေသံကို အနည်းငယ်မြှင့်ပြီး အော်ခေါ်လိုက်သည်။

တစ်စုံတစ်ရာမှ တုံ့ပြန်သံမကြားရ. . .

အိမ်တံခါးမကြီးကို လက်ဖြင့် အသာတွန်းဖွင့်လိုက်ရာ အလိုက်သင့်ပင် ပွင့်သွားလေသည်။

'ကျွိ. . .'

'ဟင်. . .တံခါးက ပိတ်မထားပါလား'

အိမ်ကြီးအတွင်း လှမ်းဝင်လိုက်စဉ် ကျွန်တော့်ကျောပြင်တစ်ခုလုံး စိမ့်ခနဲ ဖြစ်သွား၏။ ကျွန်တော့်မျက်လုံးများကို ခဏမှိတ်လိုက်ပြီး ဖြည်းဖြည်းချင်း ပြန်ဖွင့်ကြည့်လိုက်သောအခါ အိမ်နောက်ဘက် မီးဖိုခန်းတွင် မှိန်ပြပြအလင်းရောင်တစ်ခုကို လှမ်းမြင်လိုက်ရသည်။ ဖြည်းဖြည်း တစ်လှမ်းချင်းလှမ်းကာ မီးဖိုချောင်ဘက်ဆီသို့ ဦးတည်ပြီး သွား

www.burmeseclassic.com



လိုက်သည်။

'ဟင်. . .'

အိမ်နောက်ဘက် မီးဖိုခန်းအတွင်းရောက်သောအခါ မည်သည့် အလင်းရောင်မျှ မတွေ့ရ၊ အိမ်ရှေ့ခန်းကဲ့သို့ပင် မည်းမှောင်နေသည်။

'အင်း. . . အိမ်နောက်ဘက်မီးဖိုခန်းမှာသာ တစ်ယောက် ယောက်ရှိနေရင် ငါ အိမ်ရှေ့က ခေါ်နေသံကို ကောင်းကောင်းကြား ရမှာ၊ ဦးသီဟတစ်ယောက်များ သူ့အခန်းထဲမှာ ရှိနေမလား'

ရုတ်တရက် အတွေးတစ်ခုက ကျွန်တော့်ခေါင်းထဲသို့ ဝင်လာကာ ဦးသီဟ ရှိရာအခန်းသို့ စမ်းတဝါးဝါးနှင့် လျှောက်သွားလိုက်၏။

ဦးသီဟအခန်းတံခါးက ပိတ်လျက်ပင် ရှိနေသည်။ ပိတ်ထား သော အခန်းတံခါးရွက်နားကို အသာကပ်ပြီး နားထောင်ကြည့်သော် လည်း အခန်းအတွင်း ဘာသံမျှ မကြားရ၊ တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

တံခါးလက်ကိုင်ဘုကို အသာစမ်းကိုင်ပြီး လှည့်ကာ တွန်းဖွင့် လိုက်၏။ တံခါးက တော်ရုံနှင့် မပွင့်ဘဲ အထဲမှ တစ်ခုခုခံနေပုံရသည်။ နောက်တစ်ကြိမ် ကျွန်တော် အနည်းငယ်အားစိုက်ပြီး ဆောင့်တွန်းဖွင့် လိုက်၏။

'ဟိတ်. . . တံခါးကို ချက်ချင်းပြန်ပိတ်လိုက်'





ပွင့်သွားသော အခန်းအတွင်းမှ အသံအက်အက်ကွဲကွဲကြီးကို ကြားလိုက်ရသည်။

ကျွန်တော့်တစ်ကိုယ်လုံးမှသွေးများ နားထင်နားသို့ ရောက်သွား ကာ ရင်တွေ တလှပ်လှပ်တုန်သွားသည်။ ကိုင်ထားသော တံခါးလက် ကိုင်ဘုကို ယောင်ယမ်းပြီး လွှတ်လိုက်သောအခါ တံခါးက အလိုလို ပြန်ပိတ်သွား၏။

'ဒီအသံကြီးက အန်ကယ်ဦးသီဟအသံတော့ လုံးဝမဟုတ်ဘူး၊ အခန်းထဲမှာ တစ်ယောက်ယောက်တော့ တစ်ယောက်ယောက်ပဲ ဘယ် သူလဲ'

ကျွန်တော် အခန်းတံခါးဝရှေ့တွင် ကြက်သေသေရင်း ငေး ကြောင်နေမိသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

အခန်းရှေ့တွင် အချိန်တော်တော်ကြာအောင် တွေတွေကြီး ရပ်ပြီး စဉ်းစားကြည့်နေ၏။ အကယ်၍ ဦးသီဟအခန်းအတွင်း တခြားတစ်ယောက်ယောက်ကဝင်ပြီး အတွင်းက ပစ္စည်းတွေ ဖျက်စီးနေခြင်းလားမသိ၊ ကျွန်တော် အမျိုးမျိုး တွေးကြည့်နေမိသည်။

ရုတ်တရက် မီးရောင်များလင်းလာပြီး တံခါးပွင့်သွားကာ အခန်းတွင်းမှ ဦးသီဟ ထွက်လာ၏။

'ဟာ. . .ဖိုးကျော် မင်းကိုး၊ အေးကွာ ဆောရီးပဲ ဘယ်သူလာဖွင့်မှန်းမသိလို့ လှမ်းအော်လိုက်တာ'





ဦးသီဟ၏အသံက စောစောက ကျွန်တော်ကြားလိုက်ရသောအသံနှင့် လုံးဝမတူ အေးဆေးတည်ငြိမ်နေ၏။

'ဗျာ. . .စောစောကလှမ်းအော်လိုက်တာ အန်ကယ်ပဲလား၊ ကျွန်တော်ကြားလိုက်ရတာကတော့ အန်ကယ့်အသံ မဟုတ်သလိုပဲ'

'ဟာ. . .ကြဲကြဲဖန်ဖန်ကွာ၊ ငါ့အပြင် တခြားဘယ်သူရှိသေးလို့လဲ၊ နေစမ်းပါဦး မင်းက အခန်းထဲ ဘာဝင်လုပ်မလို့လဲ'

'မဟုတ်ဘူး အန်ကယ်၊ ကျွန်တော် ဒီအခန်းထဲဝင်မလို့ မဟုတ်ဘူး၊ တစ်အိမ်လုံး မှောင်မည်းနေပြီး ဘယ်သူ့ကိုမှ ခေါ်လို့မရတာနဲ့ ဒီအခန်းထဲမှာ အန်ကယ်များရှိနေမလားဆိုပြီး ကျွန်တော်. . .'

ကျွန်တော်က ဦးသီဟကို အကျိုးအကြောင်း ပြောပြနေရာ စကားဆုံးခင် ဦးသီဟက လက်ကာပြလိုက်ပြီး. . .

'ကိစ္စမရှိပါဘူး ဖိုးကျော်ရာ၊ ဒီအခန်းထဲ မဝင်ခိုင်းတာ အခြားအကြောင်းတော့ မရှိပါဘူး၊ ရှေးဟောင်းပစ္စည်းတွေ ခြေရာလက်ရာတွေ ပျက်ကုန်မှာစိုးလို့ပါ'

ဦးသီဟမျက်နှာကို မီးရောင်ဟပ်နေသဖြင့် ကျွန်တော် ထင်ထင်ရှားရှား လှမ်းမြင်နေရ၏။ မျက်ကွင်းများ ညိုမည်းကာ ကျွန်တော်တွေ့ခါစကလိုမဟုတ်ဘဲ မျက်နှာမှာလည်း သိသိသာသာ ဖြူဖတ်ဖြူရော် ဖြစ်လျက်ရှိနေသည်။

www.burmeseclassic.com



'ကဲ...ကဲ မင်းလုပ်စရာရှိတာ သွားလုပ်တော့၊ နန္ဒတစ်ယောက် ဈေးသွားတယ်၊ ခဏနေရင် ပြန်ရောက်တော့မှာ'

အန်ကယ်ဦးသီဟက ပြောပြောဆိုဆိုဖြင့် တံခါးကို ပိတ်လိုက်ပြီး သူ့အခန်းအတွင်း ပြန်ဝင်သွားလေသည်။

ကျွန်တော် အန်ကယ်ဦးသီဟအခန်းရှေ့မှ လှည့်ထွက်လိုက်ရင်း အခန်းအတွင်းမှ လှမ်းအော်လိုက်သော အသံအက်အက်ကွဲကွဲကြီးသည် ဦးသီဟအသံ မဟုတ်မှန်း ကျွန်တော့်ရင်ထဲတွင် သေသေချာချာ သိနေသည်။

အန်ကယ်ဦးသီဟက တစ်စုံတစ်ရာကို ထိမ်ချန်ဖုံးကွယ်နေလေပြီ။

သူ ဘာကို ဖုံးဖိကွယ်ဝှက်ဖို့ ကြိုးစားနေပါလိမ့်။

အခန်းထဲမှ သူ့အပြင် တခြား ဘယ်သူများ ရှိနေသေးသလဲ။

နောက်တစ်နေ့ ပန်းချီသင်တန်းချိန်တွင် ပန်းချီဆရာမက အခန်းအတွင်းသို့ တော်တော်နှင့် ရောက်မလာသေးသဖြင့် ကျွန်တော်တို့ သင်တန်းသားများမှာ တစ်ယောက်နှင့်တစ်ယောက် ဆူညံစွာ အော်ဟစ်နောက်ပြောင်နေကြသည်။ ပန်းချီခန်းအတွင်းတွင် သစ်သား ပန်းပုလက်ရာ အချို့နှင့် ရှေးဟောင်းပန်းချီကားကြီးများက နံရံနှစ်ဖက်တွင် သုံးလေးကားခန့် ရှိနေသည်။ အခြား တစ်ဝက်တပျက်ဖြစ်နေသော ပန်းပုရုပ်များ





မှာ လူအရုပ်နှီးနှီးမျှ ကြီးမားကြပြီး မိန်းမရုပ်၊ ယောကျ်ားရုပ်၊ တိရစ္ဆာန်ရုပ်များအပြင် နတ်ရုပ်များပါ တွေ့ရသည်။

'ဟဲ့ဖိုးကျော်၊ အခုဝင်လာတဲ့ မင်းညီဆိုတဲ့ ကောင်က ပန်းချီသိပ်တော်တယ် သိလား၊ ငါတို့ အတန်းကျောင်းမှာဆို ပန်းချီဆု အမြဲတမ်းရတယ်'

ကျွန်တော့်ညာဘက်တွင် ဘေးချင်းယှဉ်လျက် ထိုင်နေသော ရှင်နောင်းက ကျွန်တော့်နားကပ်ပြီး တိုးတိုးလေးပြောလိုက်၏။ ရှင်နောင်းညွှန်ပြရာဆီသို့ မသိမသာ လှမ်းကြည့်လိုက်ရာ မင်းညီက ကျွန်တော်တို့ရှေ့ မျက်နှာချင်းဆိုင်ခုံများကို ကျော်ပတ်လာပြီး လွတ်နေသော ကျွန်တော့်ဘေးခုံတွင် ဝင်ထိုင်လိုက်သည်။

ကျွန်တော်တို့ ပန်းချီဆွဲရာနေရာမှာ ဘဲဥပုံစံ စားပွဲဝိုင်းကြီးတစ်ခုတွင် အားလုံးစုပြီး ဆွဲကြရခြင်းဖြစ်၍ ရောင်စုံဆေးခွက်များ၊ စုတ်တံများမှာလဲ စားပွဲတစ်ခုလုံး ရှုပ်ယှက်ခတ်နေသည်။

ကျွန်တော်နှင့် ရှင်နောင်းမှာ ကျောပိုးအိတ်အတွင်းမှ လိပ်ယူလာသော ပန်းချီဆွဲစက္ကူအလွတ်များကို ထုတ်လိုက်ကြပြီး စိတ်ကူးတည့်ရာပုံများကို လျှောက်ဆွဲနေကြသည်။

ရှင်နောင်းက ကျွန်တော့်လက်မောင်းကို သူ့တံတောင်ဖြင့် တွန်းလိုက်ရင်း မင်းညီဆွဲနေသည့် ပန်းချီပုံကို မျက်စပစ်ပြသည်၊ ကျွန်တော်

www.burmeseclassic.com



က မင်းညီဆွဲနေသည့် ပန်းချီပုံကို စပ်စုသလိုလုပ်ရင်း လှမ်းမေးလိုက်၏။

'ဟေ့ကောင်. . . မင်းဆွဲနေတဲ့ပုံက ဘာအဓိပ္ပာယ်လဲကွ'

ကျွန်တော် သူ့ပုံကိုကြည့်လိုက်တော့ ခေါင်းကြီးကိုယ်သေး ပုံ မကျ ပန်းမကျ လူတစ်ယောက်က မှဆိုးဒူးထောက်ထိုင်ရင်း အပေါ်သို့ အနည်းငယ်မော့ကာ လှံတစ်ချောင်းကို ပစ်တင်နေပုံဖြစ်သည်။ ထိုပုံ မကျပန်းမကျလူ၏ မျက်နှာတည့်တည့်လောက်ဆီသို့ ရောမလှံသွားကြီး တစ်ချောင်းက ပြန်ကျကာ စိုက်ဆင်းနေပုံဖြစ်၏။

ကျွန်တော့်အမေးကို မင်းညီက ချက်ချင်းမဖြေသေးဘဲ သူ့တင် ပါးကြီးကို ထိုင်ခုံပေါ်တွင် ဘယ်ရွှေ့ညာရွှေ့ လှုးလှိမ့်လိုက်ပြီး. . .

'အဲဒါ အိုလံပစ်ရေ့ အထိမ်းအမှတ်ပုံကွ'

'ဟား. . . ဟား. . . ဟား. . . ဟား'

ကျွန်တော်ကော ရှင်နောင်းပါ အူတက်မတတ် ခွက်ထိုးခွက်လန် ရယ်ပစ်လိုက်ကြသည်။

မင်းညီ စိတ်ကူးထဲက အိုလံပစ်မှာ အားကစားနှင့် လုံးလုံးမပတ် သက်ပဲ 'ဆရာကာပြန် အာခေါင်လှံစူး' ဆိုသော စကားပုံအတိုင်း ဖြစ်နေ၏။

မင်းညီက ကျွန်တော်တို့နှစ်ယောက်ကို ပေစောင်းစောင်းဖြင့် ပြန်ကြည့်နေ၏။ ကျွန်တော်တို့နှစ်ယောက်၏ ရယ်သံက ပန်းချီခန်းတစ် ခန်းလုံး ကျယ်လောင်သွားရာ အခြားသင်တန်းသားများကပါ စိတ်ဝင် စားသွားကြပြီး မင်းညီ၏ ပန်းချီကားကို စုပြုံတိုးဝှေ့ကြည့်ကြရင်း အူ နှိပ်ပြီး ရယ်သူကရယ်၊ စားပွဲခုံကို လက်နှင့်ပုတ်ပြီး ရယ်သူကရယ်ဖြင့် တခန်းလုံး အုံးအုံးကျွက်ကျွက်ပင် ဖြစ်နေတော့သည်။

ကျွန်တော့်လက်မှ နာရီကို ငုံ့ကြည့်လိုက်တော့ ပန်းချီဆရာမ အတန်းဝင်ရန် ဆယ်မိနစ်သာသာလောက် နောက်ကျနေလေသည်။ ကျွန် တော်က အပြာရောင်ဆေးခွက်ထဲသို့ စုတ်တံကို ထိုးနှစ်လိုက်ရင်း ဆွဲ လက်စပုံကို စိတ်ပါဝင်စားစွာ ဆက်ဆွဲနေ၏။ ရှင်နောင်းဆွဲနေသော ပုံကို လှမ်းကြည့်လိုက်တော့ စောစောက ပုံဆွဲစက္ကူ အဖြူတစ်ခုလုံးမှာ ရဲညစ်နေသော နှင်းဆီပန်းပွင့်တစ်ပွင့် ဖြစ်နေ၏။ ရှင်နောင်းက သူ့နှင်း ဆီပန်းကို ဆူးသေးသေးလေးများပင် ထပ်ဖြည့်ဆွဲနေသည်။

ခဏအကြာတွင် ကျွန်တော့် ပန်းချီကားမှာ ဆေးရောင်စုံများ ဖြင့် သေသေသပ်သပ်ဆာဖြင့် ပြီးဆုံးသွားပြီဖြစ်သည်။ ကျွန်တော်က ပန်းချီကား၏ အောက်ခြေတွင် ကျော်ကျော်ဆွေ ၂၀၀၈ ဟုပင် လက်မှတ်ရေးထိုး လိုက်သည်။

'ဟဲ့. . . ပြစမ်း နင်ဆွဲထားတာဘာပုံလဲ'

ရှင်နောင်းက ကျွန်တော်လက်အောက်မှာ ဖိထားသော ပန်းချီ ကားကို ဆတ်ခနဲ ဆောင့်ဆွဲယူပြီး ကြည့်လိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



'ဟယ်. . . ဒါ ဒါဆရာဦးသိန်းမောင် ပုံကြီးပါလား'

ရှင်နှောင်း လက်နှစ်ဘက်ဖြင့် ထောင်ကြည့်နေသော ကျွန်တော့် ပန်းချီကားကို အတန်းသားများအားလုံးက ဝိုင်းအုံပြီးကြည့်ကြပြီး တဝါးဝါး တဟားဟားဖြင့် ဆူညံပွက်လောရိုက်ကုန်ကြသည်။

ကျွန်တော်ဆွဲထားသည့်ပုံမှာ စန္ဒရားထိုင်ခုံပေါ်တွင် တိုက်ပုံအင်္ကျီဖားဖား နှုတ်ခမ်းမွေးကားကားကြီးဖြင့် ဘိုကေကို ကျော့နေအောင် ဖြီးထားပြီး အကျအနထိုင်ကာ စန္ဒရားခလုတ်များပေါ်တွင် ခြေနှစ်ချောင်းကော လက်နှစ်ချောင်းပါ အစွမ်းကုန် မြှောက်တီးနေသော ဆရာဦးသိန်းမောင်၏ပုံ ဖြစ်နေသည်။

အတန်းသားများက တစ်ယောက်နှင့်တစ်ယောက် လက်ဆင့်ကမ်းကြည့်ကြရင်း ကျွန်တော့်ပန်းချီကားကို ချီးမွမ်းထောပနာပြုနေကြသည်မှာ ဘယ်သူ့လက်ထဲ ရောက်သွားသည်ကိုပင် ကျွန်တော် မသိချေ။ အခြေအနေတစ်ခုလုံး တခဏငြိမ်သွားချိန်တွင် ကျွန်တော်အားမှ မင်းညီက. . .

'ဒီတစ်ခါတော့ မင်း ငါ့ထက်တော်သွားပြီ ကျော်ကျော်ဆွေ' ဟုဆိုကာ ကျွန်တော့်လက်ကို အတင်းဆွဲ၍ နှုတ်ဆက်နေ၏။

'ဟဲ့. . . ဖိုးကျော် နင် လူပုံတွေဆွဲတာ အရမ်းကောင်းတယ်။ နင် အနာတော်မီ Anatomy ပိုင်သားပဲ'





ကျွန်တော်က စုတ်တံကို ဆေးခွက်အနီထဲသို့ အကြောင်းမဲ့ မွှေနှောက်နေရင်း. . .

'ငါ တစ်နေ့နေ့တော့ နင့်ပုံတူကို ပလာစတာရုပ်လုံး လုပ်ပြမယ်'

ကျွန်တော်က နည်းနည်းမြှောက်ပြောလျှင် ကြာကြာဟန်ဆောင်နိုင်သူမဟုတ်၊ အထူးသဖြင့် အခုလို ကျွန်တော့်ကြိုတ်ပြီး စိတ်ဝင်စားနေသော ရှင်နှောင်းက မြှောက်ပင့်ပြောဆိုသော အချိန်မျိုးတွင် ပိုဆိုးသည်။

'အဲ့ဒါတော့ နင်ပိုပြီ'

ကျွန်တော်က မျက်ဝန်းနက်နက် မျက်တောင်ကော့ကော့လေးဖြင့် မျက်စောင်းထိုးရင်း လှမ်းပြောလိုက်သော ရှင်နှောင်းကို ကြည့်ကာ. . .

'ငါတကယ်ပြောတာ။ နင့်ရဲ့ ခန္ဓာကိုယ် အချိုးအစားအတိုင်း၊ နောက်ပြီး နင့်ရဲ့ မျက်နှာဖြူဖြူနုနုလေးပေါ်က သွေးကြောလေးတွေပါ မကျန် ရှဲနေအောင် ဟောသလို ဟောသလို'

'ဟယ်. . . ကောင်စုတ် ငါ့မျက်နှာပေကုန်ပြီ နင်. . . နင်'

ရုတ်တရက် ရှင်နှောင်းက စိတ်ဆိုးသွားပြီး သူ့ရှေ့မှ အနက်ရောင်ဆေးခွက်ထဲသို့ လက်နှစ်ကာ ကျွန်တော့်မျက်နှာကို ပြန်ပြီး လှမ်းသုတ်လိုက်၏။

လှမ်းသုတ်လိုက်သော ရှင်နှောင်းလက်ကို ကျွန်တော်က ရှောင်



www.burmeseclassic.com

www.burmeseclassic.com



သို့ယိုင်ပြီး လှမ်းရှောင်လိုက်ရာ စားပွဲပေါ်ရှိ ဆေးခွက်များ ရေခွက်များ ဖိတ်စဥ်ဖွာလန်ကြဲကုန်၏။ တချို့ အတန်းသားများက သူတို့ဆွဲလက်စ ပုံများကို နောက်သို့ ဆွဲဖယ်လိုက်သော်လည်း ရောင်စုံဆေးများက စားပွဲ တစ်ခုလုံးသာမက တစ်ခန်းလုံး ရစရာမရှိအောင် ပေကျံကုန်သည်။

မင်းညီ၏ အိုလံပစ်အထိမ်းအမှတ်ပုံပေါ်မှာလည်း အနက်ရောင် ဆေးစက်များက ကတ္တရာဆေးပုံး လောင်းချလိုက်သလို ပွကျဲသွား၏။

ရှင်နှောင်းကတော့ မရပ်သေးဘဲ ကျွန်တော့်မျက်နှာကို ပြန်သုတ်ဖို့သာ ကြိုးစားနေရာ တစ်ခန်းလုံး ဗျောင်းဆန်နေသည်။

'ရပ်လိုက်ကြစမ်း ဘာဖြစ်နေကြတာလဲ'

အသံလာရာအခန်းဝဆီသို့ ကျွန်တော်တို့အားလုံး ပြိုင်တူလှမ်း ကြည့်လိုက်ကြ၏။

ပန်းချီဆရာမ ဒေါ်မိမိချိုက လက်နှစ်ဖက်ကို ခါးပေါ်သို့ထောက် ရင်း ကျွန်တော်နှင့် ရှင်နှောင်းမျက်နှာကို သေသေချာချာ ကြည့်နေသည်။ ကျန်အတန်းသားများက လဲပြိုသွားသော ခုံများကို ဆွဲယူပြီး ကိုယ့်နေ ရာကိုယ် ပြန်ထိုင်ကာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။

ကျွန်တော်နှင့် ရှင်နှောင်းကတော့ ရောက်နေသောနေရာတွင် မတ်တပ်ရပ်ရင်း ဆရာမ၏ အဆူအပြောခံဖို့သာ ရှိတော့သည်။

'ကဲ...ဘယ်လိုဖြစ်ကြတာလဲ ပြောစမ်း'





ဆရာမ ဒေါ်မိမိချိုက ကျွန်တော့်ကို တစ်လှည့် ရှင်နှောင်းကို တစ်လှည့် ကြည့်ရင်း မျက်မှောင်ကုတ်ကာ မေးနေ၏။

'သူ့ သမီးမျက်နှာကို ဆေးတွေနဲ့'

ရှင်နှောင်း စကားမဆုံးခင် ရှင်နှောင်း၏ မျက်ရည်စတွေက ပါးပြင်ပေါ်သို့ တလိမ့်လိမ့်ကျလာ၏။ နှာခေါင်းကို တစ်ချက်ရှုံ့လိုက် ရင်း စီးကျလာသော မျက်ရည်စတို့ကို သူ့လက်ဖမိုးဖြင့် လိမ့်ကာလိမ့် ကာ ပွတ်နေတော့သည်။

'ဟင်...'

ကျွန်တော် ရှင်နှောင်းမျက်နှာကို လှမ်းကြည့်လိုက်တော့ စော စောက အနီရောင်ဆေးများက မျက်နှာတစ်ခုလုံး ကြည့်မကောင်း ရှုမ ကောင်းလောက်အောင် ရဲရဲနီလျှက် အခြေအနေက ပိုပြီးဆိုးသွား၏။

စားပွဲဝိုင်းတွင် ထိုင်နေကြသော ကျန်အတန်းသားများ အားလုံး မှာလဲ ရှင်နှောင်းမျက်နှာမှ အမူအရာကိုကြည့်ကာ တခွီးခွီးနှင့် တိုးတိုး ကျိတ်ပြီး ရယ်နေကြသည်။

'ဘာပဲပြောပြော နှစ်ယောက်စလုံးမှာ အပြစ်ရှိသလား မရှိဘူး လားပြော'

ဆရာမအသံက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ရင်း ပိုပြီး ခာထန်လာသည်။

www.burmeseclassic.com



'ဟဲ့ . . . ငါမေးနေတယ်လေ'

ကျွန်တော်ကော ရှင်နှောင်းပါ ခေါင်းညိတ်ရင်း ဝန်ခံလိုက်ရသည်။

'အေး . . . ညနေပန်းချိချိန်ပြီးရင် နင်တို့နှစ်ယောက်လုံး အိမ်မပြန်ရသေးဘူး၊ ဒီတစ်ခန်းလုံးကို သန့်ရှင်းရေးလုပ်ပြီးမှ ပြန်ရမယ် ကြားလား'

ရှင်နှောင်းကတော့ ခေါင်းကိုငုံ့ကာ တရှုံ့ရှုံ့ဖြင့် မျက်နှာကို လိမ့်ကာလိမ့်ကာ ပွတ်နေဆဲပင်ဖြစ်သည်။ ကျွန်တော်က ဒေါသတကြီးနှင့် ခါးထောက်မဖြုတ်သေးသော ဆရာမဒေါ်မိမိချိုကို ကြည့်ကာ. . .

'ဒီလောက်တော့ အပျော့ပေါ့'

ဟု စိတ်ထဲကတွေးကာ ဆရာမကျောဘက် အခန်းနံရံဆီသို့ အကြည့်ရောက်သွား၏။

'ဟင် . . .'

●





ကမ္ဘာမကျော်သော်လည်း တစ်ခန်းလုံး ဟိုးလေးတကျော် ဖြစ်သွားသည့် ကျွန်တော့်ပန်းချီကားမှာ ဘယ်ကောင် လက်ကမြင်းပြီး သွားကပ်ထားသည်မသိ၊ ဆရာမ နောက်ကျောနံရံတွင် ကပ်ရက်သား တွေ့လိုက်ရသည်။ ကျွန်တော့်မျက်လုံးများ ရုတ်တရက် ပြာသွားပြီး တကိုယ်လုံး ထူပူသွား၏။ ပန်းချီကား၏ အောက်ခြေတွင်လည်း ဂီတလုလင် ဦးသိန်းမောင်ဟုပင် စာလုံးခပ်ကြီးကြီးဖြင့် ရေးထားလိုက်သေးသည်။

ကျွန်တော့် ခြေဖျားလက်ဖျားများ အေးစက်လာပြီး ဆရာမ ဒေါ်မိမိချိုက နောက်သို့ လှည့်မကြည့်ပါစေနှင့်ဟုသာ စိတ်ထဲမှ ကြိတ်ပြီး ဆုတောင်းနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ကိုယ့်ပစ္စည်း ကိုယ်သိမ်းပြီး ငြိမ်ငြိမ်ထိုင်နေကြ။ ငါ အခုပြန်လာမယ်'

ပြောပြောဆိုဆို ဆရာမဒေါ်မိမိချိုက နောက်သို့ လှည့်ထွက်လိုက်သည်။

'သွားပြီ'

ကျွန်တော့်တစ်ကိုယ်လုံး လေထဲတွင် မြောက်တက်သလို တလုပ်လုပ်ဖြစ်သွားပြီး ဘယ်အချိန် အောက်သို့ပြန်ကျမည်မသိ။ ခြေလက်တွေ ပျော့ခွေညွတ်ကျမတတ် ဖြစ်သွားသည်။

ဆရာမက ပန်းချီကားထဲမှ ဦးသိန်းမောင် ဖြစ်ပျက်နေပုံကို ကြည့်ရင်း အနားသို့ တိုးသွားကာ ကျော်ကျော်ဆွေ ၂၀၀၈ ဟု ရေးထိုးထားသော လက်မှတ်ကို သေသေချာချာကြည့်နေ၏။

အခန်းတစ်ခန်းလုံးမှာလဲ တခွီးခွီးနှင့် ကြိတ်၍ ရယ်နေကြရာ မင်းညီတစ်ယောက်သာ ဣန္ဒြေရရဖြင့် သူ့ပန်းချီကားကို တောင်ခြစ် မြောက်ခြစ် လုပ်နေသည်။

ဆရာမက ပန်းချီကားကို ဆတ်ခနဲဆွဲခွာပြီး ကျွန်တော့်ထံသို့ မျက်ထောက်နီကြီးနှင့် လှမ်းကြည့်နေ၏။ ထိုနောက်က ဘာမပြောညာမပြောနှင့် ပန်းချီကားကိုကိုင်ကာ အခန်းတွင်းမှ ခပ်သွက်သွက် ထွက်သွားလေသည်။

●





အခန်းတွင်းသို့ ဆရာဦးသိန်းမောင် ဝင်လာသည်နှင့် အချင်းချင်း တီးတိုးပြောဆိုသံ ခပ်အုပ်အုပ်နှင့် ရယ်မောသံများက ဟိုတစ်စုဒီတစ်စု တီးတိုးထွက်ပေါ်လျက်ရှိသည်။

ကျွန်တော်က ဆရာဦးသိန်းမောင် အခန်းအတွင်းသို့ မဝင်မီကပင် အိမ်သာတစ်ခုကြောင့် ကျွန်တော့်အား သင်တန်းစောစောဆင်းပေးပါရန် ခွင့်တောင်းပြီးဖြစ်၏။

ရှင်နှောင်းတစ်ယောက် ကျွန်တော့်ကို တော်တော်စိတ်ဆိုးသွားပုံရသည်။ ဂီတ အချိန်တစ်ချိန်လုံး အခန်းအတွင်းသို့ ရှင်နှောင်းပေါ်မလာတော့ချေ။

ကျွန်တော့်စိတ်တွေက ရှင်နှောင်းဆီသို့သာ ရောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ကျွန်တော့်နားထဲတွင် ဆရာဦးသိန်းမောင် သင်နေသော ဂီတ သင်္ကေတများအကြောင်းကို တစ်ချက်တစ်ချက် ကြားနေရ၏။

နာရီကို ငုံ့ကြည့်လိုက်တော့ သင်တန်းဆင်းရန် ဆယ်မိနစ်လောက်သာ လိုတော့သည်။

'အင်း. . . ငါ အခုအချိန်လောက်သွားမှ အတော်ပဲ၊ ရှင်နှောင်းကော ဘယ်မှာလဲ၊ သူ ဒီအခန်းကိုကော သန့်ရှင်းရေး လာလုပ်ပါ့မလား၊ အင်း၊လေ ဘာပဲပြောပြော သူနဲ့တွေ့မှ ပြန်ပြီး တောင်းပန်ရမယ်'

ကျွန်တော့်စိတ်တွေက ဆရာဦးသိန်းမောင် အတန်းရှေ့က သင်နေသမျှ ဘာတစ်ခုမှ ခေါင်းထဲသို့မရောက်။ အခန်းအပြင်ထွက်ဖို့သာ စိတ်စောနေမိသည်။

တကယ်ဆိုလျှင် ယခုအချိန်တွင် ကျွန်တော့်ကို သွားခွင့်ပြုနိုင် ကောင်းနေပြီဖြစ်သော်လည်း ဆရာဦးသိန်းမောင်ကတော့ သူ့ဂီတမှ သူ့ ဂီတ ဖြစ်နေလေရာ ကျွန်တော်ခွင့်တောင်းထားသည့် ကိစ္စကိုပင် မေ့နေပြီလား မသိချေ။

ကျွန်တော် တစ်ခုခုတော့ အရိပ်အကဲထပြမှ ဖြစ်တော့မည် ဘယ်လိုပြရင်ကောင်းမှာလဲ၊ ကျွန်တော် အမျိုးမျိုး တွေးကြည့်နေ အတန်းကျောင်းတွင် အပြင်သို့ ခဏသွားလိုသဖြင့် လက်တစ်ချောင်း





ထောင်ပြသည့်နည်းကို ဖျတ်ခနဲ သွားမြင်လိုက်သည်။

'ဘယ် KEY အုပ်စုထဲမှာမဆို ပထမဆုံးသံစဉ်က ဘာဖြစ်မလဲ ယောက်ယောက် ပြောကြည့်စမ်း'

ကျွန်တော်က ဦးသိန်းမောင်၏ ဂီတသံစဉ်များကို သိပ်စိတ်မရှည် တော့ပဲ ရုတ်တရက်မတ်တပ်ရပ်ကာ လက်ညှိုးထောင်ပြလိုက်၏။

'အေး. . . ဟုတ်တယ် ကျော်ကျော်ဆွေ ပြောတာမှန်တယ်၊ ဒို တစ်ဆိုတဲ့ ဒိုသာလျှင်ဖြစ်တယ်၊ နားလည်ပြီနော်'

ချက်ချင်းပင် ကျွန်တော့်ကိုယ်ကျွန်တော် ပစ်လဲပြီး သေလိုက်ချင်တော့သည်။

စိတ်ပျက်လက်ပျက်ဖြင့် ကျွန်တော် ထိုင်ခုံပေါ် ပြန်ပြီးထိုင်ချလိုက်သည်။

ဦးသိန်းမောင်ကတော့ ကျွန်တော့်အရိပ်လည်းမသိ၊ အကဲလည်း မသိ သူ သင်ချင်ရာသင် မေးချင်ရာမေးနေတော့သည်။ ဘယ်နည်း ဖြစ်တော့သော အခြေအနေတွင် ကြိုးစားပြီး လှမ်းပြောလိုက်တော့ ဆရာဦးသိန်းမောင်က. . .

'သြော် အေးအေး၊ မေ့နေလိုက်တာကွာ၊ သွားတော့သွားတော့'

ကျွန်တော် သက်ပြင်းရှည်ကြီးတစ်ချက်ကို အလျှင်အမြန်ချရင်း ထဲမှ ပြေးထွက်လာခဲ့တော့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပန်းချီအခန်းရှေ့သို့ ရောက်သောအခါ အခန်းတံခါးက စေ့ရုံစေ့ထားသဖြင့် အသာတွန်းဖွင့်ဝင်လိုက်သည်။

'ဟင်. . . ရှင်နှောင်း. . . ဘယ်အချိန်ကတည်းက ရောက်တာလဲ'

ကျွန်တော် တံခါးဖွင့်လိုက်သောအခါ အခန်းအတွင်း၌ ရေစိုရေခွက်တို့ဖြင့် ကြမ်းပြင်များ စားပွဲများကို တိုက်ချွတ်နေသော ရှင်နှောင်းကို အံ့သြစွာ တွေ့လိုက်ရ၏။

'သွား. . . သွား. . . နင် ငါ့နားကိုမလာနဲ့၊ နင်အခုထွက်သွား နင် တော်တော်ယုတ်မာတယ်'

ပြောပြောဆိုဆို ကျွန်တော့်ကို ရေခွက်နှင့် ပစ်ပေါက်လိုက်ပြီး ရှိုက်ကြီးတငင် ငိုချနေတော့သည်။





'ရှင်နှောင်းရယ် ငါတောင်းပန်ပါတယ်ဟာ'

ကျွန်တော်က ဘာပြောလို့ပြောရမှန်းမသိဘဲ ကြမ်းပြင်ပေါ်တွင် ဆောင့်ကြောင့်ထိုင်ရင်း ငိုနေသော ရှင်နှောင်းပခုံးနှစ်ဖက်ကို အသာလှမ်းကိုင်လိုက်၏။

'သွား. . . နင်ငါ့ကို လာမကိုင်နဲ့၊ တစ်ခန်းလုံး နင်လုပ်ထားတာတွေ ကြည့်စမ်း'

ရှင်နှောင်း ကျွန်တော့်ကိုပြောလိုက်မှ တစ်ခန်းလုံးကို သတိထားပြီး ကြည့်လိုက်မိသည်။ အခန်းနံရံပတ်ပတ်လည်တစ်ခုလုံး ဆေးစက်များက မြင်မကောင်းအောင် ပေကျံနေပြီး ပလာစတာရုပ်၊ ပန်းပုရုပ်တို့မှာ အကောင်းဟူ၍ မရှိတော့ဘဲ အားလုံးနီးပါး ကျိုးကြေ ပျက်စီးနေကြသည်။

'ဟင်. . . ဒါက ဘယ်လိုဖြစ်ကုန်တာလဲ'

ကျွန်တော် ပါးစပ်အဟောင်းသားနှင့် ကျိုးပျက်ကြေမွနေသော အခန်းကြီးတစ်ခုလုံးကို အံ့သြရှေ့ရှုတ်မိလိုက်သည်။

'ဘာ ဘယ်လိုဖြစ်ရမှာလဲ၊ နင်လုပ်တာလေ။ ဒါတွေအကုန်လုံး ဖျက်စီးထားတာ ငါ့မျက်စိနဲ့ တတ်အပ်မြင်တာ၊ နင်လိမ်ဖို့ မကြိုးစားနဲ့'

'ဟာ. . . မဟုတ်ဘူး မဟုတ်ဘူး ရှင်နှောင်း ငါဘာမှ'

'နင့်ပါးစပ်ကိုပိတ်ထား ဖိုးကျော်'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှနားမလည်နိုင်တော့ဘဲ အုံ့သြပြီးရင်းသာ အံ့သြနေမိသည်။ ဒုက္ခတွေ တသီကြီး ထမ်းပိုးထားရတာထက် ကျွန်တော် ကြိတ်ပြီးချစ်နေရသူ ရှင်နောင်း အထင်တွေ အလွဲကြီး လွဲနေသည်က ပိုပြီး ခံစားနေရသည်။

'အင်း. . . မဟုတ်မှလွဲရော၊ တယောက်ယောက်ကတော့ ငါ့အပေါ် အကောက်ကြံနေပြီ'

■





## အခန်း (၈)

ရှင်နောင်းကတော့ အပျက်အစီးပုံများကြားတွင် ချုံးပွဲချ ငိုနေတော့သည်။ ကျွန်တော်က နံရံများပေါ်တွင် ရက်ရက်စက်စက် ပက်ဖျန်းထားသော ပန်းချီဆေးများ၊ ပန်းပုရုပ်အကျိုးအပဲ့များနှင့် ရှေးဟောင်းပန်းအိုး အကွဲအစအနများကိုကြည့်ကာ တအံ့တသြဖြင့် ကြက်သေသေသော ငေးကြောင်နေမိသည်။

'ဟင်. . . အမလေး ကုန်ပါပြီ၊ တစ်ခန်းလုံး ရစရာကိုမရှိအောင် မျှော်စီးလို့ပါလား။ ဘယ်လိုဖြစ်တာလဲ ငါ့ကိုပြောစမ်း'

အခန်းအတွင်းဝင်လာသော ပန်းချီဆရာမက အပျက်အစီးများ ကြောင်းဆန့်နေသော မြင်ကွင်းကိုကြည့်ကာ အသံတုန်တုန်ယင်ယင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းမေးလိုက်သည်။

ရှင်နောင်းက ငိုနေရာမှ ရုတ်တရက် မတ်တတ်ထရပ်ကာ ကျွန်တော့်ကို လက်ညှိုးထိုးရင်း ဆရာမကို တိုင်နေ၏။

'သူ. . . သူ ဆရာမ၊ သမီး ဒီအခန်းကို သန့်ရှင်းရေးလုပ်ဖို့ အလာမှာ သူ တစ်ခန်းလုံးကို ရိုက်ချိုးဖျက်စီးနေတာ သမီး ကော်ရစ်တာထောင့်ကနေ လှမ်းမြင်လိုက်တယ်'

ကျွန်တော်မျက်စိများ ပြာဝေမှုံးနောက်သွားကာ ရှင်နောင်း ပြောပြလိုက်သော စကားများကို ကြားလိုက်ရ ပိုပြီး အံ့သြသွား၏။

'မ. . . မဟုတ်ဘူး ဆရာမ၊ ကျွန်တော် အခုလေးတင်မှ ဒီအခန်းကို ရောက်လာတာ ကျွန်တော် ဘာမှမသိဘူး ဆရာမ'

ကျွန်တော် အကြောက်အကန် ပြန်ငြင်းနေ၏။

'ငါ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဘုရား ဘုရား အိပ်မက်မက်နေတာပဲလား'

မီးဝင်းဝင်းတောက်နေသော ဆရာမဒေါ်ချိုချို၏ မျက်လုံးများက ကျွန်တော့်ကို အစိမ်းလိုက် ဝါးစားတော့မည့်ပုံ ပေါက်နေသည်။

'လာ. . . လာ နင်တို့နှစ်ယောက်စလုံး ရုံခန်းကို လိုက်ခဲ့'

ဆရာမက ကျွန်တော်တို့နှစ်ယောက်ကို တိုတိုပြတ်ပြတ်ပြောရင်း အခန်းအတွင်းမှ လှည့်ထွက်သွား၏။





'မဟုတ်ဘူးဆရာမ. . . သမီးနဲ့မဆိုင်'

ရှင်နောင်းက မိန်းကလေးပီပီ ကြောက်လန့် တုန်လှုပ်နေ၏။ ကျွန်တော်က ကြောက်လန့်တုန်လှုပ်နေသည်ထက် ယခုအခြေအနေ တစ်ခုလုံး၏ အဓိကတရားခံက ဘယ်သူလဲဆိုတာကိုတွေးရင်း ဒေါသထွက်နေမိသည်။

ကျွန်တော်က ကောက်ရစ်တာတစ်လျှောက် လိုက်လျှောက်သွားရင်း အမျိုးမျိုး စဉ်းစားတွေးကြည့်နေသည်။ ကျွန်တော့်နောက် မလှမ်းမကမ်းမှ ရှင်နောင်း၏ ဖိနပ်သံ တဖွပ်ဖွပ်ကို ကြားနေရ၏။

'ငါ. . . ဒီကျောင်းကိုစရောက်လာတာ မယုံကြည်လောက်အောင် အံ့သြစရာတွေ တွေ့နေရတယ်၊ နောက်ပြီး ဆရာတွေ အကုန်လုံးကလည်း ငါ့ကို မြင် မှုး တွေ့ မှုးနေတဲ့အပြင် ငါ့နာမည်ကိုပါ သိနေကြတယ် အခုလည်း ငါ. . .'

ကျွန်တော် ခြေလှမ်းတွေက လေးလေးလံလံ လျှောက်နေရင်း အတွေးမျိုးစုံကို တွေးကြည့်နေမိသည်။

ဆရာမက ရုံးခန်းရှေ့တွင် ရပ်လိုက်ပြီး တံခါးကို လက်ဖြင့်တွန်းခေါက်ကာ အသာတွန်းဖွင့်ဝင်လိုက်၏။

ကျွန်တော်နှင့် ရှင်နောင်းမှာ ဆရာမကြီးရုံးခန်းအတွင်းသို့ ခေါင်းငုံ့ရင်း ရင်တထိတ်ထိတ်နှင့် လိုက်ဝင်သွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမဒေါ်မိမိချိုကတော့ ကျောင်းအုပ်ဆရာမကြီးကို ကျွန်တော်တို့နှစ်ယောက်နှင့် ပတ်သက်သမျှ ဖြစ်ကြောင်းကုန်စင်ကို တိုင်တန်းနေတော့သည်။

'ဟင် . . . မောင်ကျော်ကျော်ဆွေ၊ မင်းကို ဆရာမကြီး မနက်ကလေးတင် သတိပေးထားတာ အခု ဖြစ်ပြန်ပြီလား'

'ဗျာ. . .'

ကျွန်တော့်မျက်လုံးတွေ ပြူးကြောင်ရင်း ထပ်ပြီး အံ့ဩလိုက်ရပြန်သည်။

'ဘုရား. . .ဘုရား ကျွန်တော် ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒီရုံးခန်းကို ငါ အခုမှ မထမဆုံးအကြိမ် ရောက်ဖူးတာ၊ နောက်ပြီး ဆရာမကြီး မနက်က ငါ့ကိုတွေ့ပြီး သတိပေးတယ်ဆိုတာကရော ဘာလဲ ကျော်ကျော်ဆွေဆိုတဲ့ ငါကော ဟုတ်ရဲ့လား'

■





## အခန်း (၉)

ယဉ်ယဉ်လေးနဲ့ ရှုံးတယ်ဆိုတာ အခု ငါဖြစ်နေသလိုများလား၊ ဒါမှမဟုတ် ဒီအပြစ်တွေကို အမှန်တကယ်ပဲ ငါကျူးလွန်ခဲ့ပြီးမှ အတိတ်တွေ ဘာတွေ မေ့များမေ့နေတာလား၊ သေချာတာကတော့ အခုချိန်မှာ ပြဿနာတွေကို ငါကိုယ်တိုင် ရှင်းရတော့မယ်'

'ငါတို့ သင်တန်းကျောင်းက အခကြေးငွေပေးပြီး တက်ရတဲ့ကျောင်းပဲဆိုပြီးတော့ ထင်ရာစိုင်းလို့မရဘူး မောင်ကျော်ကျော်ဆွေ'

ပြောပြောဆိုဆို ဆရာမကြီးက ရှေ့မှ စားပွဲခုံကို လက်ဖြင့်

www.burmeseclassic.com

အသံမြည်အောင်ပုတ်လိုက်ပြီး မျက်နှာအမူအရာမှာလည်း သိသိသာသာ တင်းမာနေလျက်ရှိသည်။

'မင်း အခုလိုဖြစ်တဲ့ကိစ္စဟာ မတော်တဆဖြစ်သွားတဲ့ ကိစ္စသေးသေးလေးလည်း မဟုတ်ဘူး၊ ဒီဆရာမ ဒေါ်မိမိချို အပြစ်ပေးတာကို မကျေနပ်လို့ တမင်တကာအရွဲ့တိုက်ပြီး ဖျက်စီးပစ်တာ'

'မဟုတ်ဘူးဆရာမ မဟုတ်ဘူး၊ ကျွန်တော် ဘာမှအရွဲ့မတိုက်ပါဘူး၊ အဲ့ဒီအခန်းကို ကျွန်တော် စောစောကမှ. . .'

'မင်း. . . ဘာမှလျှောက်ပြောမနေနဲ့ မင်းဖျက်ဆီးနေတာကို သူ့မျက်လုံးနဲ့ တပ်အပ်မြင်ထားတာ'

ဆရာမ ဒေါ်မိမိချိုက ရှင်နှောင်းကို လက်ညှိုးထိုးပြနေ၏။ သူ့ပုံစံက ကျွန်တော့်အပြစ်များကို သက်သေပြဖို့ ကြိုးစားနေရင်း အသည်းယားပြီး တော်တော်လေး ဒေါသထွက်နေပုံရသည်။

ကျွန်တော် ခေါင်းကိုငုံ့ထားရင်း ဘာမှ ပြန်မပြောတတ်တော့ဘဲ ရင်ထဲတွင် ဗလောင်ဆူနေ၏။

'ကျွန်တော် မိကောင်းဖခင် သားသမီးတစ်ယောက်ပါ ဆရာမကြီး၊ သူများပစ္စည်း ဖျက်ဆီးဖို့ဆိုတာ ဘယ်တုန်းကမှ စိတ်ကောင်းမကူးခဲ့ဖူးပါဘူး၊ ကျွန်တော် စကားဝါလမ်းက ဦးသီဟရဲ့တူပါ၊ သူ့အိမ်မှာနေပါတယ် ဆရာမတို့မယုံရင် အန်ကယ့်ကို မေးကြည့်ပါ'





ကျွန်တော်ပါးစပ်မှ ရတ်တရက် အဆီအငေါ်မတည့်ပဲ ပြောမိပြောရာ စကားလုံးများကို ပြန်ပြောလိုက်၏။

ဆရာမကြီးက ကျွန်တော့်ကို တစ်ချက်ဆွေပြီးကြည့်ကာ ခေါင်းညိမ့်ရင်း. . .

'အင်း. . . ဦးသီဟရဲ့တူဆိုတော့ ဒီတစ်ခါတော့ သက်ညှာလိုက်မယ်၊ ငါက လိမ်တာ ညာတာကို ဘယ်တော့မှ ခွင့်မလွှတ်ဘူးနော် ကျော်ကျော်ဆွေ'

ကျွန်တော် သက်ပြင်းတစ်ချက်ကို လေးပင်စွာ ချလိုက်ရင်း ဦးသီဟကိုပင် စိတ်ထဲမှကြိတ်၍ ကျေးဇူးတင်နေမိသည်။

'ကဲ. . . သမီးကတော့ အိမ်ပြန်နိုင်ပြီ၊ မင်းကိုတော့ ဆရာမ ဒေါ်မိမိချို ကျေနပ်လောက်တဲ့အထိ အဲ့ဒီအခန်းကို ရှင်းလင်းပြီးမှ အိမ်ပြန်ခွင့်ပြုမယ်၊ ငါပြောတာကြားလား'

ဆရာမကြီးက ရှင်နှောင်းကို အိမ်ပြန်ခိုင်းလိုက်၏။ ကျွန်တော့်ကိုတော့ ပျက်စီးညစ်ပေနေသော ပန်းချီခန်းတစ်ခန်းလုံး သန့်ရှင်းရေးလုပ်ပြီးမှ အိမ်ပြန်ရမည်ဟု အပြစ်ပေး ရာ မည်သို့မျှ ပြန်လည်ငြင်းဆန်နိုင်ခွင့် မရှိတော့ချေ။

ရုံးခန်း၏ အပြင်ဘက်တွင် တော်တော်ကလေးပင် မှောင်နေပြီဖြစ်သည်။ ကောက်ရစ်တာတစ်လျှောက် စိတ်ပျက်လက်ပျက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းချီခန်းဆီသို့ ဦးတည်လျှောက်လာရင်း စိတ်ထဲတွင်လည်း တနုံ့နုံ့နှင့် ခံပြင်းလျက်ရှိသည်။

●





ကျွန်တော် ဖြတ်လျှောက်လာရာ ကော်ရစ်တာတစ်လျှောက် ဆောင်သော စာသင်ခန်းများမှာ မည်းမည်းမှောင်ပြီး လူသူကင်းမဲ့ကာ တိတ်ဆိတ်လျက် ရှိနေသည်။

အဝတ်စကို ရေပုံးတွင်နှစ်လိုက်ပြီး နံရံပေါ်မှ ညစ်ပေနေသော ဆေးများကို စိတ်မပါ့တပါဖြင့် တိုက်ချွတ်ဆေးကြောနေရင်း. . .

ရုတ်တရက် အခန်းဆောပြတင်းပေါက်မှန်မှ အရိပ်တစ်ခုကို ဖျတ်ခနဲ လှမ်းတွေ့လိုက်ရသည်။ မည်းမှောင်နေသော အခန်းအပြင်ဘက်သို့ ကြည့်ရင်း ကျွန်တော့်စိတ်က ရိပ်ခနဲတွေ့လိုက်ရသူကို သိချင်နေ၏။

'မှန်ပြတင်းအပြင်မှာ တစ်ယောက်ယောက် ရှိကိုရှိနေမှာ သေချာတယ်၊ ဘယ်သူများလဲ၊ ဘာဖြစ်လို့ ငါ့ကို ခိုးကြောင်ခိုးဝှက် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေရတာလဲ'

ကျွန်တော် အဝတ်စကို ရေညှစ်လိုက်ရင်း စောစောက မြင်လိုက်ရသည့် မှန်ပြတင်းကို နောက်တစ်ကြိမ် ဖျတ်ခနဲ ပြန်ကြည့်လိုက်၏။

'ဟင်...'

ပြတင်းပေါက်တွင် ကျွန်တော့်မျက်နှာနှင့် ချွတ်စွပ်တူသော ကောင်လေးတစ်ယောက်ကို လှမ်းတွေ့လိုက်ရ၏။

ချက်ချင်း ကျွန်တော့်ကိုယ် ကျွန်တော်လည်း ပြန်ပြီး ငုံ့ကြည့်လိုက်မိ၏။ ထိုကောင်ကလေး ဝတ်ထားသော အင်္ကျီမှာ ကျွန်တော်ဝတ်ထားသော အင်္ကျီကဲ့သို့ လက်ရှည်အဖြူ စင်းကြားကို တံတောင်ဆစ်အကွေးအထိ နှစ်ဖက်စလုံး ခေါက်တင်ထားသည်။

'ဩော်...လက်စသတ်တော့ ငါ့ကိုယ်ငါ ပြန်မြင်နေရတာပါလား'

တကယ်တော့ ဖွင့်ထားသော အခန်းအတွင်းမှ အလင်းရောင်ကြောင့် ကျွန်တော့်မျက်နှာကို ကျွန်တော် ပြန်မြင်နေရခြင်းပင် ဖြစ်သည်။

ကျွန်တော့်အဖြစ်ကို ကျွန်တော် ပြန်တွေးကြည့်လိုက်ရင်း ပြုံးမိသွားရာ မှန်ထဲမှ မြင်နေရသော အရိပ်ကပါ ပြန်ပြီးပြုံးပြနေ၏။ ကျွန်တော်က အခန်းအတွင်း ဘေးဘယ်ညာကို ဝေ့ဝိုက်ကြည့်လိုက်ပြီး ပြတင်းပေါက်မှန်ကို မျက်စိမှိတ်ပြလိုက်၏။ မှန်ထဲမှ ကျွန်တော့်အရိပ်ကလည်း ပြန်ပြီး မျက်စိပြန်မှိတ်ပြသည်။





ကျွန်တော် လျှာထုတ်ပြလိုက်သောအခါတွင်လည်း မှန်ထဲမှ ပုံရိပ်က ကျွန်တော့်ကို ပြန်၍ လျှာထုတ်ပြနေပြန်သည်။ နောက်ထပ် ကျွန်တော်က အဝတ်စကိုင်ထားသည့် လက်တစ်ဖက်ကို မြှောက်ပြလိုက်၏။

'ဟင်'

ကျွန်တော် လက်မြှောက်ပြလိုက်သလို ထိုမှန်ထဲမှ ပုံရိပ်၏ လက်တစ်ဖက်က အပေါ်သို့ မြှောက်မလာချေ။

●

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နားရွက်တွေ ထူပူသွားလောက်အောင် နားထင်မှ သွေးကြောများ ထောင်ထသွားသည်။

ကျွန်တော်ပဲ အမြင်မှားတာလား သေချာအောင် နောက်ထပ်တစ်ကြိမ် ကျွန်တော်က လက်တစ်ဖက်ကို ထပ်ပြီးမြှောက်ပြလိုက်ပြန်သည်။

သို့သော်. . .

မှန်ထဲမှ ကျွန်တော့်ပုံရိပ်၏ လက်ကတော့ အပေါ်သို့ လုံးဝမြှောက်တက်လာခြင်း မရှိပေ။

'ဟင်. . . ဒါ. . . ဒါ. . . ငါ. . . ပုံရိပ်မဟုတ်ဘူး၊ ငါနဲ့ တစ်ထေရာတည်းတူတဲ့ လူတစ်ယောက်ပဲ'

ပြတင်းပေါက်မှန်ကို ကြည့်နေရင်း ကျွန်တော့်ခြေဖျား လက်ဖျားတွေက ချက်ချင်းအေးစက်တောင့်တင်းလာပြီး ရင်တွေ တဒိန်းဒိန်းခုန်ကာ တုန်ယင်နေတော့သည်။

'သူ ဘယ်သူလဲ။ ငါနဲ့ ဘာဖြစ်လို့များ ချွတ်စွပ်တူနေရတာလဲ'

■





## အခန်း (၁၀)

တိတ်ဆိတ်နေသော အခန်းအတွင်း ကြက်သေသေကာ ငေးကြောင်ပြီး မှန်ပြတင်းကိုကြည့်နေစဉ် ရေစွတ်ထားသော အဝတ်စက လက်ထဲမှ အောက်သို့ ပြုတ်ကျသွား၏။

'ငါ့မျက်လုံးတွေပဲ အမြင်မှားတာလား ဒါမှမဟုတ် ငါ့စိတ်တွေပဲ ကယောင်ချောက်ချား ဖြစ်နေတာလား၊ ငါနဲ့ ချွတ်စွတ်တူနေရအောင် သူက ဘာလဲ'

ကျွန်တော် မတ်တပ်ငေးကြောင်နေရာမှ ထိုမှန်ပြတင်းပေါက်ဆီသို့ ပြေးပြီး ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ဝေါ...'

ရုတ်တရက် ကျွန်တော့်ရှေ့ အပေါ်မျက်နှာကျက်ဆီမှ ခန်းဆီးလိုက်ကာစကြီးက ဆွဲချလိုက်သလို ဝေါခနဲကျလာကာ ကျွန်တော့်မြင်ကွင်းတစ်ခုလုံး ဖုံးကွယ်သွားတော့သည်။

'ဟိတ်...နင် မပြီးသေးဘူးလား'

အသံလာရာဆီသို့ ထိတ်ထိတ်လန့်လန့်ဖြင့် လှည့်ကြည့်လိုက်ရာ အခန်းဝတွင် လိုက်ကာကြိုးစကြီးကို ကိုင်ထားရင်း ကျွန်တော့်ကို လှမ်းကြည့်နေသော ဆရာမ ဒေါ်မိမိချို့ကို တွေ့လိုက်ရသည်။

ကျွန်တော်က ဆရာမဆွဲချလိုက်သော ခန်းစည်းလိုက်ကာစကြီးကို အတင်းဆွဲမရင်း စောစောကမြင်လိုက်ရသော ကျွန်တော်နှင့် ချွတ်စွတ်တူနေသူကို လိုက်ရှာဖွေကြည့်နေ၏။

'ဟို...ဟို...ဆရာမ ခုနက ကျွန်တော်...'

ကျွန်တော် စကားတွေ အထစ်ထစ်အငေါ့ငေါ့ဖြင့် စောစောကမြင်ကွင်းကို ဆရာမအား ပြောပြဖို့ ဟန်ပြင်လိုက်စဉ် ဆရာမက ခါးထောက်ပြီး ကျွန်တော့်ကို ကြိမ်းမောင်းနေပြန်သည်။

'ဒီမှာ...ကျော်ကျော်ဆွေ၊ ဒီနေ့ ရှင်းလို့မပြီးရင် နင် အိမ်ပြန်ဖို့ စိတ်မကူးနဲ့။ ငါ နောက်တစ်နာရီကြာရင် ပြန်လာမယ်၊ ပြီးအောင်လုပ်ထား ဒါပဲ'





ပြောပြောဆိုဆို ဆရာမဒေါ်မိမိချို့က အခန်းဝမှလှည့်ပြီး ပြန်ထွက်သွားလေသည်။

'ဟူး...'

သက်ပြင်းတစ်ချက်ကို စိတ်ပျက်လက်ပျက်ချရင်း နာရီကို ငုံ့ကြည့်လိုက်၏။

အချိန်က ည ခုနစ်နာရီထိုးဖို့ ဆယ်မိနစ်လောက်သာ လိုတော့၏။

'အင်း...ငါ့ကိုတော့ အန်ကယ်နဲ့ နန္ဒာက စိတ်ပူနေလောက်ပြီ၊ အပြင်မှာ တော်တော်မှောင်နေပြီ၊ နောက်ပြီး လမ်းလျှောက်ပြီး ပြန်ရမယ့်ခရီးကလည်း နီးနီးမဟုတ်ဘူး'

တွေးရင်းနှင့် ရေပုံးထဲသို့ အဝတ်စကို ဆွဲနှစ်လိုက် နံရံကိုသုတ်လိုက်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေးများ ဒီးဒီးကျလျက်ရှိသည်။

အခန်းနံရံတစ်ဘက် လိုက်ကာစကြီး၏ နောက်ဘက် မှန်ပြတင်းကိုလည်း မကြာမကြာ စိတ်က ရောက်ရောက်နေမိသည်။

●



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် တစ်နာရီခန့်အကြာတွင် နံရံပေါ်မှ ညစ်ပေနေသော ဆေးစက်များမှာ ကုန်စင်အောင် ပျက်မသွားသေးသော်လည်း အတော်ကလေးပင် ကြည့်ပျော်ရှုပျော် ဖြစ်လာသည်။ ကျွန်တော်က ပန်းချီခန်းတစ်ခုလုံးကို လှည့်ပတ်ကြည့်လိုက်ရင်း. . .

'အင်း. . . ဒီလောက်ဆိုရင်တော့ အဆင်ပြေသွားလောက်ပါပြီ၊ ငါလည်း အိမ်ပြန်ဖို့ တော်တော်နောက်ကျနေပြီ။ အိမ်ရောက်မှ ငါ့ရဲ့ အဖြစ်တွေကို နန္ဒာကို ပြောပြရမယ်၊ အဲ့ဒီလိုမပြောပဲ ငါ့ဖာသာ ငါ ကြိတ်ပြီး တစ်ယောက်တည်းစဉ်းစားနေရင် ရူးသွားမှာသေချာတယ်၊ ဟုတ်တယ် သူ့ကို ပြောကိုပြောပြရမယ်'

ကျွန်တော် ပစ္စည်းများကို ကောက်သိမ်းပြီး ကျောပိုးအိတ်ကို





ကောက်လွယ်လိုက်၏။

'ပြီးပြီလား. . . ကျော်ကျော်ဆွေ၊ အေး. . . ပြီးရင် အိမ်ပြန်တော့'

အခန်းဝမှ ဆရာမအသံကြောင့် ကျောပိုးအိတ် လွယ်နေရာမှ နောက်သို့ လှည့်ကြည့်လိုက်၏၊ ဆရာမက တစ်ခန်းလုံး ဝေ့ဝိုက်ကြည့်လိုက်ရင်း ကျေနပ်သလိုလို အံ့အားသင့်သလိုလို ဖြစ်သွားသည်ကို တွေ့လိုက်ရသည်။ ကျွန်တော် သက်ပြင်းကို ချလိုက်မိတော့၏

●



www.burmeseclassic.com

www.burmeseclassic.com



၃၈

ကျောင်းဝင်းအပြင် လမ်းဘေးတစ်ဘက်တစ်ချက်တို့တွင် ကြီးမား သော ထင်းရှူးပင်ကြီးများက အုံ့ဆိုင်းမည်းမှောင်နေကြပြီး တစ်ချက် တစ်ချက် လေတိုးသံတရှဲရှဲက မကောင်းဆိုးဝါးတစ်ကောင်၏ အသက် ရှူသံကဲ့သို့ ဖြစ်နေ၏။

ညငှက်များကလည်း ဟိုတစ်စု ဒီတစ်စုနှင့် တဂစ်ဂစ်အော်ရင်း ကျွန်တော့်ခေါင်းပေါ်တွင် ဝဲပျံနေကြရာ ကျွန်တော့်စိတ်တွေက ဘာ[illegible] ကြောက်မှန်းမသိ အလိုလိုနေရင်း ထိတ်လန့်သလို ဖြစ်လာ၏။ လမ်းဘေး တစ်လျှောက် ခာတ်တိုင်များမှ လမ်းမီးရောင်များမှာ မှိန်ပျပျသာ လင်း နေသဖြင့် ကုန်းများ ကမူများကို မတိုက်မိစေရန် မနည်းကြည့်ပြီး စမ်းတဝါးဝါး လျှောက်နေရသည်။





လမ်းအချိုး အကွေ့များမှာလည်း ကျွန်တော်တို့ ကျောင်းစပြီး ဘက်ရန် လာခဲ့သည့်နေ့လောက် စိတ်လက်ရှင်လန်းခြင်း မရှိတော့ပဲ ပတ်ဝန်းကျင်တစ်ခုလုံးမှာ စိတ်ပျက်စရာကောင်းပြီး ငြီးငွေ့ ခြောက် ထပ်နေ၏။ ရုတ်တရက် ကျွန်တော့်စိတ်များက ပန်းချီခန်း မှန်ပြတင်းမှ လှမ်းမြင်လိုက်ရသော မြင်ကွင်းကို ပြန်တွေးနေမိ၏။

'အင်း. . .ပြတင်းပေါက်မှာ မြင်လိုက်ရတဲ့သူက ငါနဲ့ ဘာဖြစ် လို့ အဲ့ဒီလောက်တောင် တစ်ထပ်ထဲ တူနေရတာလဲ၊ တကယ်လို့သာ မှန်ထဲက အရိပ်ဟာ ငါ့အရိပ်ဖြစ်ခဲ့ရင် ငါလက်မြှောက်ပြသလို တထပ် ထဲနေရမှာပေါ့၊ ဘာတွေလဲ'

ရုတ်တရက် ကျွန်တော်လျှောက်နေရာနှင့် မလှမ်းမကမ်း နောက် ဘက်ဆီမှ သစ်ကိုင်းခြောက်တစ်ခုကို နင်းလိုက်မိသံ ကြားလိုက်ရ၏။

'ချွတ်. . .ချွတ်'

အသံကြားလျှင် ကြားခြင်း ကျွန်တော့်ကိုယ်ကို နောက်သို့ ဖျတ် ခနဲ တစ်ပတ်လည်အောင် လှည့်ကြည့်လိုက်သည်။

ပတ်ဝန်းကျင်တစ်ခုလုံးကတော့ တိတ်ဆိတ်မြဲ တိတ်ဆိတ်လျက် ပင် ရှိနေပြီး ဘာအရိပ်အရောင်မျှ မတွေ့ရချေ။

'တစ်ယောက်ယောက်ကများ ငါ့နောက်ကို နောက်ယောင်ခံ ပြီး လိုက်နေတာလား၊ အင်း. . .မဟုတ်တော့ မဟုတ်လောက်ပါဘူး'

www.burmeseclassic.com



ငါ့ကို နောက်ယောင်ခံလိုက်စရာ ဘာရှိလို့လဲ၊ ငါ့ဖာသာငါ စိတ်ချောက် ချားတာနေမှာပါ'

ကျွန်တော့်ကိုယ်ကျွန်တော် စိတ်အားပြန်တင်းလိုက်ရင်း ရှေ့သို့ သာ ဆက်ပြီး ခပ်သွက်သွက် လျှောက်နေမိသော်လည်း တစ်ခါတစ်ခါ အာရုံထဲမှာ စိမ့်ခနဲစိမ့်ခနဲဖြင့် နောက်ကျောကို မလုံမလဲ ဖြစ်နေမိသည်။

ကျွန်တော် ရှေ့သို့ သုံးလေးလှမ်းလှမ်းပြီး နောက်ဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်၏။

'ဖလပ်. . . ဖလပ်'

တစ်စုံတစ်ယောက်က ထင်းရှူးပင်တစ်ပင်၏ နောက်ကွယ်သို့ ပြေးဝင်ခိုကပ်လိုက်သည်ကို လှမ်းတွေ့လိုက်ရသည်။

'ဟင်. . .'

ကျွန်တော် ဘာလုပ်လို့လုပ်ရမှန်း မသိဘဲ နောက်သို့ တစ်လှမ်း နှစ်လှမ်း ဆုတ်ကာ မည်းမည်းမှောင်နေသော မြေပြင်မှ သစ်ကိုင်းခြောက် ခပ်ကြီးကြီးတစ်ခုကို တွေ့လိုတွေ့ငြား လက်ဖြင့် လိုက်စမ်းနေမိ၏။

'ဘယ်သူလဲ. . . သတ္တိရှိရင် ရဲရဲတင်းတင်းထွက်ခဲ့၊ ခိုးကြောင် ခိုးဝှက်တော့ လာမလုပ်နဲ့'

ကျွန်တော်က ပြောပြောဆိုဆို မြေပြင်ကိုစမ်းရင်း တွေ့မိတွေ့ရာ ခဲလုံးခပ်ကြီး ကြီးတစ်ခုကို ကောက်ကိုင်လိုက်၏။





ထိုစဉ်. . . အမှောင်ရိပ်ထဲမှ အသံတစ်သံက. . .

'အေး. . . ငါပဲ ဟော့ကောင်၊ နေ့လယ်က ငါ့ပန်းချီကားကို မှတ်ဆီးပစ်လို့ မင်းကို ပညာပေးမလို့ စောင့်နေတာ'

မလှမ်းမကမ်း ထင်းရှူးပင်အကွယ်ဆီမှ မင်းညီ ထွက်လာပြီး ော့မနေပဲဖြင့် ကျွန်တော့်ကို လှမ်းအော်ပြောလိုက်၏။

သူ့နောက်မှ တခြားလူသုံးဦးကလည်း တစ်ယောက်ပြီး တစ်ယောက် မလှမ်းမကမ်း အမှောင်ရိပ်ထဲမှ အသီးသီး ထွက်လာနေကြသည်။

'မင်းတို့. . . ရှေ့မတိုးနဲ့နော်'

ကျွန်တော်က ခဲလုံးကိုကိုင်ကာ ရွယ်ထားရင်း ရှေ့တိုးလာနေသော မင်းညီ၏ လူများကို လှမ်းပြီး ခြောက်လိုက်၏။ သို့သော် သူတို့ ခြေလှမ်းများက နည်းနည်းမှ တွန့်ဆုတ်သွားခြင်း မရှိဘဲ ကျွန်တော်နှင့် အတိတကမ်းစာသာသာအထိပင် ရောက်လာနေ၏။

ကျွန်တော်က နောက်သို့ နှစ်လှမ်းသုံးလှမ်း ဆုတ်လိုက်ရင်း သစ်ပင်တစ်ပင်ကို ကျောဖြင့်ပြေးကပ်ကာ လက်ထဲမှ ခဲလုံးကိုလဲ ပစ်ပေါက်ရန် အသင့်ပြင်ထား၏။

ကျွန်တော့် ရင်ခုန်သံများမှအပ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ကြာတယ်ကွာ. . . ဟေ့ကောင်တွေ. . . ဘာလုပ်နေကြတာလဲ'

မင်းညီ၏ အမိန့်ပေးသံနှင့်အတူ ကျွန်တော့်ထံသို့ ချဉ်းကပ်လာနေသော သူတို့သုံးဦးထဲမှ တစ်ယောက်ကို ခဲဖြင့် သေသေချာချာ ချိန်ရွယ်ပြီး ကျွန်တော်က စတင် ပစ်ပေါက်တိုက်ခိုက်လိုက်၏။

ကျွန်တော် ခဲဖြင့် ပစ်ပေါက်လိုက်သော ကိုယ်လုံးကိုယ်ဖန် ခပ်တောင့်တောင့်နှစ်ကောင်က ကိုယ်ကို ဘေးသို့ညွတ်ကာ ရှောင်လိုက်ရင်း ကျွန်တော့်ကို ဝင်ပြီးလုံးတော့သည်။ ခွန်အားခြင်းမမျှသော်လည်း ကျွန်တော့်လက်သီးများက သူ့နံရိုးများပေါ်သို့ အဆက်မပြတ် ထိုးသွင်းပြီး ကိုယ်ကိုဘေးသို့ ရှောင်ထွက်လိုက်၏။ ထိုစဉ် အခြားတစ်ယောက်မှ ကျွန်တော့် ခြေထောက်အောက်ခြေကို ဖြတ်ကန်လိုက်ရာ အပေါ်သို့ မြောက်တက်သွားပြီး မြေပြင်ပေါ်သို့ ဖင်ထိုင်ရက် လဲကျသွား၏။

'ဘုန်း'

'အား'

ကျွန်တစ်ယောက်က ကျွန်တော့်အပေါ်မှခွစီးကာ လည်ပင်းကို ညှစ်ထားရင်း မလှုပ်နိုင်အောင် ချုပ်ထား၏။

ထိုသူ၏အောက်မှ ကျွန်တော် ရုန်းကန်နေသော်လည်း လည်ပင်းအညှစ်ခံထားရသဖြင့် အသက်ရှူပင် ကျပ်လာ၏။

'အစ်... အိ... အိ...'





သူတို့အထဲမှ ကိုယ်ခန္ဓာခပ်တောင့်တောင့်နှင့် ကောင်က ပြေးလာပြီး ကျွန်တော့်မျက်နှာကို သူ့လက်သီးများဖြင့် တစ်ချက်ပြီးတစ်ချက် ဝယ်ပယ်နယ်နယ် ထိုးနေတော့သည်။

'ဟေ့ကောင်တွေ ခဏရပ်အုံး'

မင်းညီ၏ လေသံခပ်ပြတ်ပြတ်ကို လက်သီးများကြားတွင် အရှုံးအလဲခံနေရရင်း ကျွန်တော် ကြားလိုက်ရ၏။ မကြာခင် ကျွန်တော့်ကို ချုပ်ထားသောလက်များ ပြေလျော့သွားပြီး တစ်ခွပ်ခွပ်ထိုးနေသော လက်သီးများလည်း ရပ်သွား၏။

ကျွန်တော် မျက်လုံးများကို အားယူပြီး ဖွင့်လိုက်သော်လည်း မျက်နှာတစ်ခုလုံးမှာ နာကျင်ကိုက်ခဲလျက် ရှိနေသည်။ ကျွန်တော် ရှိသမျှ အားအင်ကို ဖျစ်ညှစ်ရင်း ကုန်းထဖို့ ကြိုးစားနေ၏။

ထိုစဉ် မင်းညီက ကျွန်တော့်ထံသို့ ခြေလှမ်းခပ်သွက်သွက်ဖြင့် ပြေးလာပြီး ကျွန်တော့်မေးဖျားဆီသို့ သူ့ဖိနပ်ဦးဖြင့် အားကုန် လွှဲကန်လိုက်လေသည်။

'ဖျောင်း. . .'

'အား. . .'

ကျွန်တော့် အောက်မေးရိုးကြီးတစ်ခုလုံး လွင့်စင်ထွက်သွားအောင် မျက်လုံးများ ပြာဝေသွားကာ ဘာမှမသိတော့ချေ။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ကျွန်တော် ပြန်သတိရလာသောအခါ မျက်နှာတပြင်လုံး ကိုက်ခဲနာကျင်နေပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တော်တော်နှင့် လှုပ်ရှား၍မရ။ ကြိုးစားအားယူပြီး မျက်လုံးကို ဖွင့်ကြည့်လိုက်သော်လည်း ကျွန်တော့် ညာဘက်မျက်လုံးမှာ ကောင်းကောင်းမပွင့်ပဲ တစ်ဆစ်ဆစ် နာကျင်နေလျက်ရှိသည်။

တစ်ချက်တစ်ချက် ကုန်းထလိုက်ဖို့ ကြိုးစားသော်လည်း ဘယ်လိုမှ ထ၍မရဘဲ ဖြစ်နေ၏။ ဝမ်းလျှားမှောက်ပြီး ရှေ့မှ သစ်ပင်ခြေရင်းဆီသို့ ကုတ်ကပ်သွားလိုက်၏။ သစ်မြစ်တစ်ခုကို လက်ဖြင့် မိမိရရ ဆွဲ





ကိုင်ရင်း ငုတ်တုတ်ထိုင်နိုင်အောင်ပင် မနည်းကြိုးစားပမ်းစား လုပ်လိုက်ရသည်။

သစ်ပင်ကို ကျောမှီပြီးထိုင်ကာ အသက်ကို မှန်မှန်ပြန်ရှူနေရင်း လက်မှနာရီကို ငုံ့ကြည့်လိုက်၏။ ကျွန်တော့်နာရီက ဘယ်နေရာတွင် ပြုတ်ထွက်သွားသည်မသိ၊ အချိန်ကတော့ တော်တော်လေးပင် မိုးချုပ်နေပြီဖြစ်သည်။ ရုတ်တရက် ကျွန်တော့်ကျောပိုးအိတ်ကို စိတ်ရောက်သွားပြီး ကြည့်လိုက်ရာ ကျွန်တော်နှင့် ခပ်လှမ်းလှမ်းမှ သစ်ပင်ခြေရင်းတွင် ပုံရက်သား လှမ်းတွေ့လိုက်ရသည်။

ကျွန်တော် ကြိုးစားအားယူပြီး မတ်တတ်ထရပ်လိုက်၏။ ကျောပိုးအိတ်ရှိရာသို့ တစ်လှမ်းချင်း လျှောက်သွားကာ ကုန်းကောက်လိုက်စဉ် ကျွန်တော့်နဖူးခေါင်းမှ စီးကျလာသော သွေးများကို လက်ဖြင့်အသာ သပ်ပြီး သုတ်လိုက်သည်။

ထိုနောက် ယိုင်နဲ့ပြိုလဲတော့မည့် ခြေလှမ်းများဖြင့် အိမ်သို့ လျှောက်ပြန်လာခဲ့သည်။

အိမ်ရှေ့ဆင်ဝင်ဖိနပ်ချွတ်အရောက်တွင် ကျွန်တော့် ခန္ဓာကိုယ်ကြီး တစ်ခုလုံး ပျော့ခွေညွတ်ကျမသွားအောင် မနည်းထိန်းထားလိုက်ရသည်။ မျက်နှာတစ်ခုလုံးမှာလည်း ထုံကျင်ကိုက်ခဲသည့် ဝေဒနာကို အလူးအလဲ ခံစားနေရ၏။ တံခါးမကြီးကို လက်ဖြင့် အသာတွန်းဖွင့်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com

အခါ ညှော်ခန်းအတွင်းမှ နန္ဒာ၏ စန္ဒရားလက်သံကို ကြားနေရသည်။

'ဟင်. . . နန္ဒာ မအိပ်သေးပါလား၊ တော်ကြာ ငါ့ဒဏ်ရာတွေ မြင်သွားရင် စကားကြောရှည်နေအုံးမယ်၊ ငါ အိမ်ထဲကို ဘယ်လိုဝင်သွားရင် ကောင်းမလဲ'

ကျွန်တော် အိမ်အဝင်ဝ တံခါးပေါက်နားတွင် ရပ်ကာ စဉ်းစား နေစဉ်. . .

'ဟဲ့. . . ဗိုးကျော် နင်နောက်ကျလှချည်လား'

နန္ဒာ စန္ဒရားတီးနေရာမှ ရပ်သွားပြီး ကျွန်တော့်ကို လှမ်းမေးလိုက် ၏။

'အေး. . . ဟုတ်တယ်. . . ငါကိစ္စတစ်ခုရှိလို့'

ကျွန်တော်က အိမ်မကြီးထဲသို့ လှမ်းဝင်လိုက်ပြီး နန္ဒာဘက်သို့ ကျောပေးကာ တံခါးမကြီးကို ပြန်လှည့်ပိတ်လိုက်၏။

နန္ဒာက ကျွန်တော့်မျက်နှာကို မြင်လိုက်ပုံမရပဲ၊ စန္ဒရားခလုတ် များကို ပြန်ပြီးတီးခေါက်ရင်း လေကြောရှည်ဖို့ ကြိုးစားနေ၏။

'သြော်. . . ဘာလဲ၊ နင်နဲ့ ရှင်နှောင်းနဲ့ လျှောက်လည်နေကြ လို့လား'

'ဟာ. . . အဓိပ္ပာယ်မရှိတာ'

ကျွန်တော်က ပြီးပြီးရော ပြန်ပြောလိုက်သော်လည်း ကျွန်တော့် စိတ်ထဲတွင် ရှင်နှောင်းကို ပြေးပြီး သတိရမိလိုက်သည်။

ကျွန်တော့်အခန်းဆီသို့ ခပ်သွက်သွက် လျှောက်လာလိုက်ရင်း အခန်းအတွင်းမှ တံခါးLockကို ချထားလိုက်ပြီး အိပ်ယာပေါ် ခြေပစ် လက်ပစ် လှဲချလိုက်၏။

'အား. . .'

ကျွန်တော့် ခန္ဓာကိုယ်တစ်ခုလုံးမှာ အထိမခံနိုင်လောက်အောင် နာကျင်နေ၏။ အိပ်ရာပေါ်မှ ဖြည်းဖြည်းချင်းထကာ ရေချိုးခန်းအတွင်း သို့သွား၍ ကျွန်တော့်မျက်နှာမှ ဒဏ်ရာများကို ဆေးကြောလိုက်သည်။

မှန်ထဲမှ မြင်နေရသော ကျွန်တော့်မျက်နှာမှာ ညာဖက်မျက်လုံး [illegible]ပက်က ပိတ်နေပြီး နှာခေါင်းတစ်ခုလုံးလည်း နီရဲနေကာ သွေးစ [illegible]များက ခြောက်နေ၏။ ဒဏ်ရာများကို ဆေးကြောရင်း ရန်ကုန်သို့ ပြန်ချင်စိတ်များက ဆွေးဆွေးမြေ့မြေ့ ဖြစ်ပေါ်နေတော့သည်။

ရေချိုးခန်းမှ ပြန်ထွက်လာပြီး အိပ်ရာပေါ် အသာလှဲနေရင်း ကျွန်တော့်အတွေးများက မေမေ့ဆီသို့ ရောက်နေ၏။

'အင်း. . . မေမေ့ကို သတိရလိုက်တာ၊ ငါ့အဖြစ်တွေကို မေမေ သိရင် စိတ်ကောင်းမှာမဟုတ်ဘူး၊ အန်ကယ်ဦးသီဟတို့ နန္ဒာတို့ဆိုတာ လည်း ငါနဲ့ မောင်နှမအရင်း အမေအရင်းလိုတော့ ဘယ်စုပေါင်းမှာ[illegible] [illegible]နေသော ငါ့အစ်ကိုဖြစ်ဖြစ်၊ ညီဖြစ်ဖြစ်ရှိနေရင် ဒီကောင်တွေကို

www.burmeseclassic.com



သေသေကျေကျေ ပြန်ဆော်မှာ'

တွေးရင်းနှင့် ကျွန်တော့်ကိုယ်ကျွန်တော် ဝမ်းနည်းသလို ဖြစ်လာသည်။

ထိုညတစ်ညလုံးမှာ တစ်ကိုယ်လုံး ကိုက်ခဲလျက် အိပ်ပျော်နိုင်ရန်ပင် မနည်းကြိုးစားနေရသည်။

'အင်း. . . တော်သေးတာပေါ့၊ မနက်ဖြန် စနေ တနင်္ဂနွေ ကျောင်းနှစ်ရက်ပိတ်လို့၊ ဒီဒဏ်ရာတွေနဲ့ ကျောင်းသွားလို့မဖြစ်ဘူး'

ကိုယ်ကို တစ်ဘက်သို့ စောင်းလိုက်ဖို့ တော်တော်ပင် အချိန်ယူနေရသည်။ မျက်နှာတစ်ခုလုံးမှာလည်း နည်းနည်းမှ အထိမခံနိုင်လောက်အောင် နာကျင်နေ၏။

●





တနင်္လာနေ့မနက်တွင် ကျောင်းသို့ ကျွန်တော် အတော်လေးနောက်ကျပြီးမှ ရောက်သွားသည်။ အခန်းရှေ့ရောက်သောအခါ ကွန်ပျူတာ ဆရာမ ဒေါ်အေးမူက စိတ်ဝင်တစား သင်နေသဖြင့် ကျွန်တော်က ကြိုက်သိစွာ အတန်းအတွင်း မဝင်သေးဘဲ စာရပ်စောင့်နေလိုက်၏။

'ဘယ်လိုလဲ မောင်ကျော်ကျော်ဆွေ ဘယ်အချိန်ရှိပြီလဲ၊ အချိန်ကို နည်းနည်းပါးပါး လေးစားမှပေါ့'

ဆရာမက အတန်းအပေါက်ဝတွင် ရပ်နေသော ကျွန်တော့်ကို လှည့်ကြည့်သွားပြီး အနည်းငယ် ဒေါပွသည့်လေသံဖြင့် လှမ်းပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့. . . တောင်းပန်ပါတယ် ဆရာမ၊ ကျွန်တော် နည်းနည်းနောက်ကျသွားတယ်'

'သွား. . . နေရာမှာ သွားထိုင်'

ဆရာမဒေါ်အေးမူက တခြားဆရာများထက် အသက်ငယ်ပုံရပြီး ကျောင်းသားများ၏ ချစ်ခင်နှစ်သက်ခြင်းကို အပြည့်အဝရသော ဆရာမတစ်ယောက် ဖြစ်သည်။

ကျွန်တော်က အတန်းရှေ့မှနေ၍ ကျွန်တော်ထိုင်နေကျ ပြတင်းပေါက်ဘေးမှခုံဆီသို့ ကွေ့ပတ်လျှောက်သွားပြီး ထိုင်ချလိုက်၏။

ကျွန်တော့်မျက်လုံးများက ရှင်နောင်း၏ နောက်ကျောကို ငေးကြည့်နေရင်း ပြီးခဲ့သည့်ရက် အဖြစ်အပျက်များ အားလုံးက မျက်စိထဲတွင် တဖြည်းဖြည်း ပြန်ပေါ်လာသည်။ ရှေ့မှ ဆရာမသင်နေသော ကွန်ပျူတာဂရပ်ဖစ် သင်ခန်းစာများက ကျွန်တော့်ခေါင်းအတွင်းသို့ မရောက်ချေ။

'ကဲ. . . မောင်ကျော်ကျော်ဆွေ မတ်တပ်ရပ်ပါဦး၊ အခုပေါ်နေ (Photoshop C.S VERSION.) ဖိုတိုရှော့ စီအက်စ် ဗားရှင်းက အရင်ဗားရှင်း (VERSION) တွေနဲ့ ဘာကွာလဲ ဖြေစမ်းပါဦး'

ရုတ်တရက် ဆရာမဒေါ်အေးမူ မေးလိုက်သောမေးခွန်းကို ကျွန်တော် ဘာပြန်ဖြေလို့ဖြေရမှန်း မသိပဲ မတ်တပ်ရပ်ရင်း ဟိုဟိုဒီဒီ ကြည့်





ကာ စဉ်းစားသလို လုပ်နေ၏။

ကျွန်တော့်မျက်လုံးများက ပြတင်းပေါက် အပြင်ဘက်သို့ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်လိုက်၏။

'ဟင်. . .'

ဖွင့်ထားသော ပြတင်းပေါက်မှနေ၍ ဟိုတစ်နေ့က မြင်လိုက်ရသည့် ကျွန်တော့်မျက်နှာနှင့် ချွတ်စွတ်တူသောကောင်ကို လှမ်းတွေ့လိုက်ရသည်။

ဆရာမမျက်နှာကို ကျွန်တော် တစ်ချက် လှမ်းကြည့်လိုက်ပြီး ထိုကောင်လေးရပ်နေရာဆီသို့ နောက်တစ်ကြိမ် ပြန်အကြည့်တွင် ကျွန်တော် စိတ်တွေကို ဘယ်လိုမှ မထိန်းချုပ်နိုင်အောင် ဖြစ်သွား၏။

■



www.burmeseclassic.com

## အခန်း (၁၂)

'ကဲ. . . ဘယ်လိုလဲ ကျော်ကျော်ဆွေ၊ ငါသင်နေတာတွေကို နင် တစ်စက်ကလေးမှ စိတ်မဝင်စားဘူး မဟုတ်လား၊ ခုံပေါ်တက်ပြီး မတ်တပ်ရပ်စမ်း'

ရုတ်တရက် ဆရာမဒေါ်အေးမူ၏ အသံကို ကြားလိုက်ရသော ကြောင့် ပြတင်းပေါက်ကို ကြည့်နေရာမှ ဆရာမဆီသို့ ပြန်လှည့်ကြည့် လိုက်၏။ ကျွန်တော်စိတ်ကတော့ ပြတင်းပေါက် အပြင်ဘက်မှ ကျွန်တော့် မျက်နှာနှင့် ကောင်ဆီသို့သာ ရောက်နေသည်။

ထိုင်ခုံပေါ် မတ်တပ်ထပြီး ရပ်လိုက်ရင်း ကျွန်တော့်ဘေးမှ ပြတင်းပေါက်သို့ နောက်တစ်ကြိမ် ပြန်လှည့်ကြည့်လိုက်၏။ ထိုကျွန်တော့်





မျက်နှာနှင့်ကောင်ကတော့ စောစောက ကျွန်တော်မြင်လိုက်ရသည့် အတိုင်း မလှုပ်မယှက်ပင် ပြန်ကြည့်နေသည်။

'တောက်...ဒီကောင် ငါ့ကိုအရူးလုပ်နေတာပဲဖြစ်မယ်၊ နောက်ပြီး သူဘယ်သူလဲဆိုတာ ငါသိချင်တယ်၊ ဘာဖြစ်လို့ ငါနဲ့ ဒီလောက် ချွတ် စွပ်တူနေတာလဲ'

ပြတင်းပေါက်ကို ငေးကြည့်နေရင်း ကျွန်တော့်စိတ်တွေ လှုပ်ရှား သွား၏။

'ဝုန်း. . .'

ရုတ်တရက် ကျွန်တော် ပြတင်းပေါက် ဘောင်ပေါ်သို့ ခုန်တက် လိုက်ပြီး ထိုကောင်လေး ရပ်နေရာဆီသို့ လွှားခနဲ ခုန်ချလိုက်၏။

'ဟာ. . .'

'ဘယ်လိုဖြစ်တာလဲ'

'ဟဲ့. . . ကျော်ကျော်ဆွေ နေဦးလေ၊ ဘယ်လိုဖြစ်တာလဲ'

'ဒီကောင် ဘာအရူးထသွားတာလဲ'

နောက်ဘက်မှ တစ်ခန်းလုံး၏ အသံများက တစ်ယောက်တစ် ပေါက်ဖြင့် ကျွန်တော့်ကို ဝိုင်းအော်ပြောနေသံ ကြားလိုက်ရသည်။ ကျွန် တော်က တစ်ချက်မှ နောက်သို့ ပြန်လှည့်မကြည့်ပဲ ထိုငနဲကို ဖမ်းဖို့သာ ကြိုးစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြတင်းပေါက်မှ ခုန်ချလိုက်သည်နှင့် ကျွန်တော့်မျက်နှာနှင့်ကောင်မှာ နောက်သို့ လှည့်ကာ လှစ်ခနဲ ပြေးတော့သည်။

'ဟေး. . . ကျော်ကျော်ဆွေ ပြန်လာခဲ့စမ်း'

အခန်းဝမှ ဆရာမ ဒေါ်အေးမူ လှမ်းအော်နေသံ ကြားလိုက်ရသည်။

ကျွန်တော်က လုံးဝပြန်လှည့်မကြည့်ပဲ ကျွန်တော့်ရှေ့ သုံးလေးငါးကိုက်အကွာလောက် ရောက်နေသည့် ကျွန်တော့်မျက်နှာနှင့်ကောင် နောက်သို့ သဲကြီးမည်းကြီး လိုက်နေ၏။

ကျွန်တော်ပြေးလိုက်နေရာ စာသင်ခန်းဘေးမှ မြေပြင်သည် တဖြည်းဖြည်းချင်း မြင့်တက်သွားသော မြက်ခင်းစိမ်းများရှိသည့် တောင်ကုန်းလေးဖြစ်သည်။

ကျွန်တော့်ရှေ့မှ ထွက်ပြေးသွားသည့် ကျွန်တော့်မျက်နှာနှင့်ကောင်မှာ တောင်ကုန်းထိပ်နားသို့ပင် ရောက်ခါနီးနေပြီ ကျွန်တော့်မှာလည်း သူ့ကိုမီရန် ကုန်းအတက်ကို အားသွန်ခွန်စိုက် မနည်းပြေးလိုက်နေရ၏။

ကြည့်နေရင်းမှာပင် သူက ကုန်းမြင့်ထိပ်သို့ ရောက်သွားပြီး ကုန်းမြင့်၏ တစ်ဘက်သို့ပင် ပြေးဆင်းနေပြီဖြစ်သည်။ ကျွန်တော်ပြေးလိုက်သောနေရာမှ လှမ်းကြည့်လိုက်ရာ သူ့ခေါင်းနောက်စေ့သာသာ





သာက်သာ လှမ်းမြင်ရတော့သည်။

ခဏအတွင်းမှာပင် ကျွန်တော်လည်း ကုန်းမြင့်ထိပ်သို့ ရောက်သွား၏။

'ဟင်. . . ဟိုကောင် ဘယ်ရောက်သွားပြီလဲ'

ကျွန်တော် ကုန်းမြင့်ထိပ်တွင် ရပ်လိုက်ရင်း ဘေးဝဲယာတို့ကို ချက်ချင်း ဝေ့ဝိုက်ကြည့်လိုက်၏။

ကုန်းမြင့်၏တစ်ဘက်မှ မြေပြင်မှာ အောက်သို့ ခပ်ပြေပြေလေး နိမ့်ဆင်းသွားပြီး ကျောင်းဘောလုံးကွင်းနှင့် ဆက်နေရာ လွင်ပြင်ကျယ်ကြီးကဲ့သို့ ဖြစ်နေသည်။ ဘယ်နည်းနှင့်မဆို ကွင်းပြင်ကြီးအတွင်း ဒီကောင်ကို တွေ့နိုင်သော်လည်း ယခုတော့ ပျောက်ချင်းမလှ ပျောက်သွားလေပြီ။

ကျွန်တော် တောင်ကုန်းထိပ်မှနေ၍ စာသင်ခန်းရှိရာဆီသို့ အပေါ်မှ စီးပြီးကြည့်လိုက်ရာ တစ်ခန်းလုံး ရှိသမျှ အတန်းသားများနှင့် ဆရာမ ဒေါ်အေးမူက အခန်းရှေ့ထွက်ပြီး ရုတ်ရုတ်သဲသဲ အံ့သြတကြီး ကျွန်တော့်ကို မော့ကြည့်နေကြသည်။

'သွားပြီ. . . ငါတော့ အရူးဖြစ်ပြီ၊ တခဏလေးအတွင်းမှာ ငါ ဘာတွေလုပ်လိုက်မိပါလိမ့်၊ အခုလို ဖြန်းစားကြီး ကောက်ကာငင်ကာ ထပြီးပြေးတယ်လို့ပဲ ထင်သွားကြပြီလား၊ ဒုက္ခပါပဲ၊ အင်း. . . ဘာပဲ ပြောပြော သူတို့အားလုံးထဲက တစ်ယောက်ယောက်ကတော့ ငါ့ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို ပြေးလိုက်တယ်ဆိုတာ မြင်တော့ မြင်လိုက်မှာပဲ. . . ဟုး'

ကျွန်တော် သက်ပြင်းတစ်ချက်ချလိုက်ရင်း စာသင်ခန်းရှိရာ အနိမ့်ပိုင်းဆီသို့ ဖြည်းဖြည်းချင်း ပြန်ဆင်းလာခဲ့သည်။

အခန်းဝတွင် စုပြုံတိုးဝေ့၍ အားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်နေကြ၏။ ဆရာမ ဒေါ်အေးမူ ကိုယ်တိုင်ပင် ကျွန်တော့်ကို နားမလည်သော အကြည့်ဖြင့်ကြည့်နေကာ. . .

'ကျော် . . . ကျော် . . . ဆွေ. . . နင်'

ဆရာမက ကျွန်တော့်ကို ခြေဆုံးခေါင်းဖျားကြည့်ရင်း အံ့သြတကြီး လှမ်းပြောလိုက်၏။

'ဟို. . . မဟုတ်ဘူးဆရာမ. . . ကျွန်တော့်မျက်နှာ'

'ဘာမှပြောမနေနဲ့၊ ကဲ. . . အားလုံး ကိုယ့်နေရာကိုယ် ထိုင်ကြစမ်း၊ သွား. . . မင်းလည်း ကိုယ့်နေရာကိုယ်သွားထိုင်'

တစ်ခန်းလုံးရှိ ကျောင်းသားများအားလုံး တဝုန်းဝုန်းဖြင့် ကုလားထိုင်ဆွဲသူကဆွဲ၊ တီးတိုးပြောသူကပြောနှင့် ကျွန်တော့်ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြရင်း ပြန်ထိုင်လိုက်ကြသည်။

ကျွန်တော် ဒီကျောင်းသို့ စပြီးရောက်ကတည်းက ယခုအချိန်အထိ အဆင်ပြေသည့်ကိစ္စကလေး တစ်ခုတလေမှ မတွေ့ရ၊ ဒုက္ခအပေါင်းတို့နှင့်သာ အမျိုးမျိုး ရင်ဆိုင်နေရလေသည်။





အခန်းအတွင်းသို့ ကျွန်တော် တစ်ချက်ဝေ့ကြည့်လိုက်သောအခါ အတန်းသားများအားလုံး၏ မျက်နှာများက ကျွန်တော့်ကို အံ့သြတကြီး ဝိုင်းကြည့်နေကြသည်။ ကျွန်တော် ပြန်ကြည့်လိုက်သောအခါ အားလုံး မျက်နှာများ ပြန်လွှဲသွား၏။

အင်း. . . ငါ့ကို တစ်ခန်းလုံးကတော့ ဘယ်လိုထင်သွားပြီလဲ မသိဘူး၊ အခုနေသာ သူတို့အားလုံးရှေ့မှာ ငါ့မျက်နှာနဲ့ တူတဲ့ကောင်ကို ဖုတ်ကကိုင်ပြီး ဆွဲပြလိုက်ရရင် ငါ့ကို ဘာပြောကြမလဲ မသိဘူး၊ ဒီကောင် ငါနဲ့ ဘာဖြစ်လို့ ရုပ်ချင်း အဲဒီလောက်တောင် တူနေရတာလဲ။ ဒုက္ခပေးဖို့သက်သက် ငါ့ကို လာလာကြည့်နေတဲ့အတိုင်းပဲ။

တောက်. . . ဒီကောင်ကို မမိလိုက်တာနာတယ်၊ သူနဲ့ငါ ဘယ်လောက်ရုပ်ချင်းတူတယ်ဆိုတာ သိရင် အားလုံးက အမြွှာဆိုပြီး အံ့သြကြမှာ အင်း. . . ဟုတ်တယ်. . . အမြွှာ၊ ဒီကောင်က ငါနဲ့ အမြွှာတွေ ဘာတွေများ ဖြစ်နေမလား'

■

ကျောင်းနှင့်ကောင်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

နေ့လည်စာ ထမင်းစားချိန်တွင် နန္ဒာနှင့်ကျွန်တော် ကင်တင်းမှာဆုံပြီး အတူတူစားကြသည်။ နန္ဒာက ကျွန်တော့်ကို အသာလေး လက်ကုတ်ပြီး ဘေးဝိုင်းများမကြားအောင် အသံခပ်တိုးတိုးဖြင့် လှမ်းမေးလိုက်သည်။

'ဟဲ့. . . ဖိုးကျော် ဘယ်လိုဖြစ်တာလဲ၊ နင်က စာမေးလို့ မဖြေနိုင်တာနဲ့ ပြတင်းပေါက်က ခုန်ချပြီး ထွက်ပြေးသွားတယ်ဆို'

'ဟာ. . . မဟုတ်က ဟုတ်က နန္ဒာရာ'

'နင်ကသာ မဟုတ်ဘူးပြောနေ၊ နင့်အကြောင်းက တစ်ကျောင်းလုံး ပျံ့နေပြီ၊ ဘယ်လိုဖြစ်တာလဲ၊ နင် စာတွေလည်း ရရဲ့သားနဲ့'





နန္ဒာက မောင်နှမအချင်းချင်းမို့ တခြားသူကြားမည်စိုးသဖြင့် တိုးတိုးကျိတ်ကျိတ် ကျွန်တော့်ကို မေးနေ၏။ ကျွန်တော်က ရှေ့မှ ကော်ဖီ ခွက်ထဲမှကော်ဖီကို တချက်ငုံလိုက်ရင်း နန္ဒာကို ကျွန်တော့်အဖြစ်တွေ ပြောသင့်မပြောသင့် စဉ်းစားနေ၏။

ကျွန်တော်က နန္ဒာမျက်နှာကိုကြည့်ရင်း. . .

'နန္ဒာ. . . ငါနဲ့တူတဲ့ကောင်မျိုး ဒီကျောင်းမှာရှိလား'

နန္ဒာက မျက်မှောင်တစ်ချက် ကျုံ့ပြီး ကျွန်တော့်မျက်နှာကို သေချာကြည့်ကာ စဉ်းစားသလိုလုပ်ရင်း. . .

'ဟိုကောင်. . . ဖိုးညဏ်ဆိုတဲ့ကောင်ကတော့ နင့်လိုပုံစံပဲဟ ဆံပင်ထောင်ထောင်နဲ့'

နန္ဒာစကားသံကြောင့် ကျွန်တော် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

'ဩော်. . . နေဦးဟ၊ ဟိုကောင် ရာဇာရဲနိုဆိုတဲ့ကောင်က နင့်လိုပဲ၊ မျက်ခုံးမွေးထူထူ၊ ဆံပင်ထောင်ထောင်နဲ့၊ ခပ်ကြောင်ကြောင် ရုပ်မျိုး'

'တော်ပါတော့ နန္ဒာရာ၊ ငါပြောတာက ငါ့မျက်နှာအတိုင်း တစ်ပုံစံထဲ ချွတ်စွပ်တူတဲ့ရုပ်မျိုးကို ပြောတာဟ'

ကျွန်တော် စိတ်မရှည်တော့ဘဲ နန္ဒာကို ပြန်အော်လိုက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို ဒုက္ခလိုက်ပေးနေသည့် ကျွန်တော့်မျက်နှာနှင့်ကောင် အကြောင်း နန္ဒာကို တစ်လုံးမကျန် ပြန်ပြောပြလိုက်တော့သည်။

ကျွန်တော့်စကားအရှည်ကြီး ဆုံးသွားသောအခါ နန္ဒာက ကျွန်တော့်မျက်နှာကိုကြည့်ရင်း ပြုံးစေ့စေ့လုပ်နေ၏။

'အင်း. . . ဒီမြို့မှာ နန္ဒာနဲ့ အန်ကယ်ဦးသီဟက လွဲရင် ငါ့အကြောင်းကို ဘယ်သူကမှ ယုံကြည်ကြမှာမဟုတ်ဘူး၊ အခုတောင် နန္ဒာက ငါ့စကားတွေကို ပြောင်သလို လှောင်သလို လုပ်နေပြီ။ ဦးသီဟကတော့ လူကြီးဆိုတော့ ငါ့အကြောင်းကို ချင့်ချင့်ချိန်ချိန် တွေးကြည့်မှာပဲ၊ ဟုတ်ပြီ ငါ ဒီအကြောင်းတွေအကုန်လုံး အန်ကယ်ဦးသီဟကို ပြောပြရမယ်၊ နောက်ပြီး သူက မေမေ့ရဲ့ မောင်အရင်းဖြစ်တော့ ငါ့မှာ အမြွှာညီအစ်ကို ရှိမရှိ သေသေချာချာသိရမှာပဲ'

●





ထိုနေ့က အိမ်ပြန်ရောက်ရောက်ချင်း ကျွန်တော့် ကျောပိုးအိတ်ကို ပစ်ချကာ ဦးသီဟရှိရာ အခန်းဆီသို့ လျှောက်သွားလိုက်၏။ အခန်းရှေ့မှ တံခါးကိုခေါက်ရင်း လေသံကိုမြှင့်ကာ လှမ်းအော်ခေါ်လိုက်၏။

'အန်ကယ်. . . အန်ကယ်ဦးသီဟ'

အခန်းအတွင်းမှ ဦးသီဟ ပြန်ထူးသံ မကြားရချေ။

ပထမ ကျွန်တော်က အခန်းတံခါးကို ဖွင့်ဝင်မည်ပြုပြီးမှ ဦးသီဟမှာထားသော စကားကို သတိရသွားကာ အခန်းရှေ့မှ ပြန်လှည့်ထွက်လာခဲ့၏။

အခန်းရှေ့မှ တစ်လှမ်းချင်းလှမ်းကာ ထွက်လာရာ ဧည့်ခန်းထဲအရောက်တွင်ကား အခန်းထောင့်မှ ကုလားထိုင်တစ်လုံးတွင် ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီးထိုင်လျက် ဘာတွေတကုပ်ကုပ် လုပ်နေမှန်းမသိသော အန်ကယ် ဦးသီဟကို လှမ်းတွေ့လိုက်ရသည်။

'အန်ကယ် . . . အန်ကယ်'

ကျွန်တော်က ဦးသီဟကိုခေါ်ရင်း သူ့အနားသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။

ဦးသီဟကတော့ ကျွန်တော် ခေါ်နေသံကို မကြားပဲ သူ့ကိစ္စကို သာ သဲကြီးမဲကြီး တကုပ်ကုပ်လုပ်နေသည်။ ဦးသီဟ ထိုင်နေရာနောက် သို့ ကျွန်တော်ရောက်သွားပြီး သူ့ပုခုံးပေါ်မှကျော်ကာ ငုံ့ကြည့်လိုက်၏။

အန်ကယ်ဦးသီဟက သူ့လက်ထဲ ရှိ ဘီလူးခေါင်းပုံ ဆေးတံ တစ်ချောင်းကို ပြောင်လက်သည်အထိ ပွတ်တိုက်နေပြီး ပါးစပ်မှလည်း ဘာတွေရွတ်နေမှန်းမသိ တတွတ်တွတ် ရွတ်နေသည်။

'အန်ကယ် . . . အန်ကယ်ဦးသီဟ'

ကျွန်တော်က နောက်ထပ် တစ်ခွန်း နှစ်ခွန်းဆင့်ခေါ်လိုက်မှ ဦးသီဟက ပြန်လှည့်ကြည့်လိုက်သည်။ သူဘေးမှ ဖြတ်ပြီး မျက်နှာချင်း ဆိုင် ခုံတစ်ခုံတွင် ကျွန်တော် ဝင်ထိုင်လိုက်၏။

'ဟော . . . ဘာကိစ္စလဲကွ'

ကျွန်တော့်ကို လှမ်းမေးလိုက်သော်လည်း ဘီလူးခေါင်းပုံ ဆေးတံ မှ သူ့မျက်လုံးကမခွာပဲ တိုက်ချွတ်မြဲ တိုက်ချွတ်နေသည်။





ကျွန်တော် သိချင်နေသော အကြောင်းအရာကို ဦးသီဟအား လှမ်းမေးလိုက်သည်။

'အန်ကယ့်ကို ကျွန်တော် တစ်ခုမေးစရာရှိလို့'

'အေး . . . မေးလေကွာ၊ မင်းတို့ကျောင်းစာတွေတော့ အန်ကယ် နားမလည်ဘူး၊ ကျန်တာတွေတော့ ကြိုက်တာမေး'

ဦးသီဟ စကားကြောင့် ကျွန်တော် တစ်ချက်ပြုံးလိုက်ရင်း . . .

'မဟုတ်ပါဘူး အန်ကယ်၊ ကျွန်တော်သိချင်တာက ကျွန်တော့်ကို မွေးတုန်းက တစ်ယောက်တည်းမဟုတ်ဘဲ အမြွှာတွေဘာတွေများ ရှိခဲ့သလားလို့'

'ဘာ . . .'

'ဒေါက် . . .'

ရုတ်တရက် ဦးသီဟ လက်ထဲမှ ဘီလူးခေါင်းပုံဆေးတံလေးက အောက်သို့ ပြုတ်ကျသွား၏။ အန်ကယ်ဦးသီဟက ကျွန်တော့်မျက်နှာကို အံ့သြတကြီး စိုက်ကြည့်နေရင်း တုန်တုန်ယင်ယင်အသံဖြင့် . . .

'ဒီ လျှို့ဝှက်ချက်ကို မင်း ဘယ်လိုသိသွားတာလဲ မိုးကျော်'

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ယခုတစ်ခါ တကယ်အံ့သြသွားရသူက ကျွန်တော်ဖြစ်သည်။ ကျွန်တော့်စိတ်အတွင်းမှ အရမ်းသိချင်နေသည့် ကျွန်တော့်မျက်နှာနှင့် ကောင်သည် ကျွန်တော်နှင့် အမြွာညီအစ်ကိုပါဟု ဦးသီဟ ပါးစပ်မှဘယ် အချိန် ပြောလိုက်မလဲဆိုသည်ကို ရင်တထိတ်ထိတ်ဖြင့် မျှော်လင့်နေမိသည်။

'ဒီလိုကွာ...ဖိုကျော်၊ ဟိုးလွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ် သာသာ လောက်ကပေါ့'

အန်ကယ်ဦးသီဟက ထိုင်ရာမှ ထသွားကာ လက်နှစ်ဘက်ကို နောက်သို့ပစ်ရင်း ခပ်လှမ်းလှမ်းမှ ဒေလီယာပန်းပင်အုပ်များကို လှမ်းပြီး





ကြည့်နေလျက်က စကားစလိုက်သည်။

'မင်းတို့အမေဟာ မင်းတို့နှစ်ယောက်ရဲ့ ကိုယ်ဝန်ကို လွယ်ထားရင်း ဒုက္ခသုက္ခတွေ တော်တော်ရောက်ခဲ့ရတယ်'

ဦးသီဟက စကားပြောရင်း ချောင်းတဟွတ်ဟွတ် ဆိုးနေသဖြင့် လိုရင်းစကားသံက ထွက်မလာသေး။

ကျွန်တော်က မတ်တပ်ရပ်ကာ ဦးသီဟနောက်ကျောသို့ တိုးကပ်သွားပြီး ဦးသီဟ စကားကို နားစိုက်ထောင်နေ၏။

'ဖြစ်ချင်တော့ မင်းတို့နှစ်ယောက်ကို မွေးခါနီးတစ်လ အလိုမှာ တင် မင်းတို့အဖေ ရုတ်တရက် သေဆုံးသွားခဲ့တယ်။ အဲဒီမှာ မင်းတို့ နှစ်ယောက် ကိုယ်ဝန်ကြီးနဲ့ မင်းအမေဟာ အရူးမီးဝိုင်းဖြစ်တော့ တာပေါ့ကွာ'

မတ်တပ်ရပ်ကာ လက်နှစ်ဘက်ကို နောက်သို့ပစ်ပြီး စကားပြော နေရာမှ ဦးသီဟက စားပွဲပေါ်တင်ထားသော သောက်လက်စ ကော်ဖီ ခွက်ကို ကောက်ယူပြီး တစ်ကြိုက်ငုံလိုက်၏။

အန်ကယ်ဦးသီဟကို ကြည့်ရသည်မှာ မကျန်းမမာ ဖြစ်နေ သလားမသိ။ စကားကိုပင် ဆက်တိုက်မပြောနိုင်ဘဲ နားနားပြီး ပြောနေ ရှာ၏။

ဦးသီဟ ပြောပြနေသော ကျွန်တော်တို့မိသားစု၏ အတိတ်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ကြောင်းက စိတ်ဝင်တစား နားထောင်နေသော်လည်း ကျွန်တော်နှင့် အမြွှာဆိုသောကောင် အကြောင်းကတော့ ရောက်မလာသေး။

ဦးသီဟက လက်သီးဖွဖွဆုပ်ရင်း ပါးစပ်နားတေ့ကာ ချောင်းတစ်ချက်နှစ်ချက် ဟန့်လိုက်၏။

'အဲဒါနဲ့ အန်ကယ်က မင်းအမေရှိတဲ့ ရန်ကုန်ကိုလိုက်ခဲ့ရတယ်။ မင်းတို့နှစ်ယောက်ကို မွေးပြီးဖွားပြီးတဲ့အချိန်အထိ ဆိုပါတော့ကွာ၊ တို့မောင်နှမနှစ်ယောက် ကြုံရာ လုပ်ကိုင်စားသောက်ခဲ့တယ်၊ ခက်တာဒီမြို့ကအိမ်ကြီးကိုလည်း အန်ကယ်က လူမရှိ သူမရှိ ပစ်ထားခဲ့ရတော့ မင်းအမေကိုလဲ ဒီမှာပဲ လိုက်နေပြီး တစ်ခုခုလုပ်ကိုင်စားသောက်ဖို့ ပြောခဲ့သေးတယ်။ ဒါပေမယ့် မမက ခေါင်းသိပ်မာတယ်၊ မင်းတို့အဖေ ခေါင်းချသွားတဲ့ အဲဒီရန်ကုန်မြို့ကြီးမှာပဲ နေချင်တယ်တဲ့လေ'

အန်ကယ်ဦးသီဟက သူ့ကုတ်အကျီဖားဖားကြီး၏ အိတ်ကပ်ထဲမှ ဆေးပြင်းလိပ်တစ်လိပ်ကို နှိုက်ယူကာ မီးညှိဖွာရှိုက်လိုက်၏။

'အဲဒါနဲ့ ကျွန်တော်တို့အမြွှာက ဘယ်လိုဆက်ပြီးဖြစ်ရဲ့လဲ ပြောပါဦး'

ကျွန်တော်က ဦးသီဟ၏ စကားများကို သိပ်စိတ်မရှည်တော့ဘဲ ထိုင်ခုံတွင် ဖင်တကြွကြွဖြင့် အလောတကြီး မေးနေ၏။

'အေး... မင်းတို့နှစ်ယောက်ကိုမွေးပြီး ဒုက္ခတွေ တော်တော်ရောက်နေတော့ မင်းတို့ထဲက တစ်ယောက်ကို တခြားအသိမိတ်ဆွေတွေဆီ ပေးပြီး မွေးစားဖို့ မင်းအမေကော အန်ကယ်ကော တိုင်ပင်ကြတာလေ၊ ဒါပေမယ့် မင်းတို့အမေဟာ မဖြစ်လို့သာပေးရမှာ သူ့မှာလည်း တစ်နေ့တစ်နေ့ မျက်ရည်နဲ့ မျက်ခွက်ပါပဲကွာ'

ကျွန်တော် မေမေ့ဒုက္ခတွေကိုကြားရပြီး တော်တော်လေးပင် စိတ်မကောင်းဖြစ်မိနေသည်။ တစ်ချိန်က ကျွန်တော့်အမေတစ်ယောက် လောကအလယ်မှာ ဒဏ်ရာဒဏ်ချက်တွေကို အလူးအလဲ ခံခဲ့ရပါလားဆိုပြီး သည့်အသိက ရင်ကို နာကျင်စေ၏။

အန်ကယ်ဦးသီဟက ဆေးပြင်းလိပ်ကို တရှိုက်ဖွာလိုက်ပြီး မီးခိုးငွေ့များကြားမှ ကျွန်တော့်မျက်နှာကို အကဲခတ်သလို လှမ်းကြည့်လိုက်၏။

'အေး... မင်းတို့အမေက ဒီအကြောင်းတွေကို မင်းတို့နှစ်ယောက် အသက် ၁၈ နှစ်ပြည့်တဲ့နေ့ကျမှ သူကိုယ်တိုင်ပြောမယ်လို့ ဆုံးဖြတ်ထားတာ အခု မင်းက ဒီအကြောင်းတွေကို ဘယ်ကဘယ်လို ကြားလာရတာလဲ ဖိုးကျော်'

ကျွန်တော်က ရုတ်တရက် မတ်တပ်ထရပ်လိုက်ပြီး ဦးသီဟကို ကြည့်ကာ...

'ကြားရတာမဟုတ်ဘူး အန်ကယ်... ကျွန်တော်ကိုယ်တိုင်





www.burmeseclassic.com

www.burmeseclassic.com



မြင်တာ၊ အဲဒီကောင် ကျွန်တော့်ကို ခဏခဏဒုက္ခ လိုက်ပေးတယ်၊ ဟိုတနေ့ကဆို ကျောင်းမှာ သူဖျက်ဆီးခဲ့တာတွေကို ကျွန်တော် တော်တော်ဖြေရှင်းလိုက်ရတယ်'

ဦးသီဟက ထိုင်ရာမှ ကျွန်တော့်မျက်နှာကို အံ့သြသလို ပြန်မော့ကြည့်နေ၏။ ကျွန်တော်က ကျွန်တော့်မျက်နှာနှင့်ကောင်အကြောင်း ဆက်ပြီးပြောဖို့ ပါးစပ်ပြင်လိုက်စဉ် ဦးသီဟက လက်ဖြင့်ကာရင်း...

'မင်း... ဘာတွေလျှောက်ပြောနေတာလဲ ဖိုးကျော်၊ အဲ့ဒီ မင်းသိချင်နေတဲ့ အမြွှာဆိုတာ တခြားမဟုတ်ဘူး၊ မင်းနဲ့ ဆယ်မိနစ်ခြားပြီးမွေးတဲ့ နှမပဲ'

'ဗျာ...'

ဘယ်တော့မှ မထင်မှတ်ထားသော မျဉ်းပြိုင်နှစ်ကြောင်းက ဆုံမှတ်တစ်ခုတွင် လာရောက်ဆုံသကဲ့သို့ မယုံကြည်နိုင်လောက်အောင် ကျွန်တော် အံ့သြသွားသည်။

'ဗျာ. . . နှမ၊ ဟုတ်လား၊ ဒါဆို . . . နှမနဲ့ ကျွန်တော်က မောင်နှမ မဟုတ်ဘူးပေါ့'

'အေး. . . ဟုတ်တယ်။ မင်းတို့နှစ်ယောက်က မောင်နှမ အရင်းပဲ'

ဦးသီဟ မျက်နှာကို ကျွန်တော် ငေးကြောင်ကြည့်နေရာမှ ကျွန်တော့်ခန္ဓာကိုယ်ကြီးက အဝေးကြီးသို့ လွင့်စင်သွားလိုက် ဦးသီဟ





မျက်နှာများသို့ ပြန်ကပ်လာလိုက်ဖြင့် ဦးနှောက်တွေ ချာချာလည်ကုန်တော့သည်။

'ဒါဆို... ငါ့မျက်နှာနဲ့ကောင်က ဘာလဲ... ဘယ်သူလဲ၊ နောက်ပြီး နှမက ငါနဲ့ ဆယ်မိနစ်ခြားပြီးမွေးတဲ့ ငါ့ညီမလေးတဲ့၊ ဟင်... ဒါဆို ငါက အစ်ကိုပေါ့'

ကျွန်တော့်အတွေးများက တခဏအတွင်း လှိုင်းဂယက်များကဲ့သို့ ဖြာထွက် ပွံ့စင်ကုန်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ပန်းခြံအတွင်းမှ ဒေလီယာပင်များက လေတိုက် လိုက်တိုင်း အစုလိုက်အဖွဲ့လိုက် ဟိုဟိုဒီဒီ ယိမ်းလှုပ်နေကြသည်။ ဘဝတွင် ဘယ်တုံးကမှ မမျှော်လင့်ခဲ့သည့် အကြောင်းအရာများက ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ကျွန်တော့်ထံသို့ ရောက်လာကာ စိတ်ထဲမှ ဝမ်းနည်း ဝမ်းသာ ဖြစ်မိနေ၏။

အကယ်၍သာ ကျွန်တော့်တို့မိသားစု လေးယောက်စလုံး မကွဲမကွာ စုံစုံလင်လင်ဖြင့် ပျော်ရွှင်စွာ အတူတကွ နေထိုင်ရမည် ဆိုပါလျှင် ဘယ်လောက် ဝမ်းသာကြည်နူးဖို့ ကောင်းလိုက်ပါမည်လဲ၊





အခုတော့ သေကွဲ ကွဲရ ရှင်ကွဲ ကွဲရ တစ်အိမ်ထဲ အတူနေရပါသော်လည်း ဆောင်နှမအရင်းချင်းပင် တစ်ယောက်ကို တစ်ယောက် မသိဘဲ နေခဲ့ရ သည်။ ဘယ်လောက် ကြမ္မာဆိုးလိုက်ပါသလဲ။

'အဲဒီတုန်းက မင်းညီမလေး နန္ဒာကို တခြားအသိမိတ်ဆွေတွေကို ပေးပစ်လိုက်ဖို့ စိတ်ကူးခဲ့ကြပေမယ့် တကယ်တမ်းကျတော့ အန်ကယ် တော မင်းမေမေပါ ကိုယ့်သွေးသားအရင်းကို မစွန့်လွှတ်ရက်ခဲ့ကြ ဘူးလေ'

အန်ကယ်ဦးသီဟက ကုတ်အင်္ကျီထဲမှ လက်ကိုင်ပဝါလေးကို ဆုတ်ကာ မျက်စေ့ကို ပွတ်သပ်လိုက်ရင်း ကျွန်တော့်ကို မကြည့်ဘဲ ပြောနေ၏။

'အဲဒီ မင်းတို့မိသားစုရဲ့ အဖြစ်ဆိုးတွေ ဖြစ်မလာခင်ကပေါ့။ အန်ကယ့်မှာလည်း အန်ကယ့်ဇနီး ခင်မေကြည်နဲ့ သားလေးကျော်စွာတို့ မော်လမြိုင်ဘက်ကို ဘုရားဖူးထွက်ရင်း ကားမှောက်ပြီး ကွယ်လွန်ခဲ့ ကြတယ် ဖိုးကျော်'

ပြောရင်းနှင့် ဦးသီဟမှာ ငိုသံပါလာပြီး တုန်ယင်နေသော သူ့ အသံက လည်ချောင်းအတွင်း တိမ်ဝင်နစ်မြုပ်သွားပြန်သည်။

ကံကြမ္မာက ကျွန်တော်တို့ တစ်ဆွေလုံးတစ်မျိုးလုံးကို အသည်း[illegible] ကြီးဖြင့် ရိုက်ပုတ်ဒဏ်ခတ်နေသလို ဒုက္ခတွေလည်း တဆင့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေးထားခဲ့၏။

'အန်ကယ်လည်း ဇနီးလဲ ဆုံးရှုံး၊ သားလဲ ဆုံးရှုံးရနဲ့ ဘဝကို အထီးကျန် တစ်ယောက်ထဲ ဖြတ်သန်းလာခဲ့ရာက မမွေးတဲ့ကလေး တစ်ယောက်ကို သူများကို ပေးပစ်လိုက်ရမယ့်အစား အန်ကယ်ကိုယ်တိုင် သမီးအရင်းနဲ့မခြား နန္ဒာကို အခုအချိန်အထိ ကျွေးမွေး စောင့်ရှောက်လာ ခဲ့တာပဲ ဖိုးကျော်'

ကျွန်တော်က ဦးသီဟ စကားဆုံးအောင်စောင့်ရင်း ပြန်မေးလိုက်၏။

'ဟင်… အန်ကယ်၊ ဒါဆို နန္ဒာက အန်ကယ့်ကို အဖေအရင်း မဟုတ်ဘူးဆိုတာ အခုထိ မသိသေးဘူးလား'

'အေး… ဟုတ်တယ် ဖိုးကျော်၊ မင်းလိုပဲ သမီး နန္ဒာ့ခွေကိုလဲ အသက်ဆယ့်ရှစ်နှစ်ပြည့်တဲ့နေ့ရောက်ရင် အဲဒီ အပြောရအခက်ဆုံး စကားကို အန်ကယ်ကိုယ်တိုင် ဖွင့်ပြောမယ်လို့ စဉ်းစားထားတယ်'

နန္ဒာက သူနဲ့ ငါ မောင်နှမအရင်းဆိုတာသိရင် ငါ့လိုပဲ ဝမ်းသာမှာပဲ၊ နောက်ပြီး အန်ကယ်ဦးသီဟ မပြောသေးတဲ့ တခြားအကြောင်းအရာတွေကော ရှိနေသေးလား၊ ဘာတွေလျှို့ဝှက်ထားတာ ရှိသေးလဲ၊ အမှန်တရားက ဘာလဲ၊ ငါသိချင်နေတဲ့ ငါ့မျက်နှာနဲ့ကောင်ကကော ဘယ်သူလဲ၊ အဲဒါကို ငါသိရမှဖြစ်မယ်။





ကျွန်တော့်အတွေးများက ကျွန်တော်နှင့် ချွတ်စွပ်တူသည့်ကောင် ဆီရောက်သွားရာမှ သိချင်စိတ်တွေ တဖွားဖွားပေါ်လာ၏။

'ဒါဆို ကျွန်တော်မြင်ခဲ့ရတဲ့ ကျွန်တော်နဲ့ ချွတ်စွပ်တူနေတဲ့ကောင်က ဘယ်သူလဲ အန်ကယ်'

အန်ကယ်ဦးသီဟက ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ရပ်နေရာမှ နောက်သို့ လှည့်ထွက်သွားပြီး ခေါင်းကို ယမ်းခါကာ. . .

'အဲဒါတော့ အန်ကယ် မသိပါဘူးကွာ… တခြား တိုက်ဆိုင်တာတွေ ဘာတွေ ဖြစ်မှာပေါ့။ လောကမှာ လူတူ ၂ရား၊ နာမည်တူ မရှား ဆိုသလိုပေါ့ကွာ၊ တခါတလေတော့လဲ ဖြစ်တတ်ပါတယ်'

အန်ကယ်ဦးသီဟက ပေါ့ပေါ့ပါးပါး ပြန်ဖြေလိုက်သော်လည်း ကျွန်တော် အတင်းပြန်ငြင်းလိုက်သည့် အသံက အနည်းငယ် ကျယ်လောင်သွား၏။

'မဟုတ်ဘူး… မဟုတ်ဘူး… ကျွို'

ထိုစဉ် ရုတ်တရက် အခန်းဝမှ တံခါးပွင့်လာသံ ကြားလိုက်ရ၏။

'ဩော်… ဖေဖေနဲ့ ဖိုးကျော် ဘာတွေ ကျိတ်ကျိတ် ကျိတ်ကျိတ် လုပ်နေတာလဲ၊ မဟုတ်မှလွဲရော သမီးမကောင်းကြောင်းတွေ ပြောနေကြတာ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာက ပြောပြောဆိုဆို အခန်းတံခါးကိုဖွင့်ဝင်လာရင်း အန်ကယ် ဦးသီဟ၏ခါးကို ပြေးဖက်လိုက်ပြီး ဆိုးသလို နွဲ့သလိုလုပ်နေ၏။

'အင်း... ညီမလေးသာ အန်ကယ့်ကို အဖေအရင်းမဟုတ်မှန်း သိသွားရင်ကော၊ ဘယ်လိုနေလိမ့်မလဲ စိတ်ကောင်းပါ့မလား'

ထိုစဉ်... အန်ကယ်ဦးသီဟက ကျွန်တော့်မျက်နှာကို အဓိပ္ပာယ် ပါပါ တစ်ချက်လှမ်းကြည့်၏။ သူ မပြောချင်ဆုံးသောစကားကို နန္ဒာ အား ပြောပြပေတော့မည်။

ကျွန်တော်က ,ယက်ပြင်းတစ်ချက်ကို လေးကန်စွာချလိုက်ရင်း ဧည့်ခန်းအတွင်းမှ အလိုက်တသိပင် လှည့်ထွက်လာခဲ့သည်။

■





## အခန်း (၁၆)

ထိုနေ့ညတွင် ကျွန်တော်က နန္ဒာ့အခန်းရှေ့သို့ ဖြတ်လျှောက်ရင်း သူ့အခန်းတံခါးကို တစ်ချက်နှစ်ချက်ဆင့်ပြီး ခေါက်လိုက်၏။

အခန်းတွင်းမှ တံခါးလက်ကိုင်ဘုကို လှည့်ဖွင့်လိုက်သံ ကြားရပြီး ချက်ချင်း တံခါးပွင့်သွားကာ နန္ဒာထွက်လာ၏။ သူ့မျက်နှာအစုံ အရာမှာလဲ ညနေကကိစ္စများကို အန်ကယ်ဦးသီဟက တစ်လုံးမကျန် ပြောပြထားပြီးသားပုံ ပေါက်နေ၏။ နန္ဒာက ကျွန်တော့်ကို အခန်း[illegible] နွေးထွေးကြင်နာသည့် အပြုံးမျိုးဖြင့် ပြုံးပြရင်း...

'ဟဲ့... အခန်းထဲကိုလာလေ ဘာကြောင့်ကြည့်နေတာလဲ'

www.burmeseclassic.com



ရုတ်တရက် ကျွန်တော့်လက်ကို ဆွဲလိုက်ရင်း အခန်းတွင်းသို့ ခေါ်နေသည်။

ကျွန်တော့်ရင်ထဲတွင် အခုမှ နွေးထွေးကြင်နာသည့် ညီမလေး တစ်ယောက်၏ ဂရုစိုက်မှုကို ခံလိုက်ရသလိုမျိုး ရင်ထဲတွင် လှစ်ခနဲ ဝမ်းသာသွားမိသည်။

'တို့မောင်နှမတွေက ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို တော်တော် အံ့ဩဖို့ကောင်းတယ်နော် နန္ဒာ'

ကျွန်တော်က နန္ဒာ နဖူးပေါ်သို့ ဝဲပြီးကျနေသော ဆံပင်စ တစ် ချောင်းနှစ်ချောင်းကို သူ့ခေါင်းပေါ်သို့ သပ်တင်ပေးလိုက်ရင်း စကားစ လိုက်သည်။

'အေး… ဟုတ်တယ်၊ ဖေဖေကိုယ်တိုင်က ပြောလို့သာ။ ယုံရ မှာတော့ ခပ်ခက်ခက်ပဲနော်၊ နောက်ပြီး ဖေဖေ့ကိုလည်း အရမ်းသနား တယ်'

ပြောရင်းနှင့်ပင် နန္ဒာ့မျက်လုံးအိမ်ထဲ၌ ဝေ့ဝဲနေသော မျက်ရည် စတို့ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။

'အင်း… တကယ်တော့ အန်ကယ်ဦးသီဟက နင့်ကို သမီး အရင်းထက်မခြား ကျွေးမွေးပြုစုလာခဲ့တာ၊ တို့နှစ်ယောက်လုံးရဲ့ မိဘပဲ ပေါ့ နန္ဒာရာ မဟုတ်ဘူးလား'





ခုတင်ပေါ်ထိုင်ရင်း ခေါင်းငုံ့နေသော နန္ဒာ့ဘေးသို့ ကျွန်တော် ဝင်ကပ်ထိုင်ရင်း နှစ်သိမ့်ပေးနေမိသည်။

တကယ်တော့ ယခုအချိန်သည် ကျွန်တော်တို့မောင်နှမ၏ အပျော် ရွှင်ရဆုံးအချိန်ဖြစ်ပြီး စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာ ဘာမှမတွေ့လို မကြုံ လိုပါ။

'ဟုတ်တယ်နော် ဖိုးကျော်၊ နင် သတိထားမိလား နင်နဲ့ ငါက စနှုရားတီးတတ်တာချင်းလည်း တူတယ်၊ နောက်ပြီး ငါတို့နှစ်ယောက် ရဲ့ နာမည်အဆုံးမှာလည်း ဆွေ ဆိုတာပါတယ်'

'အေး… ဟုတ်တယ်၊ ဒါတင်ဘယ်ကမလဲဟ နင်နဲ့ငါက မျက် နှာကျပုံလဲ ဆင်တယ်၊ အအိပ်ကြီးတာလည်း တူတယ်လေ'

'ဟား… ဟား… ဟား'

နန္ဒာကော ကျွန်တော်ပါ ပြိုင်တူရယ်လိုက်ကြ၏။

'ဒါပေမယ့် နင်နဲ့ငါက အမြွှာဆိုပေမယ့် ယောကျ်ားလေးနဲ့ မိန်းကလေးဆိုတော့ ချွတ်စွပ်ကြီးတူတာမျိုးတော့ ဘယ်တူမှာလဲ ဖိုးကျော်ရ'

နန္ဒာက လူတတ်ကြီးလုပ်နေပြီး ကျွန်တော့်ကို ရှင်းပြနေ၏။

'ဟဲ့… ဒီမှာ၊ နင်တွေ ငါတွေနဲ့ ငါ့ကိုမပြောနဲ့၊ ငါက နင့်ထက် ဆယ်မိနစ်တောင်ကြီးနေတာ ငါ့ကို ရိုရိုသေသေပြော'

နန္ဒာ ကျွန်တော့်ကို မျက်စောင်းတစ်ချက် လှမ်းထိုးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက် ခုတင်ပေါ်တွင် စကားထိုင်ပြောနေရာ အချိန်က ကုန်မှန်းမသိ ကုန်လွန်လာခဲ့သည်။

'သြော်... ဒါကြောင့် နင်နဲ့ငါက မွေးနေ့ချင်း တူနေတာကိုး'

ကျွန်တော်က ရုတ်တရက် နန္ဒာမျက်နှာကိုကြည့်ရင်း လှမ်းပြော လိုက်၏။

'အေးလေ... ဆယ်မိနစ်ထဲကွာပါတယ်ဆိုမှ နင်ကလည်း'

နန္ဒာက ကျွန်တော့်စကားကို ထောက်ခံလိုက်ရင်း ကောက်ကာ ငင်ကာ ဆက်၍...

'ဟဲ့... ဗိုးကျော်၊ ငါအခုမှ ရိပ်မိတယ်သိလား၊ တစ်ခါ ရန်ကုန် က နင်တို့အိမ်မှာ တို့နှစ်ယောက်ပေါင်းပြီး လုပ်တဲ့မွေးနေ့ကိုလေ၊ နင် မှတ်မိလား၊ တကယ်ဆို အဲ့ဒီအချိန်ထဲက ငါတို့မောင်နှ မအရင်းတွေ မှန်းသိခဲ့ရင် ကောင်းမှာနော်'

ကျွန်တော်က အခန်းနံရံများဆီသို့ တွေတွေကြီး စိုက်ကြည့်နေ ကာ နန္ဒာကို လှမ်းမေးလိုက်၏။

'နင် မေမေ့ကို သတိမရဘူးလား နန္ဒာ၊ နောက်ပြီး အခုလို မေမေက အန်ကယ့်လက်ထဲကို နင့်ကိုပေးလိုက်တာ သိရတော့ မေမေ့ ကို စိတ်မဆိုးဘူးလား'

'ငါ အမှန်အတိုင်းပြောရရင် ဒီအကြောင်းတွေ သိသိချင်း ငါ့





ကိုယ်ငါပဲ ဝမ်းနည်းခဲ့တယ်၊ နောက်ပြီး အန်တီ အဲ... မေမေက ငါ့ဆီ ကို ရန်ကုန်ကနေ တစ်လတစ်ခါ နှစ်လတစ်ခါ ဟိုး... အရင်ကတည်း က စာအမြဲ လှမ်းလှမ်းပြီးရေးတယ်၊ ဖုန်းလည်း အမြဲဆက်တယ်လေ၊ ဒါ မေမေ့ရဲ့ ငါ့အပေါ်မှာထားတဲ့ မေတ္တာတွေပေါ့ဟ၊ ငါ ဘာဖြစ်လို့ မုန်းရမှာလဲ၊ မေမေ့ကို သနားတောင် သနားသေးတယ်'

'အင်း... တကယ်တော့ တို့မောင်နှမနှစ်ယောက်ရဲ့ အဖြစ်တွေက ဘယ်သူ့ကိုမှ အပြစ်တင်လို့မရဘူး၊ ကံကြမ္မာကြောင့်လို့ပဲ ပြောရမှာ၊ ဒီ ဘဝမှာတင်ပဲ ဝဋ်ကြွေးတွေကျေပါစေလို့ ဆုတောင်းရတော့မှာပဲ'

နန္ဒာ စားပွဲပေါ်မှ ဝက်ဝံသားအဓိရုပ် နာရီလေးကို ကြည့်ရင်း ကျွန်တော် ငေးငိုင်သွားမိသည်။

'ဒါဆို နင် ဦးသီဟာကိုကော ဘယ်လိုသဘောထားလဲ၊ အခုလို အဖြစ်တွေကို မပြောခဲ့လို့ စိတ်မဆိုးဘူးလား'

ကျွန်တော်က နန္ဒာကို မေးခွန်းတွေ တစ်ခုပြီးတစ်ခုမေးကာ စာမေး ပွဲ စစ်သလို စစ်နေ၏။

'ဟင့်အင်း... ဖေဖေကတော့ ဖေဖေပါပဲ၊ ငါ့ရင်ထဲမှာ အမေ အဖြစ်နဲ့ အမြဲတမ်း သတ်မှတ်ထားတယ်'

ကျွန်တော်က ခုတင်ပေါ်မှထလိုက်ရင်း အခန်းပေါက်ဝသို့ ငေး ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ... သွားမယ်ဟာ အိပ်ချင်ပြီ၊ တို့နှစ်ယောက် တသက်လုံးက မပြောခဲ့ရတဲ့ စကားတွေ မနက်ဖြန်ကျမှ ဆက်ပြောကြမယ်နော်၊ ဠတ်နိုက်ညီမလေး'

ကျွန်တော် နှုတ်ဆက်လိုက်သည်ကို နန္ဒာက ချက်ချင်းပြန်၍ မျက်စောင်းထိုးကာ မကြားတကြား လှမ်းပြောလိုက်၏။

'ဟင်း... တော်တော် အစ်ကိုကြီးလုပ်ချင်နေ'

နန္ဒာ အခန်းတံခါးကို အပြင်မှဆွဲပိတ်ရင်း အခန်းအပြင်ဘက် စင်္ကြံလမ်းအတိုင်း ကျွန်တော့်အခန်းရှိရာသို့ လျှောက်လာစဉ် ညွှန်ခန်းဆီမှ ဖုန်းမြည်သံကို ကြားလိုက်ရ၏။

'ကလင်...ကလင်...ကလင်'

ကျွန်တော်က ခြေလှမ်းခပ်သွက်သွက် လျှောက်သွားရင်း ဖုန်းကို ကောက်ကိုင်ကာ နားထောင်လိုက်သည်။

'ဟယ်လို... ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ'

တစ်ဘက်မှ ဘာတုန့်ပြန်သံမှ ပြန်မကြားရ၊ ကျွန်တော်က နောက်ထပ်တစ်ကြိမ် လှမ်းမေးလိုက်ပြန်သည်။

'ဟယ်လို... အမိန့်ရှိပါ'

တစ်ဘက်မှ တယ်လီဖုန်းချသွားသံ အသံရှည်ကို ကြားနေလိုက်ရသည်။





ကျွန်တော်က ဖုန်းကိုပြန်ချလိုက်ရင်း နောက်သို့လှည့်ကာ ကျွန်တော့်အခန်းရှိရာသို့ ခြေလှမ်းပြင်လိုက်စဉ်...

'ကလင်...ကလင်...ကလင်'

ဖုန်းက နောက်တစ်ကြိမ် မြည်လာပြန်၏။

ကျွန်တော်က ဖုန်းကို ကောက်ကိုင်လိုက်ပြီး...

'ဟယ်လို... အမိန့်ရှိပါ'

တစ်ဖက်မှ အက်ကွဲခြောက်ကပ်သော အသံတစ်ခုက...

'ဟေ့ကောင် မင်း လူ့လောကကြီးထဲက ထွက်သွားဖို့သာ ပြင်ထား၊ မင်းနေရာမှာ တကယ်ရှိနေရမှာက ငါကွ'

'ဟင်...'

ကြားလိုက်ရသော ဖုန်းထဲမှအသံကြောင့် ကျွန်တော့်တစ်ကိုယ်လုံး ဆွဲခါသလို တဆတ်ဆတ် လှုပ်ရမ်းသွားသည်။

■



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

'ဟယ်လို… ဟယ်လို'

ကျွန်တော်က အလုအယက် ပြန်မေးလိုက်သော်လည်း တစ်ဘက်မှ ဘာမှပြန်ပြီး မတုံ့ပြန်တော့ဘဲ ဖုန်းချသွားကာ အသံရှည် မြည်နေ၏။

ကျွန်တော့် နားထင်တွင် သွေးများတဒိတ်ဒိတ်တိုးနေပြီး ဖုန်းကိုင်ထားသော လက်မှာ သွေးပင်မရှိတော့ဘဲ တစ်ကိုယ်လုံး ချွေးတွေပြန်နေ၏။

ငါ့ကိုပြောလိုက်တဲ့ 'လူ့လောကထဲက ထွက်သွားဖို့ပြင်ထားတော့' ဆိုတဲ့စကားက ဘာလဲ၊ ငါ့ကို ဘာတွေများ လုပ်မှာလဲ၊ အခုဖုန်းပြောတဲ့အသံကကော ဘယ်သူ့အသံလဲ။

ဖုန်းကိုင်ထားသောလက်ကို ဖုန်းခွက်ပေါ်သို့ ဖြည်းဖြည်းချင်း ပြန်ချလိုက်ရင်း ကျွန်တော့်နားထဲမှ စောစောက ခြိမ်းခြောက်သံကို ထပ်ခါတလဲလဲ ပြန်ကြားနေရ၏။

●

www.burmeseclassic.com



ထိုနေ့က ကျွန်တော်တို့ သင်တန်းကျောင်းတစ်ခုလုံးမှာ ကျောင်း ရန်ပုံငွေ ပဒေသာကပွဲရှိသဖြင့် အုန်းအုန်းကျွက်ကျွက် စည်ကားနေပြီ ကျောင်းအဝင်လမ်းတစ်လျှောက်လုံးမှာ ပွဲဈေးတန်းကြီးကဲ့သို့ပင် ကွမ် ယာဆိုင်၊ ဆေးလိပ်ဆိုင်များသာမက အဝတ်အထည်များရောင်းသည့် ဆိုင်များပါ လာရောက်ရောင်းချနေကြသည်။

ကျောင်းအဝင် မုခ်ဦးထိပ်တွင်လည်း ဂီတ၊ ပန်းချီ၊ ကွန်ပျူ ကျောင်းသားများ၏ ရန်ပုံငွေပဒေသာကပွဲဟု စာလုံးကြီးကြီးဖြင့် ရေး သည့်ဆိုင်းဘုတ်က လေထဲတွင် တဖျတ်ဖျတ် လွင့်လျက်ရှိသည်။

'ဟဲ့... ဖိုးကျော်၊ နင် ဘယ်သူ့ကို ရှာနေတာလဲ၊ ငါသိနေတ နော်. . . ဟင်း. . . ဟင်း. . . '





နန္ဒာက ရုတ်တရက် ကျွန်တော့်ကို တံတောင်ဖြင့်တွန်းပြီး မေး လိုက်၏။

'ဟာ... ငါ ဘယ်သူ့ကိုမှ မရှာပါဘူး'

ကျွန်တော့်မျက်လုံးများကို နန္ဒာမြင်သွားသောအခါ ကျွန်တော်က ဆောတ်သလို ညာပြီး ဖြီးဖြန်းပြောလိုက်၏။

'နင်... ရှင်နှောင်းကို လိုက်ရှာနေတာမဟုတ်လား၊ ရှင်နှောင်းက ဆွေးမွေးဧည့်ခံရေးအဖွဲ့မှာပါတယ်၊ အချိန်ရသေးတယ်၊ နင်သွားတွေ့ချင် သေးပါလား'

ကျွန်တော်က ချိုင်းကြားတွင်ညှပ်ထားသော Note File ကြီး ကို တဖက်ချိုင်းကြားသို့ ပြောင်းညှပ်လိုက်ရင်း...

'ဟင့်အင်း... မသွားတော့ပါဘူး၊ ခဏနေရင် ငါတို့နှစ်ယောက် လုံး စင်ပေါ်တက်ပြီး နေရာယူရတော့မယ်လို့ ဆရာဦးသိန်းမောင် အစောကလေးတင် လာပြောသွားတယ်'

ကျောင်းပရဝုဏ်အတွင်း ဖိတ်ကြားထားသော ဧည့်သည်များနှင့် ကျောင်းသားမိဘများ စုံစုံညီညီ ရောက်ရှိနေကြပြီး အခမ်းအနား စတင် မည့်အချိန်က မကြာမီ ရောက်ရှိလာတော့မည် ဖြစ်သည်။

ကျောင်းကပွဲတွင် မပါဝင်ကြသည့်ကျောင်းသားကျောင်းသူ အချို့ မှာလည်း ဧည့်ခံရေး ကျွေးမွေးရေးနှင့် အခြားတာဝန်များကို ယူနေရာ

www.burmeseclassic.com



နှင့်သူ အသီးသီး ယူကြရသည်။ ဆရာမ ဒေါ်မိမိချို့နှင့် ဒေါ်အေးမှ တို့က ပရိတ်သတ် အဝင်အထွက်ပေါက်များတွင် ချွေးတလုံးလုံးနှင့် အလုပ်ရှုပ်နေကြသည်။

'ဟဲ့… ဒါဆို ငါတို့အပေါ်တက်ဖို့ စင်နောက်ကို သွားကြမယ်လေ'

နန္ဒာက ပြောပြောဆိုဆို လူအုပ်ကြားမှ တိုးရင်းဝှေ့ရင်း စင်ပေါ်တက်ရန် လှေကားဆီသို့ ကျွန်တော့်ရှေ့မှ တရွေ့ရွေ့နှင့် လျှောက်နေ၏။

ကျွန်တော်တို့နှစ်ယောက် လှေကားရင်းသို့အရောက်တွင် ပထမဦးဆုံး ဖျော်ဖြေရမည့် ကျောင်းသားကျောင်းသူများမှာ ဖြီးလိမ်းပြင်ဆင်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်နောက်ပြောင်နေကြသည်။

ထိုအုပ်စုများကြားတွင် မင်းညီကို လှမ်းတွေ့လိုက်ရသည်။ မင်းညီက တိုက်ပုံအင်္ကျီတွင် ဧည့်ခံရေးဆပ်ကော်မတီဟု ရေးထားသော ဖဲပြားအဝိုင်းကြီးကို တပ်ဆင်ထားကာ ဆံပင်ကိုလည်း အပေါ်သို့ ပြောင်နေအောင် လှန်ဖြီးဖြီးထားသည်။ ရုတ်တရက် မင်းညီက ကျွန်တော်ကြည့်နေသည်ကို မြင်သွားပြီး သူ့မျက်နှာမှာ တဟီးဟီးတဟားဟားလုပ်နေရာမှ ချက်ချင်း အမူအရာပြောင်းသွား၏။

'အင်း… ဒီကောင်ကိုကြည့်ရတာ ငါ့ကို ဘာအကောက်ကြ





အုံးမလဲ မသိဘူး၊ ပြီးခဲ့တဲ့ သုံးလေးရက်က ဖုန်းထဲကနေ ခြိမ်းခြောက်ပြီးပြောတာ ဒီကောင်ပဲဖြစ်နေမလား၊ နောက်ပြီး အမြဲတမ်း လိုက်နှောင့်ယှက်နေတဲ့ ငါ့မျက်နှာနဲ့လူက ဒီကောင်နဲ့ တစ်ခုခုပတ်သက်များနေတာလား'

ကျွန်တော့်အတွေးများက ဇဝေဇဝါ တောင်ရောက်မြောက်ရောက်နှင့် ဖုန်းထဲမှ ခြိမ်းခြောက်ပြောဆိုသံကို ပြန်ကြားယောင်နေမိသည်။

'ဟဲ့… ဖိုးကျော် လာလေ၊ စင်ပေါ်တက်တဲ့ လှေခါးနားမှာနေရာသွားယူထားရအောင်၊ နင်ကလည်း ဘာဖြစ်နေတာလဲ၊ ဘာလဲတကယ်တီးရတော့မယ်ဆိုတော့ နင့်စိတ်တွေ လှုပ်ရှားနေပြီမဟုတ်လား၊ နည်းနည်းပါးပါးလည်း ဣန္ဒြေဆောင်စမ်းပါအုံးဟာ၊ အဲဒီလောက်တောင် ကြောက်မနေစမ်းပါနဲ့'

နန္ဒာက စင်ပေါ်တက်ခါနီး ကျွန်တော့်မျက်နှာ အမူအရာကိုကြည့်ကာ လှမ်းပြောလိုက်၏။

တကယ်တမ်းတော့ ကျွန်တော့်စိတ်တွေက စင်ပေါ်တွင် စန္ဒရားတီးရမည့်အရေးကြောင့် လှုပ်ရှားနေခြင်း မဟုတ်၊ ဖုန်းထဲက အသံကိုပြန်ကြားယောင်နေရင်း အလိုလို ကြက်သီးမွေးညှင်းထကာ သွေးပျက်နေခြင်းသာ ဖြစ်သည်။

ကျွန်တော်နှင့် နန္ဒာက စင်ပေါ်သို့ ဆားလှေကားမှ တဖြည်းဖြည်းတက်သွားလိုက်၏။ စင်ထောင့်ရှိ ကန့်လန့်ကာစရှည်ကြီးမှာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံအလွတ်တွင် ဝင်ထိုင်ရင်း ကျွန်တော်တို့တီးရမည့်အလှည့်ကို စောင့်နေလိုက်သည်။

အခမ်းအနားမှူးက အခမ်းအနား ဖွင့်လှစ်ကြောင်း ကြေငြာသံအပြီး လက်ခုပ်သံများ ပွက်ပွက်ညံညံကြားလိုက်ရသည်။ ထို့နောက် သင်တန်းမှူးက သင်တန်းဖွင့်ရသည့် အကြောင်းရင်းနှင့် ရည်ရွယ်ချက်များကို တစ်ခုပြီးတစ်ခု ရှင်းပြပြောဆိုနေ၏။

ကျွန်တော်က ချိုင်းကြားတွင်ညှပ်ထားသော Note File ကို စားပွဲပေါ်သို့လှမ်းတင်ရင်း ကပွဲတွင် တီးရမည့် တေးသွားများကို ပြန်လည် လှန်လှောကြည့်နေမိ၏။

'ဟင်… '

File ကြားတွင် ညှပ်ထားသော Note များထဲမှ ဂီတဆရာဦးသိန်းမောင် ကိုယ်တိုင် ရေးစပ်ထားသည့် သီချင်းစာရွက်မှာ ထူးထူးဆန်းဆန်း ရှာမတွေ့ဘဲ ဖြစ်နေ၏။

နောက်တစ်ကြိမ် File တစ်ခုလုံးကို အပြန်ပြန်အလှန်လှန် ရှာဖွေသော်လည်း ထိုသီချင်းစာရွက်မှာ တစ်ရွက်ထဲရှေးပြီး ပျောက်ခြင်းမလှ ပျောက်နေ၏။

'ဒုက္ခပါပဲ၊ အိမ်မှာပဲကျန်ခဲ့တာလား၊ ဒါမှမဟုတ် ဘယ်နေရာမှာပဲ ထွက်ကျခဲ့လဲ မသိဘူး၊ တီးရမဲ့အချိန်က တော်တော်တောင် ကပ်နေပြီ အိမ်မှာ ပြန်ရှာရင်ကောင်းမလား'

တွေးရင်းနှင့် ကျွန်တော် ချွေးတွေပြန်လာနေ၏။

'ဒီအတိုင်းနေလို့ မဖြစ်ဘူး၊ ငါ အခုအချိန် တစ်ယောက်ယောက်ဆီက ဆိုင်ကယ်ငှားပြီး အိမ်ပြန်ရှာရင် အချိန်မီသေးတယ်'

ချက်ချင်းဆိုသလို ကျွန်တော်က ထိုင်ခုံမှ ရုတ်တရက် ထရပ်ပြီး စင်အောက်ဘက်ဆီသို့ ပြေးဆင်းသွားလိုက်သည်။

'ဟဲ့… ဖိုးကျော် ဘယ်လဲ၊ ခဏနေဦးလေ'

နောက်ဘက်မှ နန္ဒာလှမ်းအော်သံကို မပီမသ လှမ်းကြားလိုက်ရသည်။ ကျွန်တော် လှည့်မကြည့်တော့။

●

www.burmeseclassic.com



အိမ်ရှေ့ဆင်ဝင်အောက်သို့ ဆိုင်ကယ်ကို ထိုးရပ်လိုက်ပြီး တံခါးမကြီးဆီသို့ အပြေးအလွှား သွားလိုက်၏။

တံခါးကို လက်ဖြင့် အသာတွန်းလျှင်တွန်းလိုက်ချင်း အလိုက်သင့်ပင် ပွင့်သွား၏။

'ဟင်… တံခါးက ပွင့်နေပါလား'

ကျွန်တော့်အခန်းရှိရာ အပေါ်ထပ်ဆီသို့ လှေကားအတိုင်း ပြေးတက်သွားလိုက်သည်။ အပေါ်ထပ်တစ်ခုလုံးမှာလည်း မည်းမှောင်ပြီး ပြတင်းပေါက်များ ပိတ်ထားသဖြင့် လေဝင်လေထွက်ပင် မရသဲ့ အောက်သိုး သိုးအနံ့ကြီးက အခန်းသောနံရံများဆီမှ ရနေသည်။





ကျွန်တော့်အခန်းရှေ့သို့ ရောက်ရောက်ချင်း တံခါးကို အသာလှည့်ဖွင့်ပြီး ဝင်လိုက်သည်။

မှန်ပြတင်းပေါက်မှ အလင်းရောင်က အခန်းထောင့်ရှိ စာအုပ်စင်ပေါ်သို့ မှိန်ဖျော့ဖျော့ကျရောက်နေ၏။

ကျွန်တော်က စာအုပ်စင်ရှိရာသို့ အပြေးသွားပြီး သီချင်းစာရွက်ကို မွှေနှောက်ရှာဖွေကြည့်လိုက်သည်၊ မတွေ့။ ထို့နောက် စာကြည့်စားပွဲ အံဆွဲကို ဖွင့်လိုက်စဉ် ကျွန်တော့်နောက်ကျောမှ ပွင့်နေသောအခန်းတံခါးကို ရုတ်တရက် အပြင်မှ တွန်းပိတ်လိုက်သံကြားရပြီး တံခါးလက်ကိုင်ဘုကိုလည်း Lock ချသံ ကြားလိုက်ရသည်။

'ဂျလောက်'

'ဟင်… '

ကျွန်တော့်ရင်တစ်ခုလုံး တလှပ်လှပ်တုန်ယင်သွား၏။

'ဘယ်သူလဲ… '

လေသံကို အနည်းငယ်မြှင့်ပြီး ကျွန်တော် လှမ်းမေးလိုက်၏။ သို့သော် အပြင်ဘက်မှ ပြန်ဖြေသံ တစ်စုံတရာမှ မကြားရချေ။

ချက်ခြင်း အခန်းဝမှ တံခါးဆီသို့ ကျွန်တော်ပြေးသွားကာ တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ကြည့်၏။

တံခါးလက်ကိုင်ဘုမှာ တုတ်တုတ်မျှ မလှုပ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



'ဒါ ဘယ်သူလဲ၊ ဘယ်သူလာပြီး အပြင်က Lock ချလိုက်တာလဲ'

ကျွန်တော့် အသက်ရှူသံတွေက အခန်းဘေးနံရံများဆီမှ ပဲ့တင်ထပ်နေသံကို ပြန်ကြားနေရ၏။

'အပြင်က ဘယ်သူလဲ'

လက်နှစ်ဖက်မှလည်း တံခါးနံရံကို တဒုန်းဒုန်းထုကာ ကွဲအက်ခြောက်ကပ်သော အသံဖြင့် လှမ်းအော်နေမိသည်။

'ဒါ တစ်ယောက်ယောက်ပဲ၊ ဘာဖြစ်လို့ ငါ့ကို ဒီလိုလုပ်ရတာလဲ၊ မဖြစ်ဘူး၊ ဒီအခန်းထဲက မြန်မြန်ထွက်မှဖြစ်မယ်၊ ဒုက္ခပဲ ငါ ဘယ်လိုထွက်ရမလဲ'

ကျွန်တော်တစ်ယောက်တည်း အခန်းတွင်း၌ ပြာယာခတ်ကာ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘဲ တစ်ကိုယ်လုံး ချွေးများ ပြန်နေ၏။

ကျွန်တော် ရုတ်တရက် နောက်သို့လှည့်ကာ မျက်နှာချင်းဆိုင်မှ မှန်ပြတင်းတံခါးဆီသို့ ပြေးသွားပြီး တွန်းဖွင့်လိုက်၏။

ခြံအတွင်းရှိ ပိတောက်ပင်အိုကြီးမှ ခိုအုပ်တစ်အုပ်က လန့်ပြီး ထပျံကုန်ကြသည်။

ကျွန်တော်က ပြတင်းပေါက်မှနေ၍ အောက်သို့ ငုံ့ကြည့်လိုက်၏။

ပြတင်းပေါက်မှ ခုန်ချရန်မှာ အတော်ကလေး မလွယ်ကူလှပေ





ကျွန်တော့်အထင် အနည်းဆုံး ဆယ်ပေကျော်ကျော်လောက်တော့ မြင့်လိမ့်မည်ထင်သည်။

ကျွန်တော် ဘယ်လိုမှ ကြံစည်၍မရသောအခါ အခန်းအတွင်းသို့ ပြန်လှည့်လိုက်၏။

ဖြေးညှင်းစွာ ခေါင်းကိုခါလိုက်စဉ် ကျွန်တော့်မျက်လုံးထဲ၌ မြင်ကွင်းတစ်ခုက ကပ်ညိပြီးပါလာသည်။

ထိုမြင်ကွင်းကို သေချာအောင် နောက်တစ်ကြိမ်ပြတင်းပေါက်မှ ပြန်ငုံ့ကြည့်လိုက်၏။

'ဟာင်... '

ပြတင်းပေါက်ဘောင်ကို ဆုပ်ကိုင်ထားသော ကျွန်တော့်လက်များများ ရုတ်တရက် တင်းခနဲဖြစ်သွားပြီး မျက်လုံးများမှာလဲ ပြာဝေသွား၏။ ကျွန်တော်မြင်ရသည့်မြင်ကွင်းမှာ... ခြံထောင့်ရှိ ကုက္ကိုပင်အောက်မှ ခုံပေါ်တွင် ကျွန်တော်နှင့် ချွတ်စွပ်တူသည့်ကောင်က ကျွန်တော့်ကို တွေတွေကြီး ပြန်မော့ကြည့်နေသည်ကို လှမ်းမြင်လိုက်ရသည်။

'ဒီကောင် ခြံထဲမှာဘာဖြစ်လို့ လာထိုင်နေတာလဲ၊ ငါ့ကို ဘာဒုက္ခပေးအုံးမလဲ မသိဘူး'

ထိုစဉ် အခန်းအပြင်ဘက်စင်္ကြံမှ ကျွန်တော့်အခန်းရှိရာသို့ တစ်ယောက်ယောက်လျှောက်လာနေသံကို တဖျတ်ဖျတ် ကြားလိုက်ရ၏။

www.burmeseclassic.com



အသံကြားရာ အခန်းတံခါးဆီသို့ အပြေးသွားပြီး တံခါးရွက်ကို နားနှင့်ကပ်ပြီး ထောင်ကြည့်လိုက်သည်။ ခြေသံမှ ခြေသံအစစ်ဖြစ်၏။

'ဒုန်း... ဒုန်း'

'အပြင်ကဘယ်သူလဲ... တံခါးဖွင့်ပေးပါ'

ကျွန်တော်က ပြော၍ပြောဆိုဆို တံခါးရွက်ကြီးကို တဒုန်းဒုန်းထု နေမိသည်။

ခြေသံကို တံခါးနားသို့ သေချာပြန်ကပ်ပြီး နားထောင်ကြည့်သောအခါ စောစောက အခန်းရှိရာသို့ လျှောက်လာနေသံမှာ အခန်းနှင့် ဝေးဝေးသို့ ပြန်လှည့်သွားနေသည့်အသံ ဖြစ်နေ၏။

ဖျတ်ခနဲ ကျွန်တော်သတိရပြီး ပြတင်းပေါက်ဆီ ပြေးကြည့်လိုက်သောအခါ စောစောက ကျွန်တော့်မျက်နှာနှင့်ကောင်ကို မတွေ့ရတော့၊ သူထိုင်နေရာ ကုက္ကိုပင်အောက်မှ ခုန်းကတော့ လှုပ်ရမ်းလျက်ပင် ရှိနေသေးသည်။

'ဟာ... ဘာတွေဖြစ်ကုန်ပြီလဲ၊ ဒုက္ခပါပဲ အခုလောက်ဆို ကျောင်းမှာ ငါတို့တီးရမယ့်အလှည့် ရောက်နေလောက်ပြီထင်တယ်၊ မဖြစ်ဘူး၊ ငါဒီအခန်းကနေ တစ်နည်းနည်းနဲ့တော့ ထွက်မှဖြစ်မယ်'

ကျွန်တော့်တစ်ကိုယ်လုံးတွင် ချွေးများနှင့် အေးစက်လျက်ရှိနေ၏။ အခန်းပတ်ပတ်လည်ကို ဝေ့ဝိုက်ကြည့်ရင်း မျက်နှာကျက် ကျောက်ပြားဆီသို့ အကြည့်ရောက်သွားသည်။

အခန်းအပေါ်မျက်နှာကျက်တွင် လူတစ်ကိုယ်စာ ဝင်နိုင်လောက်သော အပေါက်တစ်ခုကို တွေ့လိုက်ရသည်။

'ဟုတ်ပြီ၊ ငါ ဒီအပေါက်ကနေထွက်ရင် အခန်းတစ်ခန်းခန်းကိုတော့ ရောက်မှာပဲ'

စာကြည့်စားပွဲကို မျက်နှာကျက်မှ အပေါက်အောက်သို့ရောက်အောင် တွန်းရွှေ့လိုက်သည်။ စားပွဲပေါ် မတ်တပ်ရပ်ပြီး လက်နှစ်ဖက်ကို အပေါ်သို့ ဆန့်လိုက်ရာ ကျွန်တော့်လက်နှစ်ဖက်က ထိုအပေါက်ဘောင်ကို မီရုံလောက်သာ မီ၏။ ကမျာကယာ စားပွဲပေါ်မှပြန်ဆင်းပြီး စာကြည့်စားပွဲမှ ကုလားထိုင်ကိုလည်း စားပွဲပေါ်သို့တက်ပြီး ဆင့်တင်လိုက်၏။ ထို့နောက် တစ်ဆင့်ချင်း ဖြည်းဖြည်းတက်ကာ ကုလားထိုင်ပေါ်သို့ ကျွန်တော် လှမ်းပြီးတက်လိုက်၏။

ကုလားထိုင်ပေါ်တွင် မတ်တပ်ရပ်လျက် ကျွန်တော့်ဒူးခေါင်းတွေက သိပ်မနိုင်ချင်သလို တုန်ယင်နေသည်။

မျက်နှာကျက်ကျောက်ပြားမှ အပေါက်ထဲသို့ ကျွန်တော့်ပခုံးသာသာလောက် ကျော်ပြီးဝင်သွား၏။ ကျွန်တော်မြင်ရသောမြင်ကွင်းတစ်ခုလုံးမှာ မည်းမှောင်နေပြီး ကျပ်ခိုးနံ့များ ညှီစို့စို့အနံ့များက အောက်သိုးနံ့ကာ ဖြစ်နေသည်။

www.burmeseclassic.com



ထိုအပေါက်ဆောင်ပေါ်သို့ လက်နှစ်ဘက်ကိုလျှိုပြီး လှမ်းတင်ကာ အပေါ်သို့ အားယူဆွဲတင်လိုက်သည်။ ကျွန်တော် ဆွဲခိုတက်လိုက်သော အရှိန်ကြောင့် ကျွန်တော်နင်းထားသော ကုလားထိုင်မှာ လှုပ်ရမ်းသွားကာ စားကြည့်စားပွဲပေါ်မှ ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပြုတ်ကျသွားသည်။

'ငါ ထပ်ခိုးပေါ်တော့ရောက်ပြီ၊ ဘယ်ဘက်ကို ဘယ်လိုသွားရမလဲ၊ ဟုတ်ပြီ ရှေ့တည့်တည့်ဆက်သွားရင် လှေကားရှိတဲ့နေရာလောက် ရောက်အောင်သွားမယ် ညာဖက်ကိုသွားရင် အင်း... ဟုတ်ပြီ... '

ကျွန်တော်က မည်းမှောင်နေသော ထပ်ခိုးပေါ်တွင် ဖြည်းဖြည်းချင်းမှန်းပြီး လေးဘက်ထောက်ကာ စမ်းတဝါးဝါး သွားနေရသည်။ ကျွန်တော့်မျက်နှာနှင့် လက်များမှာလဲ ပင့်ကူမျှင်များက ချွေးများဖြင့် စေးကပ်နေသည်။

မျက်နှာကျက်ထပ်ခိုးမှာ ခေါင်မိုးနှင့်နီးကပ်နေသဖြင့် အပူရှိန်က သိသိသာသာကြီးပင် ပူလောင်နေ၏။

ကျွန်တော် လေးဘက်ထောက်ပြီးလျှောက်နေရာနှင့် မလှမ်းမကမ်းတွင် လေးထောင့်သဏ္ဍာန် အလင်းရောင်ဖျော့ဖျော့ အကွက်တစ်ကွက် လှမ်းမြင်နေရသည်။

ထိုအလင်းရောင်ကွက်သည် အောက်ထပ်ကို ဆင်း၍ရသော အပေါက်တစ်ခုပင် ဖြစ်လိမ့်မည်။





ကျွန်တော် ဒူးထောက်ရာ မျက်နှာကြက်ပေါ်မှ သံတန်းများမှာ တကျွိကျွိနှင့် အသံမြည်နေရာ မည်သည့်အချိန်တွင် အောက်သို့ ကျွံကျသွားမည်မသိ အသည်းတယားယားနှင့် ဖြည်းဖြည်းချင်း လေးဘက်ထောက် သွားနေရသည်။

ထပ်ခိုးတစ်ခုလုံးမှာလည်း ကျပ်ခိုးနံ့များ၊ စိုစွတ်သည့် အနံ့များကြောင့် အသက်ရှူပင် ကျပ်ချင်သလိုဖြစ်လာသည်။

ထိုအလင်းကွက်နေရာသို့ ရောက်ရန် လေးငါးလှမ်းသာသာလောက် အရောက်တွင် ကျွန်တော့်မျက်နှာကို တစ်စုံတစ်ခုက ရုတ်တရက် လှမ်းပြီး ရိုက်လိုက်သလို မျက်လုံးများ ပြာဝေသွားသည်။

'ဖျန်း... '

'အား... '

ချက်ချင်း ကျွန်တော် ဘေးသို့လဲ့ချကာ ပက်လက်လှန်ပြီး မျက်နှာကို လက်တစ်ဖက်ဖြင့် လှမ်းအုပ်လိုက်၏။ ကျန်လက်တစ်ဖက်မှလည်း သံဖရိန်တန်းတစ်ခုကို လှမ်းခိုထားလိုက်ရသည်။

ကျွန်တော် ဖြည်းဖြည်းချင်း မျက်လုံးကို ပွတ်သပ်ပြီး ကြည့်လိုက်ရာ မလှမ်းမကမ်း သံတန်းတစ်ခုတွင် လင်းနို့တစ်ကောင်ကို တွေ့လိုက်ရသည်။ ကျွန်တော် လှမ်းမြင်နေရသော အပေါက်ဆီသို့ တဖြည်းချင်း ဆက်ပြီးလျှောက်သွားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အပေါက်များသို့ရောက်သောအခါ ကိုယ်ကို ဝမ်းလျှားမှောက်၍ အောက်သို့ ငုံ့ကြည့်လိုက်၏။ အခန်းတစ်ခုလုံးမှာ ဘေးပြတင်းပေါက်ကြီးမှ ကျရောက်နေသော အလင်းရောင်ကြောင့် အတော်အတန် အလင်းရောင်ရနေသည်။ ထိုအပေါက်၏ အောက်ဖက်ခပ်စောင်းစောင်းနေရာတွင် ကနုတ်ပန်းများ ထွင်းထုထားသည့် ရှေးဟောင်းဗီရိုကြီးတစ်လုံးကို လှမ်းတွေ့ရသည်။

ကျွန်တော်က ထိုအပေါက်မှ ခြေထောက်နှစ်ချောင်းကို အရင်ချကာ လက်နှစ်ဖက်မှလည်း သံတန်းဘောင်များကို မိမိရရ ဆုပ်ကိုင်ထားပြီး ဖြည်းဖြည်းချင်း အောက်သို့ လျှောချလိုက်သည်။

ကျွန်တော့်ခြေဖျားများက ပန်းကနုတ်ဗီရိုကြီးပေါ်သို့ ချမိသောအခါ သံတန်းကိုင်ထားသော လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်း ပြန်လွှတ်လိုက်၏။

'ဟူး... '

သက်ပြင်းရှည်ကြီး တစ်ခုကိုချရင်း အသက်ကို ဝအောင်မနည်း ပြန်ရှူနေရသည်။ ထိုဗီရိုပေါ်တွင် စိတ်ပျက်လက်ပျက် ထိုင်ချရင်း အခန်းတစ်ခန်းလုံးကို အပေါ်စီးမှ အကဲခတ်သလို ဝေ့ဝိုက်ကြည့်လိုက်၏။

ဖုန်အလိမ်းလိမ်းတက်နေသော စားပွဲကုလားထိုင်များနှင့် ကျိုးပဲ့နေ အော်ဂင်အဟောင်းတစ်လုံးကိုလည်း တွေ့ရသည်။ ကျွန်တော် ဤ အိမ်ကြီး၏ အပေါ်ထပ်မှ အခန်းတော်တော်များများကို ဝင်ဖူးထွက်ဖူးသော်လည်း ယခု ကျွန်တော်ရောက်ရှိနေသည့် အခန်းကိုမူ တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိဘဲ အထူးအဆန်း ဖြစ်နေ၏။

ကျွန်တော်က ဗီရိုပေါ်မှ ကိုယ်ကို မှောက်ရက်အနေအထားဖြင့် လျှောချပြီး ဆင်းလိုက်သည်။ ကြမ်းပြင်ပေါ်သို့ ခြေချချခြင်း နောက်သို့ လှည့်ထွက်လိုက်စဉ် ရုတ်တရက်မြင်လိုက်ရသော မြင်ကွင်းကြောင့် ကျွန်တော့် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားပြီး အသံကုန်ဟစ်ကာ ကုန်းအော်လိုက်မိသည်။

'အား... '

●







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် နောက်ကျောဘက်တွင် ပြဒါးတချို့တဝက် ပျက်နေသည့် ရှေးဟောင်းမှန်ဗီရိုကြီးတစ်ချပ်ကို ရုတ်တရက်တွေ့လိုက်ရခြင်း ဖြစ်၏။

'ဟူး… တော်ပါသေးရဲ့ ငါ့မျက်နှာကို ငါ မှန်ထဲမှာ ပြန်မြင်ရတာကိုး၊ ဖုန်တွေ ကျပ်ခိုးတွေ ပေကျံနေတဲ့ ငါ့မျက်နှာကလည်း ရုပ်ပျက်ဆင်းပျက်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်လန့်နေရတယ်'

ထိုမှန်ဗီရိုကြီးထဲတွင် ကျပ်ခိုးများနှင့် မည်းညစ်ပေရေနေသော ကျွန်တော့်မျက်နှာကို ထိတ်လန့်တုန်လှုပ်လောက်အောင် ပြန်မြင်တွေ့လိုက်ရသည်။ ကျွန်တော်က မျက်နှာကို တစ်ချက်နှစ်ချက် ပွတ်သပ်လိုက်ရင်း အခန်းအတွင်းမှ ဟောင်းနွမ်းဆွေးမြေ့နေသည့် ပစ္စည်းအသုံးအဆောင်

ကြောင်နှစ်ကောင်စာအုပ်တိုက်



များကို အံ့ဩတကြီးဖြင့် လျှောက်ကြည့်နေမိသည်။

ထိုအခန်းအတွင်း ဖုန်အလိမ်းလိမ်းတက်နေသော စာအုပ်စင်ကြီးမှာ ကျွန်တော့်အရပ် ကျော်ကျော်လောက်မြင့်မားပြီး စာအုပ်အများစုမှာ ဂမ္ဘီရ စာအုပ်များ၊ နက္ခတ်တာရာနှင့် ပတ်သက်သော စာအုပ်များသာ ဖြစ်၏။

ပင့်ကူမျှင်များ၊ ဖုန်များနှင့် အောက်သိုးသိုးအနံ့များနှင့် တစ်ခန်းလုံးမှာ အော်ဂလီဆန်ချင်စရာ ကောင်းသော်လည်း အခန်းအတွင်းရှိ ရှေးဟောင်းအသုံးအဆောင်ပစ္စည်း တော်တော်များများမှာ ကျွန်တော့်အဖို့ အထူးအဆန်းတွေ ဖြစ်နေမိသည်။

ကျွန်တော်က တစ်ခန်းလုံးတစ်ကွေ့တစ်ပတ် လျှောက်ကြည့်ရင်း ခုတင်အဟောင်းကြီးနားသို့ ရောက်လာကာ ခုတင်ပေါ်မှ ဖုန်များကို လက်ဖြင့် တစ်ချက်နှစ်ချက် ပွတ်သပ်လိုက်၏။

'အင်း… ဒီခုတင်ကြီးက တော်တော်ခမ်းနားတဲ့ ခုတင်ကြီးပဲ၊ ဘယ်သူများ အိပ်ခဲ့တဲ့ခုတင်လဲ၊ ကြည့်စမ်းပါဦး ဖုန်တွေက လက်လေးသစ်လောက်တောင် ရှိနေပြီ'

ခုတင်ခေါင်းရင်းဘက် တိုလီမိုလီတင်သည့် စင်ကလေးတစ်ခုပေါ်တွင် ဓာတ်ပုံတစ်ပုံကို ထောင်ရက်သား တွေ့လိုက်ရ၏။

ချက်ချင်း ကျွန်တော်ကောက်ယူကြည့်လိုက်၏။ ဓာတ်ပုံထဲမှ အဆောင်

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ဖုန်များတက်နေသဖြင့် လက်ဝါးနှင့် သေသေချာချာပွတ်ပြီး သုတ်လိုက်မှ ပုံက ထင်ထင်ရှားရှား ပေါ်လာ၏။

'ဟင်... ဒီဓာတ်ပုံက ငါ့ပုံပါလား'

ဓာတ်ပုံထဲမှ လူကတော့ ကျွန်တော်မှ ကျွန်တော်ပင်။

ကျွန်တော့်ဓာတ်ပုံကို သေသေချာချာ ထပ်ကြည့်လိုက်၏။ ထိုပုံမှာ ကျွန်တော့်ပုံအစစ်မဟုတ်မှန်း စိတ်က အလိုလိုသိလိုက်ရသည်။ အဘယ်ကြောင့်ဆိုသော် ထိုဓာတ်ပုံထဲမှ ကမ်းခြေလိုနေရာမျိုးကို ကျွန်တော် ဘယ်တုန်းကမှ မရောက်ဘူးခဲ့ချေ။

တုန်ယင်နေသော ကျွန်တော့်လက်များဖြင့် ထိုဓာတ်ပုံကို မှန်ဘောင်ထဲမှ ဆွဲထုတ်ယူလိုက်သည်။

■



## အခန်း (၁၈)

ကျွန်တော် ကျောင်းသို့ပြန်ရောက်ချိန်သည် အတော်ကလေးပင် နောက်ကျနေပြီး ကပွဲတစ်ခုလုံးလည်း ပြီးလုပြီးခင်ပင်ဖြစ်နေ၏။ အချို့ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသော ဧည့်သည်များမှာ ကျောင်းဝင်းအထွက်ပေါက်တွင် အိမ်ပြန်ဖို့ပင် တရုန်းရုန်းဖြစ်နေကြသည်။

'ဟဲ့... ဖိုးကျော်၊ နင်ဘယ်လိုလုပ်တာလဲဟ၊ ဒီမှာ နင်မရှိလို့ အစီအစဉ်တွေ အကုန်လုံး ကမောက်ကမတွေ ဖြစ်ကုန်ပြီ၊ ဆရာဦးသိန်းမောင်လဲ နင့်ကို စိတ်ပူနေတယ်'

နန္ဒာက ကျွန်တော့်ကို လှမ်းတွေ့တွေ့လိုက်ချင်း အပေစ်တင်သည့် စကားလုံးများကို တစ်ခုပြီးတစ်ခု ရေရွတ်နေတော့သည်။ ကျွန်တော်က [illegible]

www.burmeseclassic.com



နန္ဒာကို လက်ကာပြရင်း ကျွန်တော့်အိတ်ကပ်ထဲသို့ ထည့်ယူလာသည့် ဓာတ်ပုံကို ဆွဲထုတ်လိုက်၏။

'ဟဲ့... နန္ဒာ၊ ဒါ ဘယ်သူ့ပုံလဲဆိုတာ နင်သိလား'

ကျွန်တော်က နန္ဒာကို ဓာတ်ပုံထုတ်ပြရင်း သူ့မျက်နှာကိုလည်း အကဲခတ်သလို စိုက်ကြည့်နေမိ၏။

နန္ဒာက ကျွန်တော့်လက်ထဲမှ ဓာတ်ပုံကို ဆတ်ခနဲ ဆွဲယူကြည့်လိုက်ပြီး ဘာမှ မထူးဆန်းသည့် အမူအရာဖြင့် ကျွန်တော့်လက်ထဲသို့ ပြန်ထည့်ပေးလိုက်သည်။

'ဒါ နင့်ပုံလေ၊ အဲ့ဒါ ဘာဖြစ်လဲ'

ကျွန်တော်က ချက်ချင်း ခေါင်းရမ်းခါကာ နန္ဒာကို ပြာပြာသလဲ အတင်းပြန်ပြီး ငြင်းလိုက်၏။

'မဟုတ်ဘူးနန္ဒာ၊ ဒီပုံဟာ ငါ့ပုံမဟုတ်ဘူး၊ ဒီဓာတ်ပုံထဲက နေရာကိုလည်း ငါ တစ်ခါမှ မရောက်ဖူးဘူး၊ နောက်ပြီး ဒီအဝတ်အစားတွေလဲ ငါ့ဆီမှာမရှိဘူး၊ အဲ့ဒါ ထူးတော့ထူးဆန်းနေတယ်'

နန္ဒာက စကားမဆုံးခင် ကျွန်တော့်ဘေးမှ လှည့်ထွက်သွားပြီး ကျောင်းဝင်းအပြင်သို့ထွက်ရာ ကော်ရစ်တာအတိုင်း လျှောက်သွားနေ၏။ ကျွန်တော်က နောက်မှခပ်သွက်သွက် ပြေးလိုက်ကာ ကျွန်တော့်အိမ်တွင် ဖြစ်ပျက်သမျှကို ပြန်ပြီး ပြောပြနေမိသည်။





'နောက်ပြီး ငါ့အိမ်ကိုရောက်သွားတော့ အန်ကယ့်ကိုလည်း မတွေ့ဘူး၊ အောက်ထပ်က တံခါးမကြီးလည်း ပွင့်နေတယ်'

နန္ဒာက ကျွန်တော့်ရှေ့မှလျှောက်နေရာမှ နောက်သို့ တစ်ချက်ဆောင်းငဲ့ကြည့်ကာ လှမ်းပြောလိုက်၏။

'မေမေ ခြံထဲတွေ ဘာတွေ ဆင်းနေလို့နေမှာပေါ့'

'အပေါ်ထပ် ငါ့အခန်းကနေ ခြံထဲကို ငုံ့ကြည့်လိုက်တော့ ဒန်းပေါ်မှာ ငါတစ်ခါပြောဘူးခဲ့တဲ့ ငါနဲ့ ချွတ်စွပ်တူတဲ့ကောင်က ဒန်းစီးနေတာကို လှမ်းတွေ့လိုက်ရတယ်'

ကျွန်တော်ကနန္ဒာကို ပြန်ပြောပြနေရင်း စိတ်က အလိုလိုပြန်ပြီး ခေချင့်မရဲဖြစ်လာ၏။ မကြာမကြာလည်း ကိုယ့်နောက်ကျောကိုပင် ကိုယ်ခေလုံချင်အောင် ဖြစ်နေမိသည်။

'ဘာ... ဒန်းစီးနေတယ်ဟုတ်လား'

ကျွန်တော်က နန္ဒာမျက်နှာကိုကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

ယခု တစ်ကြိမ်တွင်တော့ နန္ဒာ တော်တော်လေး အံ့သြသွားပုံရသည်။ သူ့အမူအရာမှာလည်း ကျွန်တော့်မျက်နှာနှင့် ကောင်အကြောင်း ပထမအကြိမ်ပြောတုန်းကလို ပေါ့ပေါ့ပါးပါး ရယ်ပွဲဖွဲ့မနေတော့။

'ငါတို့ အိမ်ပြန်ကြရအောင် ဖိုးကျော်'

ပြောပြောဆိုဆို နန္ဒာနှင့် ကျွန်တော် နှစ်ယောက်သား ကျောင်း

www.burmeseclassic.com



ဝင်းအတွင်းမှ လမ်းမကြီးပေါ်သို့ လှမ်းတက်ကာ အိမ်ပြန်ရန် ခြေလှမ်း ပြင်လိုက်ကြသည်။

နန္ဒာက တစ်လမ်းလုံး ဘာစကားမှမပြော၊ သူ့ကို ကြည့်ရသည်မှာ တစ်ခုခုကို တွေးတောနေသလိုလို မျက်တောင် ပုတ်ခတ် ပုတ်ခတ်နှင့် ခြေလှမ်းမှန်မှန် လျှောက်နေသည်။

●





ခြံရှေ့သို့ ကျွန်တော်တို့နှစ်ယောက် ရောက်သောအခါ အိမ်အဝင်ဝ ဆင်ဝင်အောက်သို့ ပြိုင်တူ လှမ်းကြည့်မိလိုက်ကြ၏။

ကုက္ကိုပင်၊ မန်ကျည်းပင်ကြီးများအောက်တွင် မှိုင်းမှိုင်းညို့ညို့နှင့် ငြိမ်ဝပ်နေသယောင် အိမ်ကြီးကို လှမ်းတွေ့နေရသည်။ အိမ်ပတ်ပတ်လည်မှ ကိုင်းပင်မြက်ပင်တွေမှာလည်း မခုတ်မထွင်သည်မှာ အတော်အတန်ကြာပြီဖြစ်၍ ကျွန်တော်တို့ တစ်ရပ်စာလောက်ပင် မြင့်နေ[illegible]

ကျွန်တော်တို့နှစ်ယောက် တဖြည်းဖြည်း လျှောက်လာရာ အိမ်ရှေ့ဆင်ဝင်အောက်သို့ အရောက်တွင် ကျွန်တော့်ကျောပြင်ထဲမှ မီးမှုန်[illegible] အေးစက်သွားပြီး ခြေဖျားလက်ဖျားများပင် ကျင်သလိုလို ဖြစ်သွား[illegible] သည်။

www.burmeseclassic.com



နန္ဒာက ကျွန်တော့်ရှေ့မှ အိမ်တံခါးမကြီးကို တွန်းဖွင့်ပြီး ဝင်သွားကာ အန်ကယ်ဦးသီဟကို ခေါ်နေသည်။

'ဖေဖေ... ဖေဖေ'

ကျွန်တော်ကတော့ မျက်စေ့လည်ကာ ရောက်သွားသည့် အပေါ်ထပ်မှ အခန်းဟောင်းကြီးထဲသို့ နောက်ထပ်တစ်ကြိမ် ပြန်ပြီး သွားကြည့်ချင်နေ၏။ ပန်းကနုတ်များဖြင့် တန်ဆာဆင်ထားသော ဗီရိုအဟောင်းကြီး အတွင်း၌ ဘာတွေများရှိနေမည်လဲ၊ နောက်ပြီး ဖုန်အလိမ်းလိမ်းတက်နေသည့် ဂမ္ဘီရစာအုပ်များနှင့် အခြားစိတ်ဝင်စားစရာ တိုလီမိုလီတို့ကို ကျွန်တော့်စိတ်က သိချင်နေမိသည်။

ကျွန်တော့်ခြေလှမ်းများက လှေကားအတိုင်း တဖြည်းဖြည်းတက်လာကာ အပေါ်ထပ်ကြမ်းပြင်ပေါ်သို့ နင်းလိုက်မိသည်နှင့် ရင်ခုန်သံများက တလှပ်လှပ်ဖြင့် တုန်ယင်နေ၏။ ကျွန်တော့်စိတ်အထင် အပေါ်ထပ် စင်္ကြံလမ်းကြီးမှာ အတော်ပင် ရှည်လျားလွန်းနေပြီး အကွေ့အကောက်များမှာ များလွန်းသဖြင့် သတိထားပြီး မနည်းလျှောက်နေရသည်။

အပေါ်ထပ်တစ်ခုလုံးမှာ မည်းမှောင်တိတ်ဆိတ်နေပြီး ကျွန်တော့်ခြေသံ တရှပ်ရှပ်မှလွဲ၍ ဘာသံကိုမှ မကြားရချေ။

'အင်း... ဒီအခန်းကြီးပဲ ဖြစ်မယ်ထင်တယ်'

ကျွန်တော့်ညာဘက်တွင် ခပ်ဟဟပွင့်နေသည့် တံခါးကို အသာ





တွန်းဖွင့်ပြီး အခန်းအတွင်းသို့ ခေါင်းပြူပြီး ကြည့်လိုက်၏။ ထိုအခန်းအတွင်း၌ အလင်းရောင်မှိန်ဖျော့ဖျော့ ကျရောက်နေပြီး အောက်သိုးသိုး အနံ့ကြီးက ကျွန်တော့်နှာခေါင်းဝသို့ တိုးဝင်လာ၏။ အခန်းတစ်ခန်းလုံးမှာလည်း ကုလားထိုင် အကျိုးအပျက်များ စုပုံထားပြီး ပင့်ကူမျှင်များက နေရာမလပ် တွယ်ငြိနေကြသည်။

'ဒီအခန်းမဟုတ်တာတော့ သေချာသွားပြီ'

ကျွန်တော်က အခန်းတံခါးကို ပြန်ဆွဲပိတ်လိုက်ပြီး လှည့်ထွက်လိုက်၏။

'ဖိုးကျော်ရေ... ဖိုးကျော်... မြန်မြန်လာပါအုံး ဒီမှာ...'

အောက်ထပ်မှ နန္ဒာလှမ်းအော်လိုက်သံက စင်္ကြံလမ်းတစ်လျှောက် အခန်းများဆီမှ ပဲ့တင်ထပ်ပြီး ကြားလိုက်ရသည်။

ရုတ်တရက် ကျွန်တော် နောက်သို့လှည့်ကာ ကွေ့ကောက်နေသော စင်္ကြံလမ်းအတိုင်း ပြန်ပြီး ပြေးထွက်လာ၏။

'ဖိုးကျော်ရေ... ဖိုးကျော်... ဒီမှာ ဖေဖေဘာဖြစ်တာလဲ မသိဘူး'

နန္ဒာ့အသံက လှေကားထိပ်မှ တုန်တုန်ယင်ယင်ဖြင့် လှမ်းအော်နေသည်။

နန္ဒာက ကျွန်တော့်ကို အော်ခေါ်ပြီး ဒရောသောပါး အောက်ထပ်သို့ ပြေးဆင်းသွား၏။ ကျွန်တော်လည်း နန္ဒာ့နောက်မှ လှေကားထစ်များ



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်ကာ လိုက်ဆင်းသွားလိုက်သည်။

'ဟဲ့... နန္ဒာ... ဘာ... ဘာဖြစ်တာလဲ'

နန္ဒာက နောက်သို့ တစ်ချက်မှလှည့်မကြည့်ဘဲ အန်ကယ်ဦးသီဟ အခန်းဆီသို့ အတင်းပြေးဝင်သွား၏။

'ဖေဖေ... ဖေဖေ... ဒုက္ခပါပဲ၊ သွေးတွေလည်း ရင်ဘတ်တစ်ခုလုံး ရွှဲနေတာပဲ ဖေဖေ'

'အန်ကယ်... အန်ကယ်... ဟာ... သွေးတွေ'

ကျွန်တော် မျက်လုံးများပြာသွားကာ အန်ကယ်ဦးသီဟကို ဆွဲထူပြီး ပွေ့ချီလိုက်၏။

အန်ကယ်ဦးသီဟက ကျွန်တော်နှင့် နန္ဒာကို မျက်လုံးလှန်ကာ ကြည့်ရင်း စိတ်မပူရန် လက်ကာပြနေ၏။ သူ့ပုံမှာလည်း ချောင်းတစ်ချက်ဆိုးတိုင်း ပါးစပ်မှ သွေးစတို့က မြင်မကောင်းအောင် ထွက်ကျနေ၏။

'မဖြစ်ဘူး... နန္ဒာ၊ ငါတို့ အန်ကယ်ကို ဆေးရုံပို့မှဖြစ်မယ်'

'ဖိုးကျော်... နင်... ကားမောင်းတတ်တယ်မှဟုတ်လား၊ ဂိုဒေါင်ထဲမှာ ကားသွားထုတ်'

'ဩော်... အေးအေး'

ကျွန်တော်က မောင်းတတ်တယ်ဟုသာ ဆိုလိုက်သော် လည်း တကယ်တမ်းတွင် ကျွမ်းကျွမ်းကျင်ကျင်ရှိလှသည်တော့မဟုတ်။





အန်ကယ်ဦးသီဟ၏ ခန္ဓာကိုယ်ကြီးကို ကျွန်တော်တို့နှစ်ယောက် ကားပေါ်သို့ မနိုင်မနင်းဖြင့် ပွေ့ချီပြီး တင်လိုက်ရသည်။

အန်ကယ်ဦးသီဟက ကျွန်တော်နှင့် နန္ဒာကို အားကိုးသလို အကြည့်ဖြင့်ကြည့်ကာ နန္ဒာလက်ကိုလည်း ဖျစ်ညှစ်ဆုပ်ကိုင်ထားသည်။

'ငါတို့ မေမေ့ကို အကြောင်းကြားထားရင် ကောင်းမလား နန္ဒာ၊ ဒီလိုအခြေအနေမျိုးမှာ တို့နားမှာ လူကြီးတစ်ယောက်ယောက် ရှိနေသင့်တယ်'

'အေး... နင် မေမေ့ဆီကို ဖုန်းဆက်လိုက်လေ'

ကျွန်တော်တို့နှစ်ယောက် စကားများကို ဦးသီဟက မျက်လုံးမှေးစင်းကာ ကျေနပ်သဘောတူသည့် အကြည့်မျိုးဖြင့် ကြည့်နေသည်။

ချိုင့်ခွက်များဖြင့် မညီမညာ လမ်းများပေါ်တွင် ကားကိုဂရုစိုက်မောင်းနေရကာ ဘေးထိုင်ခုံတွင် မှီရင်းလိုက်ပါလာသည့် ဦးသီဟကိုလည်း တစ်ချက်တစ်ချက် အကဲခတ်သလို လှမ်းလှမ်းကြည့်နေရသည်။ နန္ဒာကတော့ အန်ကယ်ဦးသီဟကို သိုင်းဖက်ထားရင်း သူ့ပါးပြင်ပေါ်တွင် မျက်ရည်များက တလိမ့်ချင်းစီးကျလျက် ရှိနေသည်။

အန်ကယ်ဦးသီဟတစ်ယောက် အခုအချိန်အထိ ညီမလေး နန္ဒာအပေါ် မိဘအရင်းအချာတစ်ယောက်လို ဂရုတစိုက် ကျွေးမွေးသင့်ရောက်လာခဲ့သည်အတွက် ကျွန်တော့်စိတ်အတွင်းမှ ပြောမပြတတ်အောင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျေးဇူးတင်နေမိပြီး ယခုလို အခြေအနေမျိုးတွင် မတော်တဆ တစ်ခုခု တိမ်းပါးချုပ်ချော်သွားခဲ့ပါလျှင် ကျွန်တော်ကော နန္ဒာပါ ဒီ တစ်သက်လုံး ဘယ်လိုမှ စိတ်ကောင်းနိုင်ကြမှာ မဟုတ်ချေ။

■

ကြောင်နှံကောင်းစာအုပ်တိုက်



# အခန်း (၁၉)

ဆေးရုံပေါ်သို့ရောက်သည်မှာ သည်နေ့ပါဆိုလျှင် လေးရက်မြောက်နေ့သို့ပင် ရောက်နေလေပြီ၊ အန်ကယ်ဦးသီဟ အခြေအနေမှာလည်း ဘာမှ တိုးတက်ကောင်းမွန်လာခြင်း မရှိဘဲ သွေးပုလင်းများသာ တစ်ပုလင်းပြီး တစ်ပုလင်း သွင်းနေရ၏။ ဆေးရုံတွင် ညစဉ်ရက်ဆက်စောင့်နေရသဖြင့် အိပ်ရေးပျက်ပြီး ခေါင်းတစ်ခုလုံးမှာ တဆစ်ဆစ်နှင့် ထိုးကိုက်နေသည်။

'ဘယ်လိုလဲ မောင်ကျော်ကျော်ရွှေ၊ မင်းဦးလေးမျှော်နေတဲ့ သူ့အစ်မဆိုတာ ဘယ်တော့လောက် ရောက်လာမတဲ့လဲကွ'

ကြောင်နှံကောင်းစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ပခုံးကို အသာပုတ်ရင်း မေးလိုက်သည့် ဆရာဝန်ကြီးကို ကျွန်တော်က မတ်တပ်ရပ်ရင်း...

'သြော်... ဒေါက်တာ၊ မေမေက ရန်ကုန်ကို မနေ့က Flight နဲ့ ရောက်တာဆိုတော့ ညနေလောက်ဆို ဒီကိုရောက်မှာပါ၊ ဒါနဲ့ ဆရာ... အန်ကယ့်အခြေအနေက ဘယ်လိုများရှိလဲခင်ဗျာ'

ကျွန်တော်က ဆရာဝန်ကြီးမျက်နှာကို ကြည့်ရင်း အန်ကယ့်အခြေအနေမှန်ကို သိချင်ဇောဖြင့် မေးလိုက်၏။

'အင်း... ပြောရရင်တော့ မင်းတို့ အန်ကယ်ရဲ့အသည်းတွေက တော်တော် ပျက်စီးနေပြီကွ။ အခုလို အခြေအနေမျိုး ဖြစ်လာအောင် တောင် တို့တွေ တော်တော် ကြိုးစားယူထားရတာ'

ကျွန်တော်က အန်ကယ်ဦးသီဟကို တစ်ချက်လှမ်းကြည့်ရင်း စိတ်မသက်မသာဖြင့် သက်ပြင်းတစ်ချက်ချမိသည်။

'ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျေးဇူးတင်ပါတယ်'

ဆရာဝန်ကြီးက ဦးသီဟကို တစ်ချက်နှစ်ချက် စမ်းသပ်ကိုင်တွယ်ကြည့်ကာ အခန်းအတွင်းမှ လှည့်ထွက်သွား၏။ ကျွန်တော်က ခုတင်ဘေးမှ ခုံတန်းရှည်ပေါ်တွင်ထိုင်ကာ ပက်လက်အနေအထားဖြင့် မှိန်းနေသော ဦးသီဟမျက်နှာကို သေချာစိုက်ကြည့်နေရင်း သူ့လက်ချောင်းများကိုလည်း ဆုပ်ကိုင်နေမိသည်။





ခဏအကြာတွင် ဦးသီဟ၏ မျက်လုံးများက ဖြေးညှင်းစွာပွင့်လာပြီး ကျွန်တော့်ကို ငေးစိုက်ကြည့်နေ၏။

'အန်ကယ် နေသာရဲ့လား၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

ကျွန်တော်က အန်ကယ်ဦးသီဟမျက်နှာနားသို့ ကပ်သွားကာ မေးလိုက်သည်။ အန်ကယ်ကတော့ ကျွန်တော့်မျက်နှာကို သေသေချာချာ ပြန်ကြည့်နေပြီး သူ့လက်ချောင်းများဖြင့် ကျွန်တော့်လက်ကို ပြန်ပြီး ဆုပ်ကိုင်ထားလေသည်။

ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်နေရင်း...

သူ့ပါးစပ်မှလည်း တစ်ခုခုကို ပြောချင်နေပုံရသည်။

'သား... '

ဖြေးညှင်းစွာပွင့်ဟလာသော နှုတ်ခမ်းမှ လေသံတိုးတိုးဖြင့် ကျွန်တော့်ကို လှမ်းခေါ်လိုက်သည်။

အန်ကယ်ဦးသီဟက ကျွန်တော့်ကို သားဟု ခေါ်ခြင်းမှာ တစ်သက်နှင့်တစ်ကိုယ် ဤတစ်ကြိမ်သာ ကြားဖူးသဖြင့် ကျွန်တော့်ရင်ထဲတွင် မကောင်းဖြစ်နေမိသည်။ သူ့အနေနှင့်လည်း ယခုအချိန်တွင် အားကိုးအားထားပြုရမည့်သူဆို၍ ကျွန်တော်တို့ မိသားစုသုံးယောက်သာလျှင် ရှိတော့သည်ဟူသည့် အသိက သူ့ရင်ထဲတွင် ရှိနေပုံရသည်။

'သား... ကျော်စွာ'

www.burmeseclassic.com



ဟင်… ငါ့ကို သူ့သားကျော်စွာနဲ့ လူမှားပြီး ကယောင်ကတမ်းနဲ့ ခေါ်နေတာပါလား။

ကျွန်တော်က အန်ကယ်ဦးသီဟဆန်ကို လိုက်လိုက်လျောလျော ဖြင့် သူ့မျက်နှာနားသို့ကပ်ကာ…

'ဟုတ်ကဲ့… ပြောပါ၊ ကျွန်တော် နားထောင်နေပါတယ်'

'မင်း အမေရောဟင်… ဒီကို ဘာဖြစ်လို့ သားနဲ့အတူ လိုက်မလာ တာလဲ'

ချက်ချင်း ဘာပြန်ဖြေလို့ဖြေရမှန်း မသိဘဲ ရင်ထဲတွင် ဆို့တစ်နေ၏။ တကယ်တော့ ကွယ်လွန်ပြီးသော သူ့ဇနီးနှင့် သားကို တမ်းတကာ စိတ်ကယောင်ချောက်ချားနှင့် ပြောနေခြင်းပင် ဖြစ်သည်။

'ဟို… ခဏကြာရင် လာကြတော့မှာပါ'

ပြောမိပြောရာကို ကျွန်တော် ပြန်ပြောလိုက်ရသော်လည်း အန် ကယ်ဦးသီဟကတော့ ကြားသည့်ပုံမပေါ်၊ ကျွန်တော့်ကို ကြောင်ပြီး ငေးစိုက်ကြည့်နေဆဲပင် ဖြစ်သည်။

တိတ်ဆိတ်ငြိမ်သက်နေသော ဆေးရုံကြီးတစ်ခုလုံးသည် မှော် လင့်ချက်ကုန်ဆုံးနေသော လူနာများအဖို့ ကြောက်ရွံ့ အထီးကျန်စရာ တစ်ခုပင် ဖြစ်နေ၏။

'နန္ဒာတစ်ယောက် မေမေ့ကို သွားကြိုတာ ကြာလိုက်တာ၊ အခု





အချိန်များ မပြောကောင်း မဆိုကောင်း အန်ကယ် တစ်ခုခုဖြစ်သွားရင် ဒုက္ခပဲ'

ကျွန်တော်က လက်မှနာရီကို ငုံ့ကြည့်ရင်း မေမေနှင့် နန္ဒာအလာ ကို မျှော်နေမိသည်။

ထိုစဉ် ကျွန်တော့်နောက်မှ ခြေသံလိုလို ကြားလိုက်ရပြီး ကျော ထဲမှလည်း စိမ့်ခနဲ ခံစားလိုက်ရသည်။ ချက်ချင်း ကျွန်တော် နောက်သို့ ဖျက်ခနဲလှည့်ကြည့်လိုက်၏။

လှုပ်ယမ်းသွားသော ကန့်လန့်ကာကြီး၏နောက်တွင် လှစ်ခနဲ ပြန်လှည့်ပြေးသွားသော လူရိပ်သဏ္ဍာန်တစ်ခုကို ဝိုးတိုးဝါးတား လှမ်း တွေ့လိုက်ရသည်။

'ဟင်… ဘယ်သူလဲ၊ ငါလှည့်ကြည့်လိုက်တာနဲ့ ဘာဖြစ်လို့ ထွက်ပြေးသွားတာလဲ'

ရုတ်တရက် ထိုင်ရာမှထပြီး ကန့်လန့်ကာကြီးကို ဆွဲဖယ်ကာ အခန်းဝတံခါးပေါက်မှနေ၍ စင်္ကြံတစ်လျှောက် ဘယ်ညာကို ချက်ချင်း လိုက်ကြည့်လိုက်၏။ သို့သော် ရှည်လျားသော စင်္ကြံကြီးတစ်လျှောက်လုံး တွင် လူရိပ်လူယောင်ဟူ၍ တစ်ယောက်တလေမျှပင် ရှိမနေချေ။

'ငါမြင်လိုက်တာ လူတစ်ယောက်ယောက် ဆိုတာကတော့ သေချာတယ်၊ သူနာပြုတွေ၊ လူနာလာမေးတဲ့ လူတွေဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို ဝင်လာမှာပေါ့'

ကျွန်တော့်အတွေးတွေက ခဏအတွင်း ရှုပ်ယှက်ခတ်ကုန်သည်။ စိတ်ထဲတွင်လည်း တစ်ခုခုကို စနိုးစနောင့်ဖြစ်နေမိ၏။ ထို့နောက် စင်္ကြံမှ အခန်းအတွင်းသို့ ပြန်လှည့်ဝင်လာပြီး ခုတင်ဘေးမှ ခုံတန်းရှည်တွင် ပြန်ထိုင်နေလိုက်သည်။ အန်ကယ်ဦးသီဟကတော့ မျက်လုံးများမှေးစင်းကာ ဖြေးညှင်းစွာ အသက်ရှူနေသည်ကို စိတ်မသက်မသာတွေ့ရသည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ ခြေသံတို့ကို ကြားနေရပြန်၏။ ဒီတစ်ကြိမ် ကြားရသောခြေသံမှာ နှစ်သံ၊ သုံးသံဖြစ်နေ၏။ တဖြည်းဖြည်းချင်း အခန်းနှင့် နီးကပ်လာသံဖြစ်သည်။ ကျွန်တော်က အခန်းပေါက်ရှိရာသို့ မျက်နှာချင်းဆိုင် မတ်တပ်ရပ်ရင်း အသင့်စောင့်နေလိုက်၏။

'ဟင်... မေမေ'

အခန်းအတွင်းသို့ ချိုးကွေ့ဝင်လာသော ခြေသံများမှာ မေမေနှင့် ညီမလေး နန္ဒာတို့၏ ခြေလှမ်းများပင် ဖြစ်နေ၏။

နန္ဒာက အခုမှသိရသည့် အမေအရင်း၏လက်ကို မလွှတ်တမ်း ဆွဲထားရင်း စိုးရိမ်သောကများနေသည့် အပူမျက်နှာနှင့် အခန်းအတွင်းသို့ ပြာပြာသလဲ လှမ်းဝင်လာကြသည်။

'ဘယ်လိုလဲသား၊ မင်းအန်ကယ် သတိကောရရဲ့လား'

မေမေက သူ့မောင်အခြေအနေကို ရောက်ရောက်ချင်း အလော





တကြီး မေးနေတော့သည်။

'သတိတော့ရတယ်မေမေ၊ ဒါပေမယ့် သားကို သူ့သားထင်ပြီး ပါးစပ်က ကယောင်ကတမ်းတွေ ပြောနေတယ်၊ နောက်ပြီး သူ့မိန်းမကိုလည်း တော်တော် သတိရနေပုံရတယ်'

မေမေက အန်ကယ်ဦးသီဟခုတင်နားသွားကာ ဦးသီဟ၏ လက်ချောင်းများကို ဖြေးညှင်းစွာ ဆုပ်ကိုင်နေ၏။ မေမေ့ မျက်လုံးအိမ်များအတွင်းတွင်လည်း အန်ကယ်ဦးသီဟကို ကြည့်ကာ မျက်ရည်များစို့နေ၏။ ညီမလေးနန္ဒာက အန်ကယ်ခုတင်ခြေရင်းတွင် ခြေဖဝါးများကို ဆုပ်ကိုင်ရင်း မျက်နှာတစ်ခုလုံး နီမြန်းနေပြီး တရှုံ့ရှုံ့ဖြင့် ငိုနေ၏။ မေမေက အန်ကယ်မျက်နှာနား တိုးကပ်သွားကာ တိုးတိုးညှင်းညှင်း ခေါ်ကြည့်လိုက်သည်။

'မောင်လေး... မောင်လေး သီဟ'

မျက်လုံးများက ဖြည်းဖြည်းချင်း ပွင့်လာသည်။ သူ့မျက်လုံးများက ပုံမှန်တော့ မဟုတ်တော့၊ မှေးမှိန်ဖျော့နေသည့် နောက်တစ်ဘဝ၏ အရုဏ်ထတက်ချိန် ကြယ်များလို ပျောက်ကွယ်လုနီးနီး ဖြစ်နေချေပြီ။

'မောင်လေး... မမ ရောက်ပြီနော်'

မေမေ့အသံက လည်ချောင်းဝတွင် တိမ်ဝင်ပျောက်ကွယ်လုနီးနီး တုန်ယင်ကွဲရှနေ၏။ ဦးသီဟကတော့ မေမေရောက်လာသည်ကို သိသည့်



www.burmeseclassic.com

www.burmeseclassic.com



အမှုအရာဖြင့် ခေါင်းညိတ်ပြကာ မေမေ့လက်ကိုလည်း ပြန်ပြီးဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

●





မေမေက ခုတင်နားမှ ဖြည်းဖြည်းချင်း နောက်သို့လှည့်ထွက်သွားပြီး တစ်ခုခုကို ပြန်ပြီးတွေးတော စဉ်းစားနေပုံရသည်။ ထို့နောက် လက်နှစ်ဖက်ကို နောက်သို့ပစ်ရင်း အခန်းဝဆီသို့ ဦးတည်ကာ တလှမ်းချင်း လျှောက်နေ၏။

'ဟိုး... လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ဝန်းကျင်လောက်က မောင်လေး သီဟတို့ရဲ့ မိသားစုမှာ အနိဋ္ဌာရုံတွေနဲ့ ကံဆိုးခဲ့တာလည်း အခုလို မွေးရာသီအချိန်မျိုးပဲ သားနဲ့ သမီးရဲ့'

မေမေက ကျွန်တော်နှင့် နန္ဒာကို ဦးသီဟနှင့် ပတ်သက်သည့် ကြေကွဲဖွယ်ရာ အဖြစ်တို့ကို ပြန်ပြောင်းပြောပြနေသည်။

ကျွန်တော်နှင့် နန္ဒာက ထိုင်ရာမှထကာ မေမေနားသို့ လျှောက်သွားပြီး စိတ်ဝင်တစား နားထောင်နေမိသည်။

'မင်းတို့အန်ကယ်က အိမ်ထောင်ကျတာ မေမေ့ထက် ဆယ့်သုံးနှစ်လောက် စောတယ်၊ သူတို့မှာ ကျော်စွာဆိုတဲ့ သားလေးတစ်ယောက် ရှိတယ်၊ အဲဒီကျော်စွာက မေမေတို့လက်ပေါ်မှာပဲ ကြီးပြင်းလာခဲ့တာပေါ့'

ကျွန်တော်က 'ကျော်စွာ' ဟူသောအသံ ကြားရုံဖြင့် ဘာရယ် မဟုတ်ဘဲ ကြက်သီးမွေးညှင်းထသွား၏။

'တစ်နေ့တော့ မင်းတို့ အန်ကယ်ရဲ့ဇနီး ခင်မကြည်နဲ့ [illegible] ကျော်စွာတို့ဟာ မော်လမြိုင်ဘက်ကိုသွားရင်း ကားမှောက်ပြီး [illegible]

www.burmeseclassic.com



သွားကြတယ်'

'အို… ဘုရား… ဘုရား'

ဒီတစ်ကြိမ် အံ့သြသွားသူက နန္ဒာပင်ဖြစ်သည်။ နန္ဒာက သည်အကြောင်းတွေကို ကျွန်တော့်လောက် စုံစုံလင်လင် သိထားပုံမပေါ်ချေ။

မေမေက အခန်းအတွင်း စကားတပြောပြောဖြင့် လှည့်ပတ်လျှောက်နေရင်း အန်ကယ်ဦးသီဟ ခုတင်သို့သွားကာ လက်ဖဝါးလေးကို စမ်းလိုက်၊ ခြေဖဝါးလေးကိုစမ်းလိုက်ဖြင့် သူ့မောင်၏ အရိပ်အခြေကို အကဲခတ်ရင်း စောင့်ကြည့်နေသည်။

'အဲဒီအချိန်မှာ သားနဲ့ သမီးနန္ဒာရဲ့ ကိုယ်ဝန်ကို မေမေက လွယ်ထားရပြီပေါ့၊ မေမေလည်း မင်းတို့အဖေနဲ့အတူ မော်လမြိုင်ကို လိုက်သွားပြီး ခင်မေကြည်နဲ့ သားလေးကျော်စွာတို့ရဲ့ အလောင်းကို သင်္ဂြိုဟ်ခဲ့ရတယ်၊ အဲဒီအသုဘချပြီး ရန်ကုန်ကို ပြန်လာခဲ့တဲ့အချိန်အထိ ညတိုင်းလိုလိုဟာ သားလေးကျော်စွာကို မေမေ အိပ်မက်တွေ ဆက်တိုက်မက်နေတော့တာပဲ'

မေမေက ပြောရင်းနှင့် သူ့လည်ချောင်းဝတွင် စကားလုံးတွေက ပို့ပို့တက်လာသလို အကြိမ်ကြိမ် ပြန်မျိုချနေရသည်နှင့် တူနေ၏။

'အဲဒီနောက်ပိုင်း မင်းတို့အန်ကယ်က ဒီမြို့မှာ တစ်ယောက်ထဲကျန်ခဲ့ရင်းနဲ့ စိတ်တွေလေနေပြီး အရက်ကို နေ့တိုင်း အလွန်အကျွံတွေ

ကြောင်းနဲ့ကောင်းအောင်တိုက်



သောက်တော့တာပဲ၊ အခုဖြစ်တာလည်း အဲဒီဒဏ်တွေကြောင့်ပဲနေမှာ'

ဆေးရုံမျက်နှာကျက်ပေါ်မှ ပန်ကာဒလက်ကြီး လည်နေသံက မပီမသနှင့် လူတစ်ယောက် ငြီးညူနေသံလို ကြားနေရသည်။ ကျွန်တော်က အန်ကယ်ဦးသီဟကို လှမ်းကြည့်လိုက်၏။ သူ့အင်္ကျီကော်လာစမှာ ပန်ကာလေကြောင့် တဖျတ်ဖျတ် လှုပ်ခတ်နေလျက်ရှိသည်။

'နောက်ပြီး သီဟက ရှာရှာဖွေဖွေတွေလည်း လုပ်တတ်တယ်၊ သန်လျင်အဟောင်းကရလာတဲ့ ဓားမြှောင်ဆိုလား၊ ရှေးဟောင်းပစ္စည်းဆိုလား၊ အဲဒါကို သူ့သားက မြင်သွားပြီး လိုချင်လို့ သူ့ကို အမြဲတမ်းနားပူနားဆာလုပ်နေတာ၊ သူ့သားလည်းသေရော အဲဒီဓားမြှောင်လေးကို အိပ်မက်ထဲမှာ လာလာတောင်းနေတယ်လို့ မေမေ့ကို အမြဲပြောပြောပြတယ်လေ၊ စဉ်းစားကြည့်လေ သန်လျင်အဟောင်းက ရလာတဲ့ဓားက ဘာမှန်းညာမှန်းသိတာ မဟုတ်ဘူး၊ သူ့ပဲ ရှာရှာဖွေဖွေ'

ဟင်… ဓားမြှောင်၊ ဟိုတစ်ခါ ငါ့လက်ကိုရှသွားတဲ့ ဓားမြှောင်ပဲ ဖြစ်ရမယ်။

ထိုအတွေးကြောင့်…

ကျွန်တော့် လည်ချောင်းဝတွင် တစ်စုံတရာက လာရောက်တစ်ဆို့သွားသကဲ့သို့ ကျောပြင်တစ်ခုလုံးမှာ စိမ့်ခနဲ ခံစားလိုက်ရသည်။

နန္ဒာက ကျွန်တော့်မျက်နှာကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ရာ

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် အကြည့်ချင်းဆုံသွား၏။ သူ့မျက်နှာမှာလည်း အနည်းငယ် စိုးရွံ့ထိတ်လန့်နေသလိုမျိုး ပါးစပ်အဟောင်းသားနှင့် ဖြစ်နေသည်။ မေမေ က ဆက်ပြီး...

'သူ့သားကို သူက သိပ်ချစ်တော့ သူ့သားနေခဲ့တဲ့ အခန်းတွေ၊ အသုံးအဆောင်တွေ အကုန်လုံးကို အခုအချိန်အထိ ဒီအတိုင်းထားတုန်းပဲ၊ သားကို သူ့သားနဲ့ မှားပြီးခေါ်တယ်ဆိုတာလည်း သားက ကျော်စွာနဲ့ ရုပ်ချင်းခွဲမရအောင် ချွတ်စွပ်တူနေတာကိုး'

'ဗျာ... '

ကျွန်တော့်အသံက မည်မျှကျယ်လောင်သွားသည်မသိ၊ ခန္ဓာကိုယ် တစ်ခုလုံး ဖြုန်းခနဲ လဲပြိုမသွားအောင် မနည်းထိန်းထားလိုက်ရသည်။

'ဟုတ်တယ်... သား၊ ကျော်စွာရဲ့အလောင်းကို သင်္ဂြိုဟ်တုန်း တစ်ချိန်လုံး မေမေဟာ သားရဲ့ကိုယ်ဝန်ကြီးနဲ့ အလောင်းနားမှာ အနီး ကပ်နေခဲ့ရလို့လား မသိဘူး၊ ပြန်လာတဲ့အထိ ကျော်စွာရဲ့မျက်နှာကို မေမေ့အာရုံထဲမှာ စွဲပြီးမြင်နေတယ်၊ အဲ... သားကိုမွေးလာတော့ သားရဲ့ မျက်နှာဟာ ကျော်စွာနဲ့ တစ်ထပ်တည်းတူနေတော့တာပဲသား'

ငါ့မျက်နှာနဲ့ ချွတ်စွပ်တူတယ်ဆိုပါလား၊ ဟုတ်ပါပြီ၊ ငါ့ကို ဒုက္ခပေးနေတာ ကျော်စွာပဲဖြစ်မယ်၊ အင်း... ဟုတ်တယ် ဒီကောင်ပဲ။

ဆက်ပြောနေသော မေမေ့စကားသံများကို ကျွန်တော် မကြား





တော့ ကျွန်တော့်ခေါင်းထဲတွင် အာရုံတွေက ရှုပ်ထွေးနောက်ကျိနေပြီး အဖြေမရှိသော မေးခွန်းတွေသာ ထပ်တလဲလဲ ပေါ်နေသည်။

ဘာဖြစ်လို့ ကျော်စွာက ငါ့ကို လိုက်နှောင့်ယှက်နေရတာလဲ။

သူဟာ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်လား။

သူ့ကို ငါ ဘယ်လိုရှင်းထုတ်ပစ်ရမလဲ။

သူ... သူ ငါ့ကို ဘယ်လောက်အထိ အန္တရာယ်ပေးနိုင်သလဲ။

ကျွန်တော် တွေးရင်း တွေးရင်းနှင့် သက်ပြင်းကိုသာ လေးလေး ပင်ပင် မှုတ်ထုတ်လိုက်မိတော့၏။

မည်သူမှ ကြုံဖူးလိမ့်မည်မဟုတ်သော အန္တရာယ်ဆိုးတစ်ခုနှင့် ကျွန်တော် ရင်ဆိုင်ရလေပြီ။

ဘယ်သူ့ကို ဖွင့်ပြောပြရမှာလဲ၊ ဘယ်သူ့ကို အကူအညီတောင်း ရမှာလဲ၊ ကျွန်တော် မသိတော့။

ပြောပြလျှင်ကော လူတွေက ယုံကြည်မှာတဲ့လား။

ထိုအချိန်မှာပင်...

'အား... အင်း... ကျွတ်... ကျွတ်'

ခုတင်ပေါ်တွင် မှိန်းမောနေသော အန်ကယ်ဦးသီဟထံမှ မသဲမကွဲ ညည်းညူသံတစ်ချို့ ထွက်ပေါ်လာသည်။

မေမေက စိုးရိမ်ပူပန်စွာဖြင့် အန်ကယ်ဦးသီဟ၏ လက်တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ရင်း...

'မောင်လေး... မောင်လေးသီဟ မမရှိတယ်၊ စိတ်ကိုတင်းထား မှပေါ့'

ကျွန်တော်နှင့် နန္ဒာလည်း လူနာခုတင်ဘေးသို့ ကမန်းကတန်း တိုးကပ်သွားလိုက်သည်။

အန်ကယ်ဦးသီဟ၏ အခြေအနေက မကောင်းတော့။

နှုတ်ခမ်းအစုံမှာ ဖြူလျော်လျက် တစ်ကိုယ်လုံး အေးစက်ကာ သွေးဆုတ်နေပြီ ဖြစ်သည်။

အသက်ကိုလည်း ခဲယဉ်းပင်ပန်းစွာ ရှူနေရ၏။ သူ့မျက်လုံးအစုံ က ဘာကိုမှ မြင်ရဟန်မတူတော့။

အန်ကယ် ဦးသီဟက မနည်းအားယူကာ တိုးညှင်းသောလေသံ ဖြင့်...

'ကျွန်တော့်... ကျွန်တော့်... အခန်းထဲမှာ'

စကားသံက ပြတ်တောက်သွားသည်။ ခဏနေမှ တဖန်အားယူ ပြီး...

'သားလေးကျော်စွာနဲ့... ဇော်သက်တဲ့... လှိုဏ်ဂူချက်... တွေ ... ရှိ'

အသံက တိမ်ဝင်သွားသဖြင့် မနည်းအားစိုက်ပြီး နားထောင်နေ

ကြောင်နှမ်းကောင်အားတိုက်



ရ၏။

'ညာ... ဖက်... အံဆွဲ... ထဲ... မှာ... ၊ ထုတ်... ယူ... ပြီး... မီး... ရှို့... ဖျက်... ဆီး... လိုက်... ပါ'

အဲသည့်စကားသည်ပင် အန်ကယ်ဦးသီဟ၏ နောက်ဆုံးထွက် သက်နှင့်အတူ မှာကြားသွားသော စကားလုံးများ ဖြစ်လေတော့သည်။

'မောင်လေး... မောင်လေး... သီဟ၊ ဟီး... ဟင့်... ဟင့်'

'အဟင့်... ဟင့်... ဖေဖေရယ်... သမီးကို ထားခဲ့ပြီလား... ဟီး... ဟီး'

မေမေနှင့် နန္ဒာတို့၏ ငိုကြွေးလိုက်သံက ပြိုင်တူလိုလို ထွက်ပေါ် လာသည်။

အသက်ဝိညာဉ်မဲ့နေသော အန်ကယ်ဦးသီဟ၏ ရုပ်အလောင်း ကတော့ အရာရာကို ငြိမ်းချမ်းငြိမ်သက်စွာ ဥပေက္ခာပြုလျက်။

■

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

ဆေးရုံဝန်ထမ်းများက အန်ကယ်ဦးသီဟ၏ ရုပ်ကလပ်ကို ဆေးရုံရှိ အအေးတိုက်သို့ပို့ရန် ပြင်ဆင်နေကြသည်။

နန္ဒာကတော့ အခုထိ ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုယိုနေသေး သူမအတွက်တော့ ဘဝတစ်သက်တာလုံး ဖခင်တစ်ယောက်အဖြစ် တွယ်တာခဲ့ရသူတစ်ယောက် ဆုံးပါးသွားရခြင်းကို တကယ့် ဖခင်ရင်းတစ်ယောက် ကွယ်လွန်သွားသလိုမျိုး ခံစားရပေလိမ့်မည်။

တာဝန်ကျဆရာဝန်က သေစာရင်းမှာ လက်မှတ်ရေးထိုးပေးနေသည်ကို မျက်ရည် သွင်သွင်သုတ်လျက် စောင့်ဆိုင်းနေသည့် မေမေ့အနီး





သို့ ကျွန်တော်က တိုးကပ်သွားလိုက်ရင်း...

'မေမေ... သား... အိမ်ကို ပြန်နှင့်လိုက်မယ်နော်၊ အိမ်မှာ အသုဘကိစ္စအတွက် စီစဉ်စရာရှိတာတွေ လုပ်ထားနှင့်ရအောင်လို့'

မေမေက မျက်ရည်စတို့ကို သိမ်းဆည်းကာ ဣန္ဒြေဆည်လိုက်ပြီး...

'ခဏစောင့်ဦးလေ... သား၊ အလောင်းကို ရေခဲတိုက်ထဲပို့ပြီးရင် မေမေတို့လည်း သိမ်းစရာရှိတဲ့ ပစ္စည်းတွေသိမ်းပြီး ပြန်ကြမှာပဲ၊ နာရီဝက်လောက်ပဲ ကြာမှာပါ၊ မေမေတို့နဲ့ကျမှ အတူတူပြန်ပေါ့'

ကျွန်တော် အတော်လေး အကျပ်ရိုက်သွားသည်။ ကျွန်တော့်စိတ်ကူးက သည်လိုမဟုတ်။

ကျွန်တော်က အိမ်ကို အရင်ရောက်နှင့်မှ ဖြစ်မည်။ အန်ကယ်ဦးသီဟ ပြောသွားသော 'သူ့သားကျော်စွာနှင့် ပတ်သက်သည့် လျှို့ဝှက်ချက်' ဆိုသည်ကို ကျွန်တော် အရမ်းသိချင်နေမိသည်။

'ညာဘက်အံဆွဲထဲမှာ' ရှိသည်တဲ့။

ဗီရိုတစ်လုံးလုံး၏ အံဆွဲလား? စာကြည့်စားပွဲလို ဟာမျိုး၏ အံဆွဲလား?

ဒါတော့ မသိချေ။

အန်ကယ်ဦးသီဟရဲ့ အခန်းထဲရောက်မှ တွေ့သမျှ အံဆွဲတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ကြည့်ပြီး မွှေနှောက်ရှာရမှာပဲဟု ကျွန်တော်တွေးလိုက်၏။

ပြီးလျှင် အဲဒီလှို့ဝှက်ချက်များကို ကျွန်တော့်ဖာသာ သိမ်းဆည်းထားလိုက်မည်ဟု စိတ်ကူးထားသည်။

ဒီတော့…

ဘယ်နည်းနှင့်မှ မေမေတို့နှင့် အတူတူသွား၍ မဖြစ်ချေ။ မေမေသာဆိုလျှင် သူ့မောင်ဖြစ်သူ၏ ဆန္ဒအတိုင်း အဲဒီလှို့ဝှက်ချက်များအားလုံးကို မီးရှို့ဖျက်ဆီးပစ်မှာ သေချာသည်။

ဒါကိုတော့ ဘယ်လိုမှ အဖြစ်မခံနိုင်။

တစ်နည်းနည်းဖြင့်တော့ မေမေ့ထက်အရင် အိမ်ကိုရောက်အောင်သွားမှဖြစ်မည်။

ခဏကြာတော့ အန်ကယ်ဦးသီဟ၏ ရုပ်အလောင်းကို ဘီးတပ်ခုတင်ပေါ်ရွှေ့ပြောင်းတင်ပြီး အအေးတိုက်ဆီသို့ ဝန်ထမ်းတစ်ယောက်က တွန်းယူသွားတော့၏။

မေမေနှင့် နန္ဒာက တရှုံ့ရှုံ့ငိုရင်း နောက်မှ လိုက်ပါသွားကြသည်။

ကျွန်တော်ကတော့ နောက်မှာ မသိမသာချန်ရင်း နေရစ်ခဲ့၏။

သူတို့အားလုံး စင်္ကြံထောင့်ချိုးကို ကျော်လွန်ကာ မြင်ကွင်းမှကွယ်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်လည်း ဆေးရုံဝင်းထဲတွင်

ရုပ်ထားသောကားဆီသို့ သုတ်ခြေတင်ခဲ့တော့သည်။

'အိမ်ကို ငါအရင်ရောက်နှင့်မှ ဖြစ်မယ်'

ကျွန်တော့်ခေါင်းထဲတွင် ဒီအတွေးတစ်ခုသာ ရှိတော့သည်။

●

www.burmeseclassic.com



အိမ်ရှေ့တွင် ကားကို ပြီးစလွယ်ထိုးရပ်ပစ်ခဲ့ပြီး အိမ်ထဲသို့ ကျွန်တော် အပြေးအလွှားဝင်လာခဲ့မိသည်။

အန်ကယ်ဦးသီဟ၏ အခန်းရှေ့ရောက်တော့ ကျွန်တော့်ခြေထောက်တွေက မသိမသာ တုန်ယင်လာ၏။

ခုနကလေးတင် လောလောလတ်လတ် သေဆုံးသွားတဲ့ လူတစ်ယောက်ရဲ့ အခန်းထဲကိုဝင်ရမှာ စိတ်မသိုးမသန့်ဖြစ်စရာ ကောင်းလို့တာ။

ကျွန်တော် စိတ်ကို ပြန်တင်းလိုက်၏။

အဖြူရောင် သစ္စာတံခါးရွက်ကို လက်ဖြင့် အသာအယာ တွန်းလိုက်သည်။





'ကျွီ...'

တံခါးက အလိုက်သင့်ပင် ပွင့်သွား၏။

တဒိန်းဒိန်းခုန်နေသော ကိုယ့်နှလုံးခုန်သံကို ကိုယ်ပြန်ကြားနေရင်းက အခန်းထဲသို့ ကျွန်တော် လှမ်းဝင်လိုက်တော့သည်။

အခန်းထဲတွင်ကား...။

●

www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂိရတ်ထိုးသည့် ဖားဖိုအဟောင်းကြီးတစ်ခုက အခန်းထောင့်မှာ ရွဲ့ရွဲ့စောင်းစောင်း၊ ပင့်ကူမျှင်တွေ အလိမ်းလိမ်းကပ်ငြိတွယ်လျက်။

ကမ္ဗဒွန်းထိုင်သည့်အခါ အာရုံနိမိတ်ယူပြီး ကြည့်ဖို့ဟု ယူဆရသော လူ့အရိုးစုတစ်ခုကိုလည်း နံရံမှာ တွဲလောင်းချိတ်လျက်သား တွေ့ရ၏။

ဖြူဆွတ်ဆွတ် အရိုးစုကောင်က သွားတွေကို ဖြဲပြနေသလို ထင်မှတ်ရသည်။ အရိုးခေါင်း၏ မျက်လုံးဟောက်ပက်ပက်က လှမ်းပြီးကြည့်နေသည်ဟု အောက်မေ့ရသောကြောင့် ကျွန်တော့်တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွား၏။





ကျန်သည့် အခန်းတစ်ခုလုံးကတော့ ပစ္စည်း အဟောင်း အမြင်းများ ပင့်ကူအိမ်များဖြင့် ရှုပ်ပွနေသည်။

ရှေးဟောင်းပုရပိုဒ်လို ပေစာရွက်တွေကိုလည်း စားပွဲပေါ်မှာ တစ်ချို့ ကြမ်းပြင်ပေါ်မှာ တစ်ချို့ဖြင့် ပြန့်ကျဲနေသည်ကိုတွေ့ရ၏။ နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်လှပြီဖြစ်သော ပေစာရွက်များဖြစ်သောကြောင့် လက်ဖြင့် ထိလိုက်ရုံမျှဖြင့် ပွဲကြေကျသွားလိမ့်မည်ဟု အောက်မေ့ရလေသည်။

နောက်ပြီး အင်းချပ်လိုလို ကကြိုး ခကွေးအက္ခရာများဖြင့် ပုံဖော်ထားသည့် အရုပ်များ၊ ရှေးဟောင်း ဟီးဘရူးဘာသာလို အက္ခရာတစ်မျိုးဖြင့် ရေးသွင်းထားသည့် အနောက်တိုင်း လောကီအစီအရင်များလည်း ရှိ၏။

အဆိုးရွားဆုံးမှာ အခန်းတွင်း၌ အလင်းရောင် လုံလုံလောက်လောက်မရဘဲ မှောင်ရီပိုးတဝါးဖြစ်နေခြင်းပင်၊ လျှပ်စစ်မီးခလုတ်ကိုလည်း စမ်း၍ ရှာ၍မရ။

ထို့ကြောင့် ကျွန်တော်က စားပွဲပေါ်တွင် အသင့်တွေ့ရသော မီးခြစ်ကိုခြစ်ပြီး အခန်းထောင့်ရှိ ရေနံဆီမီးဖိုကို မီးထွန်းညှိလိုက်သည်။

'အင်း... ခုမှပဲ အဆင်ပြေသွားတော့တယ်'

ပြာလဲ့လဲ့မီးတောက်က တဖြည်းဖြည်း အားကောင်းလာ... လာသည်နှင့်အမျှ တစ်ခန်းလုံးကို သဲသဲကွဲကွဲ ပြတ်ပြတ်ထင်ထင် မြင်တွေ့



www.burmeseclassic.com

www.burmeseclassic.com



လာရသည်။

ကျွန်တော်က အချိန်ဖြုန်းမနေတော့ဘဲ အန်ကယ်ဦးသီဟ ပြောလိုက်သော အံဆွဲကို တစ်ခန်းလုံးအနှံ့ လှည့်ပတ်ရှာဖွေလိုက်၏။

ခက်သည်က အံဆွဲနှင့်တူသော အရာဟူ၍ ဘယ်နေရာမှာမှ မတွေ့။

နံရံတွေအားလုံးမှာ စာအုပ်တွေတင်ရန်နှင့် အင်္ဂလိပ်ထိုးသော ပစ္စည်းများထည့်ထားသည့် ဖန်ပုလင်းကြီးတွေထားသိုရန် သစ်သားစင်မြင့်မြင့်ကြီးတွေသာရှိ၏။

ဗီရိုများကို ဖွင့်ကြည့်လိုက်တော့လည်း အံဝှက် အံဆွဲ အကာန့်ဟူ၍ လုံးဝမရှိသော မတ်တပ်ဗီရိုကြီးတွေချည်းဖြစ်၏။ နန္ဒာ ပြောခဲ့ဖူးသလိုပင် အထဲမှာ လူတစ်ယောက်ဝင်ပြီး မတ်တပ်ရပ်နေနိုင်လောက်သည်အထိ ကျယ်ဝန်းချောင်ချိသော ဗီရိုကြီးများပင်ဖြစ်သည်။

'ဟူး... ဘယ်မှာမှလည်း မတွေ့ပါလား'

ကျွန်တော်က သက်ပြင်းတစ်ချက်ချရင်း ညည်းညူလိုက်မိသည်။

နောက်ဆုံး ရှေးဟောင်းပုရပိုက်နှင့် အင်းချပ်များ ဖရိုဖရဲ ပြန့်ကျဲနေသော စားပွဲဆီသို့ ကျွန်တော် ခြေဦးလှည့်လိုက်၏။

ထိုစားပွဲမှာလည်း မည်သည့်အံဆွဲမှ ရှိမနေပါ။ ထမင်းစား စားပွဲလို လေးချောင်းထောက် စားပွဲကြီးတစ်လုံးသက်သက်မျှသာ ဖြစ်၏။





'ဟင်... ဒါက ဘာကြီးပါလိမ့်'

ကျွန်တော့်အကြည့်က စားပွဲထောင့်စွန်းတစ်ဘက်တွင် တင်ကာ အဝတ်စကြီးတစ်စဖြင့် ဖုံးလွှမ်းထားသည့် နှစ်ပေခန့်မြင့်သော ခပ်လုံးလုံး သဏ္ဌာန် အရာဝတ္ထုတစ်ခုကို သတိထားမိသွား၏။

ကျွန်တော်က စူးစမ်းလိုစိတ်ဖြင့် အပေါ်မှ ဖုံးလွှမ်းထားသော အဝတ်စကို ဆွဲယူဖယ်ရှားပစ်လိုက်ရာ...

'ဟာ... '

ကျွန်တော်နှင့် အစစအရာရာ တစ်ထပ်တည်းတူညီနေသော လူတစ်ယောက်၏ ကိုယ်တစ်ပိုင်းပုံ ပန်းပုရုပ်လုံးတစ်ခုက ကျွန်တော့်ကို ပြန်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရခြင်းကြောင့် ထိတ်ခနဲ ခံစားလိုက်ရသည်။ ပြီးမှ...

'ဟင်... ငါကလည်း သက်သက်မဲ့ အကြောက်လွန်နေလိုက်တာ၊ ဘာမှလည်း မဟုတ်ပါဘူး၊ ပန်းပုရုပ်ကြီးပဲဥစ္စာ'

သို့သော် သစ်သားပန်းပုရုပ်က လက်ရာမြောက်လွန်းသောကြောင့် တကယ့်လူအစစ်အလား အသက်ဝင်လှသည်ကိုတော့ ဝန်ခံရပေလိမ့်မည်။

အောက်ခံသစ်သားခုံက လက်တစ်ဝါးခန့်မြင့်ပြီး [illegible] တစ်ဆက်တည်း ထွင်းထုထားခြင်း ဖြစ်၏။ ထိုအောက်ခံသစ်သားခုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင်လည်း ကနုတ်ပန်းလိုလို အမျိုးအမည်မသိရသော အကွက်ရာလိုလို အရာများကို ထွင်းထုပုံဖော်ထားသေးသည်။

'ဒါ… ဒါ… ကျောက်စွာရဲ့ ပုံတူပန်းပုရုပ်ပဲ ဖြစ်ရမယ်'

ကျွန်တော်က ပန်းပုရုပ်ကို စေ့စေ့မကြည့်ရဲသောကြောင့် မျက်နှာလွှဲလိုက်၏။

ထိုအခါကျမှပင် အခန်းထောင့်ရှိ ရေခဲသေတ္တာအိုကြီးကို မြင်လိုက်တော့သည်။

ကျွန်တော်က ရေခဲသေတ္တာကို ဖွင့်ကြည့်လိုက်၏။ အထဲမှာ သိပ်တော့များများစားစား မရှိလှ။ ရေပုလင်းများ၊ အအေးဘူးများနှင့် ကြက်ဥလေးငါးလုံးခန့်ကို တွေ့ရသည်။

အစားအသောက်ထားသည့် အကန့်ကို ဖွင့်ကြည့်လိုက်တော့ အသားသွပ်ထားသည့် ပေါင်မုန့်တစ်ချို့ကို တွေ့လိုက်ရ၏။

'ဟင်… ဒါတွေက ကောင်းကော ကောင်းပါဦးမလား မသိဘူး'

ကျွန်တော်က သံသယဖြင့်တွေးရင်း ပေါင်မုန့်ကို တစ်ကိုက်ကိုက်လိုက်သည်။

အရသာက မဆိုးလှ။

ဗိုက်ထဲသို့ အစားအသောက်ဝင်သွားခါမှပင် ကိုယ်ဘယ်လောက်ဆာလောင်နေမှန်း ကိုယ်ဖာသာကိုယ် စပြီး သတိပြုမိတော့သည်။





ခုနတုန်းကတော့ ဇောကပ်နေသဖြင့် ဆာရလောင်ရမည်ကို မေ့လျော့နေခဲ့ပုံရ၏။

ကျွန်တော်က ဆာဆာဖြင့် အသားအစာသွပ် ပေါင်မုန့်နှစ်လုံးခန့် ကုန်အောင်စားပစ်လိုက်သည်။

'ဟား… အခုမှပဲ နေသာထိုင်သာရှိသွားတော့တယ်'

ရေးအေးအေးကို အဝသောက်လိုက်ပြီးသောအခါ ကျွန်တော် စိတ်လက်ပေါ့ပါးသွား၏။

သည်နောက်… အန်ကယ်ဦးသီဟပြောခဲ့သော အံဆွဲကိုရှာရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင်…

'အား… အား… ငါ… ငါ… ဘာဖြစ်သွားတာလဲ'

ကျွန်တော့်ဝမ်းဗိုက်နှင့် ရင်ညွန့်ဆီမှ စူးခနဲ ပူလောင်နာကျင်သော ဝေဒနာကို ခံစားလိုက်ရသည်။

အူတွေကို ပြတ်တောက်ကြေမွသွားမတတ် ဆုပ်နယ်ခြေမွနေသလိုမျိုး…

'အား… '

နာကျင်စွာအော်ဟစ်ရင်း ကြမ်းပြင်ပေါ်သို့ လဲကျသွားကာ လူးလှိမ့်နေရသည်။ ပူလောင်သောဝေဒနာက ခန္ဓာကိုယ်အနှံ့အပြားသို့ မီးဖြင့် ထိုးနေသလို တစ်ကိုယ်လုံး ပူလောင်မွှန်းကျပ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



'ငါ... ငါ... ဂဏန်းသားတွေ... စားမိပြန်ပြီထင်တယ်'

ဖြစ်နိုင်သည်။

ကျွန်တော် စောစောက စားလိုက်မိသော ပေါင်မုန့်တွေထဲမှာ အစာသွပ်ထားသည်က ဂဏန်းသားတွေ ဖြစ်မည်ထင်၏။

ဂဏန်းသားစားမိတိုင်း ကျွန်တော်ဒီလိုပင် ဓာတ်မတည့်(Allergic) ဖြစ်တတ်သည် မဟုတ်လား။

ကျွန်တော့်လည်ချောင်းထဲမှာ တစ်ဆို့ဆို့ဖြစ်လာသည်ဟု ခံစားရသည်။ သတိလစ်တော့မလိုလို ဖြစ်လာ၏။

အသက်ရှူရသည်မှာလည်း မဝတော့။

ထိုစဉ်မှာပင်...





အခန်းထဲသို့ တစ်စုံတစ်ယောက် ဝင်လာသည်ဟု ကျွန်တော် အလိုလိုသိလိုက်၏။

ဘယ်သူပါလိမ့်...

ကြမ်းပြင်ပေါ်တွင် လူးလှိမ့်နေရာမှ ဝေဒနာကြားက အားတင်းပြီး ကျွန်တော် လှမ်းကြည့်လိုက်သောအခါ...

'ဟင်... '

ချောက်ချား တုန်လှုပ်စိတ်ကြောင့် ကျွန်တော် နှလုံးခုန်ရပ်လုမတတ် ဖြစ်သွားသည်။

'ကျော်... ကျော်စွာပါလား'

ဟုတ်သည်။ အခန်းထဲသို့ ဝင်လာသူက ကျွန်တော့်ကို ချွတ်စွပ်



www.burmeseclassic.com

www.burmeseclassic.com



တူသော ကျော်စွာပင်ဖြစ်၏။

ကျွန်တော်ကြောက်လွန်းသဖြင့် တစ်ကိုယ်လုံး ဆတ်ဆတ်ခါ တုန်ယင်သွားသည်။

'မင်း... မင်း... ငါ့ကို ဘာလုပ်မလို့လဲ'

သူ... ကျွန်တော့်ကို အန္တရာယ်ပေးတော့မည်ဟု ထင်လိုက်မိသည်။

သို့သော် ကျော်စွာက ကြမ်းပြင်ပေါ်တွင် လဲကျနေသည့် ကျွန်တော့်ကို ငဲ့စောင်း၍ပင်မကြည့်ဘဲ သူ့ပုံတူ ပန်းပုရုပ်ရှိရာဆီသို့သာ တည့်တည့်မတ်မတ် သွားနေ၏။

စားပွဲဘေးသို့ ရောက်သောအခါ သူက ပန်းပုရုပ်၏ လက်ယာဘက် မျက်လုံးနေရာကို လှမ်းပြီး လက်ညှိုးဖြင့် ခလုတ်နှိပ်သလို ခပ်ကြာကြာလေး ဖိထားလိုက်ရာ...

'ကျွိ...'

ခနဲ မြည်သံနှင့်အတူ ပန်းပုအောက်ခံ သစ်သားခုံဟုထင်နေရာမှ အံဝှက်ကလေးတစ်ခုက အပြင်သို့ လျှောခနဲ ထွက်လာလေတော့သည်။

'ဟင်... ငါက အောက်ခံသစ်သားတုံးကို ကနုတ်ပန်းတွေ ဖော်ထားတယ်လို့ ထင်နေတာ၊ လက်စသတ်တော့ အဲဒါက မျက်နှာပြင်နဲ့ တစ်သားတည်းကျအောင် လုပ်ထားတဲ့ အံဆွဲကြီး'





ကျွန်တော်က ကျော်စွာ လုပ်ကိုင်နေသမျှကို ငေးကြည့်နေရာမှ စိတ်ထဲက ရေရွတ်လိုက်မိ၏။

ကျော်စွာက အံဆွဲထဲမှာ ထည့်ထားသမျှ ပစ္စည်းတွေကို နှိုက်ယူနေသည်။ ဒိုင်ယာရီစာအုပ်လိုဟာမျိုးလည်း ပါသည်။ အင်းကွက်လိုလို လက်ဖွဲ့လိုလို အရာတွေလည်း ပါသည်။ တခြားလောကီအစီအရင်လို ပစ္စည်းတွေလည်း ပါသည်။

'ဟေ့ကောင်... ကျော်စွာ၊ မင်း... မင်း... အဲဒါတွေကို ဘာလုပ်မလို့လဲ'

ကျွန်တော်၏ အော်ဟစ်တားဆီးသံကို ကျော်စွာက ကြားပင်မကြားသည့်အလား လုံးဝဂရုမစိုက်ဘဲ အံဆွဲထဲမှ ပစ္စည်းအားလုံးကို ထုတ်ယူပြီး စောစောက ကျွန်တော်ဖိုထားသည့် ရေနံဆီမီးဖိုမှ မီးတောက်ထဲသို့ တစ်ခုပြီး တစ်ခု ပစ်ထည့်လိုက်လေတော့သည်။

'ဟေ့ကောင်... မလုပ်နဲ့... မလုပ်နဲ့'

ကျွန်တော့် တားမြစ်သံက နောက်ကျသွားလေပြီ၊ အလွန်းဟောင်းနွမ်း ဆွေးမြည့်နေသော ပစ္စည်းများဖြစ်သောကြောင့် တဟုန်းဟုန်းတောက်လောင်နေသည့် မီးတောက် မီးလျှံများက အလွယ်တကူ လျှင်မြန်စွာ ဝါးမျိုသွားကြသည်။

'ဟာ... သွားပါပြီကွာ'



www.burmeseclassic.com

www.burmeseclassic.com



ပြာမှုန်အစအနတွေ ဖြစ်သွားသည့် အရာအားလုံးကို နှမြောတသစွာဖြင့် ငေးကြည့်နေရုံမှတစ်ပါး ကျွန်တော် ဘာမှမတတ်နိုင်တော့ပါချေ။

ထိုစဉ်...

'ကျွီ... '

အခန်းတံခါးကို တွန်းဖွင့်လိုက်သံနှင့်အတူ အခန်းထဲသို့ လှမ်းဝင်လာသော မေမေ့ကို တွေ့လိုက်ရသည်။

မေမေရောက်လာသောကြောင့် ကျွန်တော် စိတ်အားတက်လာသလို ခံစားလိုက်ရ၏။

သို့သော်... ကျွန်တော့်ကိုကြည့်ပြီး မေးလိုက်သည့် မေမေ့ စကားသံကြောင့် ကျွန်တော် အံ့အားအသင့်ကြီး သင့်သွားရ၏။

'ဟဲ့... သား၊ ဘာတွေကို မီးရှို့နေတာလဲ'

●





မေမေ့စကားကြောင့် ကျွန်တော် အိပ်ပျော်နေရာမှ ဆတ်ခနဲ လန့်နိုးလာသလို ခံစားလိုက်ရသည်။

ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်၏။ ကျွန်တော်ကလွဲပြီး မည်သူမှလည်း ရှိမနေပါ။

ကျွန်တော်ကိုယ်တိုင်ကလည်း အစာဆိပ်သင့်ပြီး ကြမ်းပြင်ပေါ်တွင် လဲနေခြင်းမဟုတ်ပါ။

အံဆွဲထဲမှ ပစ္စည်းများကို မီးရှို့နေသူမှာ ကျွန်တော်ကိုယ်တိုင်ပင် ဖြစ်ပါသည်။

●



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဘယ်လို ဖြစ်ခဲ့ပျက်ခဲ့သည်ကို ကျွန်တော်ကိုယ်တိုင် နား မလည်နိုင်တော့။

အစားအစာနှင့် Allergic ဖြစ်ကာ သတိလစ်သလိုလို ဖြစ်သွား ပြီးသည့်နောက် ကျွန်တော့်ကိုယ် ကျွန်တော် 'ကျော်စွာ' နေရာက စီး မျှောလှုပ်ရှားခဲ့သည်လား။

ဒါမှမဟုတ်၊ ကျွန်တော်သည် စိတ်ပညာရှင်များ ပြောကြသလို 'လူတစ်ကိုယ်ထဲ ဘဝနှစ်မျိုး ခံစားနေရသော Split Personality' ဖြစ်နေသည်လား။

သည်လိုမှ မဟုတ်လျှင်လည်း ကွယ်လွန်သွားခဲ့ပြီဖြစ်သော ကျော်





စွာ၏ ဝိညာဉ်ကပဲ ကျွန်တော် သတိလစ်သွားသည့်အချိန်တွင် ပူးဝင်လုပ် ဆောင်ခဲ့သည်လား။

အတွေးများဖြင့် ကျွန်တော်တစ်ယောက်တည်း ရှုပ်ထွေးနေခိုက် တွင် မေမေကတော့ တဖျစ်တောက်တောက်နှင့်...

'အောင်မလေးသားရယ်၊ မေမေတို့နဲ့ ဆေးရုံကနေ အတူတူပြန်ပါ ဆိုတာကို မစောင့်နိုင်ဘူး၊ ဒီကြားထဲ ကားကိုလည်း ယူသွားသေးတယ်၊ တော်သေးတာပေါ့ မေမေတို့ပြန်ဖို့ခက်နေတုန်း ရှင်နှောင်းရောက်လာပြီး သူ့ကားနဲ့ အိမ်ကို ပြန်လိုက်ပို့ပေးလို့၊ ဒါနဲ့ နေစမ်းပါဦး သားရဲ့ ဦးလေး က အရေးတကြီး မီးရှို့ဖျက်ဆီးခိုင်းတဲ့ဟာတွေက ဘာတွေများမို့လို့လဲ'

မေမေ၏ မေးခွန်းကြောင့် ကျွန်တော် ကြောင်စီစီနိုင်သော မျက် ဝန်းများဖြင့်သာ တွေတွေကြီး ပြန်ငေးစိုက်ကြည့်နေမိ၏။

ပြီးတော့မှ ...

ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းပြလိုက်မိလေသည်။

ကျွန်တော် ဘာမှသိခွင့်မရလိုက်သော အရာများပင် မဟုတ်လား။

■

www.burmeseclassic.com



(နိဂုံး)

အန်ကယ်ဦးသီဟ၏ အုတ်ဂူပေါ်သို့ မေမေနှင့် ညီမလေးနန္ဒာတို့က နှင်းဆီပန်းစည်းလေးများ တင်ပေးလိုက်ကြသည်။

ကျွန်တော်ကတော့...

ငြိမ်သက်စွာ လဲလျောင်းနိုးနားနေပြီဖြစ်သော ပဟေဠိဆန်လွန်းသည့် ဦးလေးဖြစ်သူ၏ အကြောင်းကို အာရုံညွှတ်ကာ အတွေးတွေလွင့်မျောနေမိ၏။

ဒီမြို့ကလေးကို ကျွန်တော်ရောက်လာကတည်းက ကြုံခဲ့ရသမျှ အဖြစ်အပျက်တွေအားလုံးသည်...

ကျွန်တော်ကိုယ်တိုင် သိစိတ်နှင့် 'ကျော်ကျော်ဆွေ' ဘဝတွင်နေထိုင်ရင်း...

တစ်ချို့ကိစ္စများကို မသိစိတ်ကဦးဆောင်ရာမှ 'ကျော်စွာ' အဖြစ်နှင့် (ကိုယ်တိုင်မသိလိုက်ဘဲ) လုပ်ခဲ့မိလေသလား။





နောက်ပြီး... ကျွန်တော်ကိုယ်တိုင် လုံးဝမသိခဲ့သော အံဆွဲရှိရာနေရာကို ဘယ်လိုလုပ်ပြီးတော့များ အတိအကျ သိရှိရှာဖွေနိုင်ခဲ့သလဲဆိုသည်ကို...

အန်ကယ်ဦးသီဟက ဖြစ်စေ၊ ကျော်စွာကိုယ်တိုင်က ဖြစ်စေ၊ တစ်ယောက်ယောက်ကတော့ ကျွန်တော့်ကို ရှင်းပြခဲ့ဖို့ကောင်းသည်ဟု ကျွန်တော် တွေးနေမိလေသည်။

သတိုးဘော●



www.burmeseclassic.com